၁။ မိတ်ဆက် စာမျက်နှာ (၂)

ကျွန်ုပ်တို့ အဘယ့်ကြောင့် ယောက်ျားမိန်းမအကြောင်း ပြောနေသနည်း။
ယေက်ျားမိန်းမ တရားသေသတ်မှတ်ခြင်းများ
လိင်နှင့်ယောက်ျားမိန်းမ
ရုပ်ပိုင်းဆိုင်ရာ ကွာခြားချက်များ
ယောက်ျားမိန်းမ တရားမျှတမှုမရှိခြင်း

၂။ အလုပ်ခွင်နှင့် ယောက်ျားမိန်းမ (Gender) စာမျက်နှာ (၈)

ယောက်ျားမိန်းမ တို့၏အလုပ်
အမျိုးသမီးများ၏ အလုပ်ကိုကြည့်ရှုခြင်း
တာဝန်ဝတ္တရား ၊ CEDAW

၃။ ယောက်ျားမိန်းမ၊ မိသားစုနှင့် လူ့A သိုင်းA ဝိုင်း စာမျက်နှာ (၂၂)

Gender A ခန်းကဏ္ဍ
ဆိုရှယ်လစ်ဇင်နှင့် A င်တာနယ်လစ်ဇင်
မျိုးရိုးစဉ်ဆက် Gender
ယောက်ျားမိန်းမနှင့် မိသားစု

၄။ ယောက်ျားမိန်းမကို A ခြေခံ၍ဖြစ်ပေါ်လာသော A ကြမ်းဖက်မှု စာမျက်နှာ (၃၃)

Aိမ်တွင်းA ကြမ်းဖက်မှု
A ဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း
လူကုန်ကူးခြင်း

၅။ ယောက်ျားမိန်းမနှင့် ဘာသာတရား စာမျက်နှာ (၃၉)

မြန်မာနိုင်ငံရှိ ဘာသာရေး ။ ဗုဒ္ဓဘာသာ
ဘာသာရေးနှင့် လူမှုရေးစည်းမျဉ်းစည်းကမ်းများ
မြန်မာနိုင်ငံရှိ A ခြားဘာသာရေးများ

၆။ ယောက်ျားမိန်းမနှင့် နိုင်ငံရေး စာမျက်နှာ (၄၅)

နိုင်ငံရေးဆိုသည်မှာ A ဘယ်နည်း
ဒေသတွင်းစဉ်းစားခြင်း
A မျိုးသမီးများမပါဝင်ဘဲ ဆုံးဖြတ်ချက်ချခြင်း
နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှု

၇။ ယောက်ျားမိန်းမနှင့် ပညာရေး စာမျက်နှာ (၅၄)

ကလေးများA ၁း လူတောတိုးစေခြင်း

# ၁။ မိတ်ဆက်

**သော့ချက်စကားလုံးများ**

ဝိသေသလက္ခဏာ (characteristic)၊ ယောကျ်ားမိန်းမ (gender)၊ ယောကျ်ားမိန်းမတွင်ရှိသော စွမ်းအင် ကွာခြားချက် (gender injustice)၊ တရားမျှတမှုမရှိခြင်း (injustice)၊ ဘာသာရေးခွဲခြားခြင်း (racism)၊ လိင် (sex)၊ တရားသေသတ်မှတ်ခြင်း (stereotype)

## ကျွန်ုပ်တို့ အဘယ့်ကြောင့် ယောကျ်ားမိန်းမအကြောင်း ပြောနေသနည်း။



ဤသင်ခန်းစာတွင်ကျွန်ုပ်တို့ယောကျ်ားနှင့်မိန်းမကြား ကွဲပြားခြားနားချက်များကိုဆွေးနွေးသွားမည်ဖြစ်သည် ။ လူတိုင်းယောကျ်ားနှင့်မိန်းမများစွာကွာခြား သည်ကို သိပြီးသား ဖြစ်သည်။ အဘယ့်ကြောင့် ထိုသို့ကွာခြား ချက်များ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်ကြည့်ကြ ပါစို့။ ယောကျ်ားမိန်းမများ မွေးဖွားစဉ်အခါကတည်းက ကွဲပြားနေကြပါသလား။ သို့မဟုတ် အမျိုးသားနှင့် အမျိုးသမီး၊ ယောကျ်ားလေးနှင့် မိန်းကလေး ဟူ၍ ကွဲပြားစွာ ပြုမူရန် သင်ကြားခြင်း ခံခဲ့ရသောကြောင် ကွဲပြားနေကြခြင်းလား။



အဘယ့်ကြောင့် ဤအချက် အရေးပါသနည်း။ လူ့အသိုင်းအဝိုင်း အများစုတွင် ယောကျ်ားနှင့် မိန်းမသည် ကွဲပြားစွာ ပြုမူရုံတင်မက တစ်ပါးသူများ၏ ကွဲပြားစွာ ဆက်ဆံခြင်းကိုလည်း ခံကြရသည်။ ဤသို့ ခွဲခြားဆက်ဆံနေခြင်းသည် တရားမျှတမှု ရှိမရှိ ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို ပြန်လည်မေးခွန်းထုတ်ကြည့်ရန် လိုအပ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကမ္ဘာပေါ်တွင် တရားမျှတမှု ရှိရန် လိုအပ်သည် မှန်သော်ငြားလည်း ကျွန်ုပ်တို့ အသိုင်းအဝိုင်းထဲတွင် တရားမျှတမှု ရှိရန် လိုအပ်ပေသည်။ အမျိုးသမီးများတွင် အိမ်အလုပ် လုပ်ရမည့် တာဝန်ရှိသည်ဆိုသည်မှာ အမှန်ပါပဲလား။ ယောကျ်ားများသာ စစ်သားလုပ်ရမည်ဆိုသော အဆို ကော မှန်ပါသလား။ ယောကျ်ားနှင့် မိန်းမကြား ကွဲပြားချက်များ၏ အားသာချက်၊အားနည်းချက်များအကြောင်း ကျွန်ုပ်တို့ ဆွေးနွေးကြမည် ဖြစ်သည်။ ယောကျ်ားနှင့် မိန်းမ တန်းတူအခွင့်အရေး ရစေရန် ကျွန်ုပ်တို့ အပြောင်းအလဲများ လုပ်သင့် မလုပ်သင့်ကိုလည်း ဆုံးဖြတ်ကြရမည် ဖြစ် သည်။

### တရားသေသတ်မှတ်ခြင်း

တရားသေသတ်မှတ်ခြင်း **(stereotype)** ဆိုသည်မှာ လူအုပ်စုတစ်ခု မည်သို့မည် ပုံ လုပ်ဆောင်သည်ဟု ကျွန်ုပ်တို့ ယေဘုယျ ထင်မြင်ချက်ပင် ဖြစ်သည်။ တရားသေသတ်မှတ်ခြင်းမှာ အကောင်းဖြစ်နိုင်သလို အဆိုးလည်း ဖြစ်နိုင်သည်။ တရားသေသတ်မှတ်ခြင်းများသည် အမြဲတစေ မမှန် ကန်နိုင်ပေ။ သို့သော် လူအများအပြားမှာ တရားသေသတ်မှတ်ခြင်းကို အမြဲမှန်သည်ဟု ယုံကြည်ကြသည်။ ဥပမာတစ်ခုမှာ 'အမျိုးသမီးများသည် ဟင်းချက်တော်ကြသည်။' သင့်အသိအမျိုးသမီးများထဲတွင် ဟင်းချက်မကောင်းသူများ ရှိကောင်း ရှိနိုင်သည်။ ထို့ကြောင့် အမျိုးသမီးအားလုံး ထမင်းချက်တော်သည် ဆိုသော် ပြောဆိုချက်မှာ တရားသေသတ်မှတ်ခြင်းတစ်ခုပင် ဖြစ်သည်။ အခြားဥပမာတစ်ခုမှာ 'အာဖရိကလူမျိုးများသည် လူပျင်းများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့သည် ဂီတအရာတွင် တော်ကြသည်။' ဤသည်မှာလည်း တရားသေသတ်မှတ်ခြင်းပင် ဖြစ်သည်။ ထုံးတမ်း''လေ့၊ လူမျိုးရေး၊ မျိုးနွယ်စု စသည်များအပေါ် ထားရှိသော အဆိုးမြင်တရားသေ သတ်မှတ်ခြင်းများကို လူမျိုးရေးခွဲခြားသည်ဟု ခေါ် သည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အောက်ပါ အဆိုများကို ကြည့်ပါ။ ၎င်းတို့သည် တရားသေသတ်မှတ်ခြင်းများ ဖြစ်ကြပါသလား။

၁။ ယောက်ျားလေးများ ဘောလုံးကစားရာ၌ တော်ကြသည်။

၂။ ဗုဒ္ဓဘာသာဝင်များသည် နူးညံ့သိမ်မွေ့ကာ ငြိမ်းချမ်းသူများ ဖြစ်ကြသည်။

၃။ အမေရိကန်များ၏ အသားအရေမှာ ဖြူသည်။

၄။ ကျွန်ုပ်၏ အစ်မများသည် ဘောလုံးကစားရာ၌ တော်ကြသည်။

၅။ တရုတ်အစိုးရသည် ဒီမိုကရက်တစ် မဆန်ပါ။

၆။ မွတ်စလင်များတွင် ညိုမောင်းသော အသားအရေ ရှိသည်။

၇။ အင်္ဂလိပ်လူမျိုးများသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။

၈။ လက်သိုရှာသားများကို ယုံစား၍ မရပါ။

၉။ အနောက်တိုင်းသားများသည် ပူစပ်သောအစားအစာများကို မကြိုက်ကြပါ။

၁၀။ ဒေါ်တင်ကြည်၏ ညီမသည် ရိုးသားမှု မရှိပါ။




အဆိုနံပါတ်၃ကိုကြည့်ပါ။၎င်းသည်တရားသေသတ်မှတ်ခြင်းကေန် ဖြစ်သည်။အမေရိကန်အများအပြား၏အသားအရေမှာဖြူသော်လည်း ကျန်အမေရိကန်အများအပြား၏အသားအရေမှာမဖြူပါ။ 'အမေ ရိကန်လူမျိုးများ၏အသားအရေမှာဖြူသည်'ဟုကျွန်ုပ်တို့ပြောဆိုနေစဉ် အသားမည်းသောအမေရိကန်အားလုံးကိုကျွန်ုပ် တို့ မေ့ထားကြသည်။ လူများအကြောင်း ပြောဆိုရာတွင် တရား သေသတ်မှတ်ခြင်းများ သုံးပါက တရားမျှတမှုမရှိပါ။အဆိုတစ်ခုကို'အမျိုးသမီးများအားလုံး'သို့ မဟုတ်'အမျိုးသား များအား လုံး'ဟု မစဘဲကျွန်ုပ်သိသောအမျိုးသမီး အချို့သည်ကျွန်ုပ်အမြင်တွင် အမျိုးသားအချို့သည်တရုတ်လူမျိုးအများအပြားသည် ဟု စနိုင်သည်။

သင် ထိုကဲ့သို့ ပြောဆိုလျှင် သင်သည် ယောက်ျားမိန်းမအားလုံး မည်သို့ မည်ပုံ ပြုမူနေသည်ကို သိသောသူ မဟုတ်ဘဲ သင့်အတွေ့အကြုံများကိုသာ ပြောပြနေသည်ကို လူတိုင်း နားလည်မည်ဖြစ်သည်။

## လေ့ကျင့်ခန်း

စာမျက်နှာ ၂ မှ အဆိုများကို ပြန်ကြည့်ပါ။ အကယ်၍ ထိုအဆိုများ တရားသေသတ်မှတ်ခြင်းများ ဖြစ်နေမည်ဆိုလျှင် ၄င်းတို့ကို တရားနည်းလမ်းကျစွာ ပြန်ပြင်ရေးပါ။

## အကြောင်းအရာလေ့လာခြင်း

"ကျွန်ုပ်သည် မြန်မာနိုင်ငံရှိ အတန်းတစ်တန်းကို စာသင်လျက် ရှိသည်။ ငယ်ရွယ်သောကျောင်းသူတစ်ဦးသည်၄င်း၏အစ်မရှိရာစင်ကာပူသို့သွားအလုပ်လုပ်ရန် စီစဉ်သည်။သူမအစ်မမှာစားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသည်။ ထိုကျောင်းသူက စင်ကာပူသို့သွားရန်အလွန်အမင်းစိတ် ပူပန်လျက် ရှိသည်။ 'ဟိုကလူတွေအားလုံး မြန်မာလူမျိုးကို အထင်သေးကြတယ်လို့ ကျွန်မအစ်မပြောတယ်။ သူတို့က မြန်မာတွေ ညစ်ပတ်ပြီး မရိုးသားဘူးလို့ ထင်ကြတယ်။ သူတို့က ခင်မင်စရာလည်းမကောင်းဘူး။ မြန်မာလူမျိုးတွေအပေါ်လည်း ကောင်းကောင်း မဆက်ဆံဘူး' သူမက ထိုယူဆချက်အပေါ် ကျွန်ုပ်၏ သဘောထားကို မေးသည်။ ကျွန်ုပ်လည်း စင်ကာပူသို့ တစ်ခါမျှ မရောက်ဖူးသောကြောင့် သူမအမေးကို မည်သို့ ပြန်ဖြေရမည် မသိပါ။"

**သြစတြေးလျှမှ ဆရာတစ်ဦး**

**၁။** ဤဇာတ်လမ်းတွင် တရားသေသတ်မှတ်ခြင်း ဥပမာနှစ်ခု ပါဝင်သည်။ ထိုဥပမာများမှာ အဘယ်နည်း။
**၂။** သင်သည် ဆရာတစ်ယောက်ဖြစ်ပါက ထိုကျောင်းသူ၏ အမေးကို မည်သို့ ပြန်ဖြေမည်နည်း။

"ကျွန်ုပ်ပြန်ဖြေလိုက်သည်မှာစင်ကာပူတွင်မြန်မာများအပေါ်တရားသေသတ်မှတ်ကာအဆိုးမြင်သူအချို့ရှိကောင်းရှိမည်။သူမ၏အစ်မမှာလည်းထိုသူများနှင့်ကြုံတွေ့ခဲ့ခြင်းဖြစ်နိုင်သည်။အခြားကြင်နာတတ်သော၊ ခင်မင်ဖော်ရွေသော စင်ကာပူများလည်း အမြောက်အမြား ရှိနိုင်သည်။ သူမအစ်မ အလုပ်အတူတူ တွဲလုပ်သူများက မြန်မာများအပေါ် ဆိုးရွားစွာ ဆက်ဆံခြင်း ဖြစ်နိုင်သည်။ သူနှင့် သူမအစ်မပို၍ကောင်းသော စင်ကာပူလူမျိုးများနှင့် တွေ့ကြုံလာလိမ့်မည် ကျွန်ုပ်မျှော်လင့်သည်။"

## ဆွေးနွေးချက်

ဆရာ၏ အဖြေမှာ အထောက်အကူ ဖြစ်ပါသလား။



**စင်ကာပူအမျိုးသမီးများ ထောင်သောအမျိုးသမီးခိုလှုံရာရှိ ရွှေ့ပြောင်းအလုပ်သမားများ**

## ယောကျ်ားမိန်းမ တရားသေသတ်မှတ်ခြင်းများ

### အခန်းတွင်းလေ့ကျင့်ခန်း

**၁။** ယောကျ်ား၊မိန်းမနှင့် ပတ်သက်သည့် ပြောဆိုချက် အမြောက်အမြားကို ဆရာကဖတ်ပြလိမ့်မည်။သေချာစွာ နားထောင်ပါ။ အဆိုပြုချက်တစ်ခုစီကို သင် မည်မျှ ထောက်ခံသည်ကို ဆုံးဖြတ်ပါ။

**၂။** အခန်း၏ အစွန်းတစ်ဖက် '၁၀၀ ရာခိုင်နှုန်း သဘောတူ' ဖြစ်ပြီး ကျန်အစွန်းတစ်ဖက်မှာ '၀ရာခိုင်နှုန်း သဘောတူ' ဖြစ်သည်။ အဆိုပြုချက်ကို သင်ထောက်ခံသည့် အတိုင်းအတာပေါ်မူတည်၍ သက်ဆိုင်ရာ အခန်း၏ ဧရိယာတွင် မတ်တပ်ရပ်ရမည် ဖြစ်သည်။ များသောအားဖြင့် သင်သည် အပြည့်အ၀ထောက်ခံခြင်း၊ သို့မဟုတ် အပြည့်အ၀ ကန့်ကွက်ခြင်း မဟုတ်သည့်အတွက် အလယ်တစ်နေရာတွင် ရပ်ရမည်ဖြစ်သည်။ ဥပမာ သင်သည် အချိန်အများစုတွင် ထောက်ခံသည် သို့သော် အမြဲတမ်းမထောက်ခံဆိုလျှင် ၇၅ ရာခိုင်နှုန်း အမှတ်အသား ရှိနိုင်လောက်သည့် နေရာတွင် မတ်တပ်ရပ်ရမည် ဖြစ်သည်။

**၃။** သင် အဘယ့်ကြောင့် ထိုနေရာတွင် ရပ်ရသနည်းကို ဆရာက မေးမြန်းလိမ့်မည်။ သင်သည် အခြားကျောင်းသားများနှင့်တစ်နေရာထဲတွင်ရပ်နေကောင်းရပ်နေလိမ့်မည်။သို့သော်အဆိုကို ထောက်ခံရခြင်း၊ ကန့်ကွက်ရခြင်း အကြောင်းရင်းမှာအခြားသူများနှင့်တူချင်မှတူလိမ့်မည်။အခြားကျောင်းသားများပြောဆိုချက်ကို နားထောင်ကြည့်ပါ။ အဆိုအပေါ် သင့်သဘောထား ပြောင်းလဲခဲ့မည်ဆိုလျှင် သင် အခြားတစ်နေရာသို့ ရွှေ့ပြောင်းရပ်နိုင်သည်။ ဆရာက သင်ပုန်းပေါ်တွင် ကျောင်းသားများ သုံးရမည့်ယောကျ်ားမိန်းမနှင့်ပတ်သက်သည့် စကားလုံးများကို ရေးချထားပေးမည်။

**၄။** ဆရာက အဆိုအားလုံးကို ဖတ်ပြပြီးသောအခါ နေရာတွင် ပြန်ထိုင်ပြီး သင်ပုန်းပေါ်ရှိ စကားလုံးများကို ပြန်လည်ကူးယူပါ။

| **အမျိုးသမီး** | **အမျိုးသား** |
|---|---|
| | |

ထိုစကားလုံးများနှင့် ပတ်သက်၍ဆွေးနွေးပါ။ယောကျ်ားရောမိန်းမအတွက်ပါမှန်နိုင်သည့်ဝိသေသလက္ခဏာရပ်များကို စက်ဝိုင်းဝိုင်းထားပါ။

### လိင်နှင့် ယောကျ်ားမိန်းမ

ယောကျ်ား၊ မိန်းမ ကွဲပြားခြင်းကို နှစ်မျိုးခေါ်ဆိုနိုင်သည်။ Sex နှင့် Gender ဖြစ်သည်။

Sexဆိုသည်မှာယောကျ်ားနှင့်မိန်းမဇီ၀နည်းကျကွဲပြားခြင်းကိုခေါ်သည်။မွေးဖွားစဉ်ကတည်းက ယောကျ်ား၊ မိန်းမ ဟူ၍ ကွဲပြားနေခြင်းကို ဆိုလိုသည်။

Genderဆိုသည်မှာဇီ၀လိင်ကွဲပြားခြင်းအပေါ်မူတည်၍လူများမည်သို့ပြုမူရမည်ကိုကျွန်ုပ်တို့ တွေးထင်သတ်မှတ်ထားခြင်း ဖြစ်သည်။

## စဉ်းစားနိုင်ခြင်း

Sex ဥပမာအချို့ကို ဖော်ပြပြါ။ Gender ဥပမာ အချို့မှာ အဘယ်နည်း။

| Sex | Gender |
|---|---|
| **အမျိုးသမီးများ ကလေးမွေးနိုင်သည်။** | **ယောက်ျားများသည် ရုပ်ပိုင်း ပို၍သန်မာကြသည်။** |

## အတန်းတွင်းလေ့ကျင့်ခန်း

ဆရာက ကျောင်းသားအချို့ကို စက္ကူစများ ပေးလိမ့်မည်။ ထိုကျောင်းသားများက ၎င်းတို့ ရထားသော စက္ကူပေါ်ရှိ အဆိုများကို တစ်ယောက်ချင်းစီ ဖတ်ပြကြမည်။ အဆိုတစ်ခုစီကို သေချာစွာ နားထောင်ပါ။ ထို အဆို မှန် မမှန်ကို Gender နှင့် Sex ပေါ်မူတည်၍ ဆုံးဖြတ်ပါ။

*ထိုအဆိုမှာ **Gender** ကြောင့် ဖြစ်ရသည်ဟု ထင်လျှင် မတ်တပ်ရပ်ပါ။*

*ထိုအဆိုသည် **Sex** ကြောင့် ပေါ်ပေါက်လာရသည်ဟု ထင်လျှင် မတ်တပ် မရပ်ပါနှင့်။*

### ရုပ်ပိုင်းဆိုင်ရာ ကွာခြားချက်များ

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

**၁။** အဖွဲ့လိုက် လေ့ကျင့်ပါ။ အချို့အဖွဲ့က အမျိုးသမီးပုံ ဆွဲပြီး အချို့အဖွဲ့က အမျိုးသားပုံ ဆွဲမည်။ အလှည့်ကျ ဆွဲပါ။ တစ်ခါတွင် ကျောင်းသားတစ်ယောက်သာ ပုံဆွဲရမည်။ ကျောင်းသားတစ်ယောက်ဆီမှာ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု သို့မဟုတ် အဝတ်အစားအစိတ်အပိုင်း တစ်ခုကိုသာ ဆွဲရမည်။ လေ့ကျင့်နေစဉ်အတောအတွင်း အဖွဲ့အတွင်းမှ အဖော်များကို ဖြစ်စေ၊ အခြားအဖွဲ့မှ ကျောင်းသားများကိုဖြစ်စေ စကားမပြောရပါ။

**၂။** အားလုံးပြီးသွားသောအခါ မိမိတို့ဆွဲသော ပုံနှင့် ဆန့်ကျင်ဘက်လိင်ကို ဆွဲသော အဖွဲ့နှင့် ယှဉ်တွဲလေ့လာပါ။ ဆွဲထားသောပုံများကို သေချာစွာ နှိုင်းယှဉ်ကြည့်ပါ။ ပုံများကြား ကွာဟချက်များကို စာရင်းပြုစုပါ။

**၃။** ထိုကွဲပြားချက်များသည် ဇီဝနည်းအရ ကွဲပြားခြင်းလော။ သို့မဟုတ် Gender အရ ကွဲပြားခြင်းလော။

## လေ့ကျင့်ခန်းများ

မေးခွန်းတစ်ခုစီအတွက် အဖြေတိုများ ရေးပါ။

**၁။** အမျိုးသမီးတစ်ဦး ဆံပင်တိုညှပ်ကာ ယောက်ျားဝတ်စုံ ဝတ်ထားလျှင် သူမသည် အမျိုးသမီးတစ်ဦး ဖြစ်နေဆဲလား။

**၂။** လူတစ်ဦးသည် ၎င်း၏ Gender ကို ပြောင်းလဲ၍ ရသည်ဟု သင်ထင်ပါသလား။

**၃။** လူတစ်ဦးသည် ၎င်း၏ Sex ကို ပြောင်းလဲ၍ ရပါသလား။

**၄။** လူတစ်ဦး၏ Sex က ထိုလူ၏ Gender ကို အဆုံးအဖြတ် ပေးပါသလား။ လူတစ်ဦး၏ Gender ကို မည်သည် သို့မဟုတ် မည်သူက အဆုံးအဖြတ် ပေးသနည်း။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အင်္ဂလန်မှ ကာတွန်းကို ကြည့်ပါ။ မည်သည့်အချက်များကို ထည့်သွင်းထားသနည်း။
သင့်အသိုင်းအဝိုင်းတွင် အခြေအနေများ တူညီသလား၊ ကွဲပြားပါသလား။




### ယောကျ်ားမိန်းမ တရားမျှတမှု မရှိခြင်း

## ဆွေးနွေးချက်

အောက်ပါ စာပိုဒ်ကိုဖတ်၍ ယောကျ်ားမိန်းမ တရားမျှတမှု မရှိခြင်း၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။

ယောကျ်ားမိန်းမ တရားမျှတမှု မရှိခြင်း ဆိုသည်မှာ ယောကျ်ားနှင့် မိန်းမတို့၏ တန်ခိုးစွမ်းအား ညီမျှမှု မရှိခြင်းကို ဆိုလိုသည်။ စွမ်းအားအမျိုးအစား များစွာ ရှိသည်ကို သိထားရမည် ဖြစ်သည်။ ယောကျ်ားများ မိန်မများထက် ကာယပိုင်းဆိုင်ရာ ပိုမိုသန်စွမ်းသည်ဟု ဆိုရာ၌ ယောကျ်ားများ မိန်းမထက် စွမ်းအားပိုကြီးသည်ဟူသည့် အဓိပ္ပာယ်ဖြစ်သည့်အားလျော်စွာ အခြား နိုင်ငံရေး၊ စီးပွားရေး စွမ်းအင်များကိုပါ ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။

သင့်အသိုင်းအဝိုင်းတွင် ယောကျ်ားမိန်းမ တရားမျှတမှု မရှိခြင်း ရှိနေသည်ဟု သင်ထင်ပါသလား။ သင့်အတန်းတွင်းနှင့် သင့်မိသားစုတွင်ကော ရှိပါသလား။

### သင်ခန်းစာ ပြန်လည်လေ့လာခြင်း

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** တရားသေသတ်မှတ်ခြင်းကို သင့်ဘာသာစကားဖြင့် အဓိပ္ပာယ် ဖွင့်ဆိုပါ။

**၂။** သင် တရားသေသတ်မှတ်ခြင်းကို အသုံးပြုခဲ့ဖူးသော ဥပမာ သို့မဟုတ် သင်ကြားဖူးသော တရားသေသတ်မှတ်ခြင်းကို ဥပမာများဖြင့် ဖော်ပြပါ။

**၃။** Sex နှင့် Gender ကို သင့်ဘာသာစကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါ။

## ၂။ အလုပ်ခွင်နှင့် ယောက်ျားမိန်းမ (Gender)

| |
|---|
| တန်ဖိုးမထားမလေးစား (undervalued)၊ဝန်ထမ်းအလုပ် (formal sector)၊ အကျိုးရလဒ်သို့ လုံခြုံရေး တိတိကျကျ သတ်မှတ်ထားခြင်း မရှိသော အလုပ် (informal sector)၊ ကိုယ်လုပ်သည့် အလုပ် အနည်းအများပေါ် မူတည်၍ ပိုက်ဆံရသော အလုပ် (piece rate work)၊ ဥပဒေစည်းမျဉ်းစည်းကမ်း မရှိသော (unregulated)၊ နေ့စားခ (fixed wages)၊ လေယာဉ်နှင့်ဆိုင်သော (aviation) သင်တန်းပြီးမြောက်ကြောင်း လက်မှတ် (qualification)၊ အိမ်ထောင်ဦးစီး (breadwinnder)၊ အလုပ်သမား အစည်းအရုံး (trade union) |

### ယောက်ျား၊ မိန်းမတို့၏ အလုပ်


**စဉ်းစားခိုင်းခြင်း**

သင့်အသိုင်းအဝိုင်းတွင် အမျိုးသမီးများ လုပ်လေ့ရှိသော အလုပ်တာဝန် အမျိုးအစားများကို စဉ်းစားရေးချကြည့်ပါ။ ထို့နောက် အမျိုးသားများ လုပ်လေ့ရှိသော အလုပ်များကို စာရင်းပြုစုပါ။ ပိုက်ဆံမရသည့် ကလေးထိန်းခြင်း၊ အိမ်အလုပ် စသည်တို့ကိုပါ ထည့်သွင်းရန် မမေ့ပါနှင့်။


**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

တစ်နေ့တာ သင့်အမေနှင့်အဖေ လုပ်သော အလုပ်များအကြောင်း စဉ်းစားပါ။ စက္ကူအကြီးကြီးပေါ်တွင် နာရီလေးလုံးပုံ ဆွဲပါ။ နာရီပေါ်နှင့် ဘေးတဝိုက် စာများ ရေးချနိုင်အောင် နေရာစီစဉ်ထားပါ။

သင့်အမေတစ်နေ့တာနာရီအလိုက်လုပ်သော အလုပ်များကိုနာရီ နှစ်လုံးပေါ်တွင် ဖြည့်စွက်ရေးပါ။ သူ မလုပ်သောအိမ်အလုပ်များ သာမက ဝင်ငွေရသော အလုပ်များကိုပါ ထည့်သွင်းဖြည့်စွက်ရန် မမေ့ပါ နှင့်။ အပန်းဖြေ အနားယူသော အချိန်များကိုလည်း ဖြည့် ထည့်ပါ။



ကျန်နာရီနှစ်လုံးတွင်သင့်အဖေ၏တစ်နေ့တာကို ခုနက နည်းအတိုင်းဖြည့်စွက်ပါ။အတန်းထဲလူအားလုံးစုံချိန်မိဘများ၏ လုပ်ငန်းစဉ်များအကြောင်းပြောဆိုကြပါ။အမျိုးသားနှင့်အမျိုးသ မီးတို့၏ နာရီများကြား တူညီချက်၊ ကွားခြားချက်များအကြောင်း ထည့် သွင်း စဉ်းစားပါ။မည်သူ ကအိမ်တွင်အချိန်ပိုကုန်သနည်း။ အိမ်ပြင်ပတွင် မည်သူက အလုပ်ပိုလုပ်သနည်း။ ကလေးနှင့် မိသားစုအပေါ် မည်သူက အချိန်ပိုပေးပြီး ဂရု စိုက်သနည်း။




## အတန်းတွင်းလေ့ကျင့်ခန်း

အလုပ် ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပါ။ သင့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမည့် ဥပမာများ ပေးပါ။

## လေ့ကျင့်ခန်း

သင်ဖြည့်စွက်ထားသော နာရီများကို ကြည့်၍ သင့်မိဘများ လုပ်ဆောင်သော လုပ်ငန်းဆောင်တာများသည် အလုပ်ဟုတ် မဟုတ် ဆုံးဖြတ်ပါ။ အတန်းက ဆုံးဖြတ်ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုပါ။

*၁။ အဖွဲ့လိုက် ဆုံးဖြတ်ထားသော အလုပ် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီလျှင် အပေါင်းလက္ခဏာ (+) ထည့်ပါ။*

*၂။ အလုပ် မဟုတ်ဘူးဆိုလျှင် အနုတ်လက္ခဏာ (-) ထည့်ပါ။*

*၃။ သင်တို့ သိပ်မသေချာသော လုပ်ငန်းဆောင်တာများကို မေးခွန်းအမှတ်အသား (?) ထည့်ပါ။*

*၄။ ပိုက်ဆံရသော လုပ်ငန်းဆောင်တာများကို ဝိုင်းထားပါ။*

အောက်ပါမေးခွန်းများကို မိမိကိုယ်ကို ဖြေဆိုပါ။

**၁။** သင်မိဘ နေ့စဉ်လုပ်ငန်းဆောင်တာ၏ ရာခိုင်နှုန်းမည်မျှသည် အလုပ်ဖြစ်သနည်း။

**၂။** သင်မိဘ နေ့စဉ်လုပ်ငန်းဆောင်တာ၏ ရာခိုင်နှုန်းမည်မျှသည် ပိုက်ဆံရသောအလုပ် ဖြစ်သနည်း။

**၃။** ပိုက်ဆံမရသော အလုပ်များကို လူငှားလုပ်ခိုင်းလျှင် ပိုက်ဆံမည်မျှ ကုန်ကျမည်ဟု သင်ထင်သနည်း။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

သင့်အဖြေများကို အတန်းတွင်း၌ ဖြစ်စေ၊ အုပ်စုငယ်လေးများ ဖွဲ့၍ဖြစ်စေ အခြားသူများနှင့် မျှဝေပါ။ ထို့နောက် အောက်ပါမေးခွန်းများကို စဉ်းစားဆွေးနွေးပါ။

**၁။** 'အလုပ်' ဟူသမျှ စိတ်ညစ်စရာကောင်းသလား၊ ခက်ခဲသလား။

**၂။** အလုပ်မဟုတ် ဟု သင် ရေးမှတ်ထားသည်များအားလုံး ပျော်စရာကောင်းပါသလား။

**၃။** "ကျွန်တော့်မိန်းမ (သို့မဟုတ် အမေ၊ အစ်မ၊ သမီး) အလုပ်မလုပ်ပါ"ဟု တစ်ယောက်ယောက်က ပြောဆိုလျှင် ထိုအဓိပ္ပာယ်မှာ အဘယ်နည်း။

**၄။** ထို အဆိုမှာ မည်သည့် 'အလုပ်' အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြေခံ ပေါ်ပေါက်လာရသနည်း။

## အကြောင်းအရာလေ့လာခြင်း

### ကချင်ပြည်နယ်မှ အမျိုးသမီးတစ်ဦး

“ကျွန်မတို့ ကချင်ရိုးရာအရအမျိုးသမီးတွေဟာအလုပ်ကြိုးစားကြတယ်။ကျွန်မနေ့တိုင်း မနက် ၃ နာရီ အိပ်ရာထတယ်။ အစိုးရဖြန့်ဝေတဲ့နေရာကနေ ရေသွားသယ်ရတယ်။ အဲဒီနေ့ရေ မရရင် တောင်ကုန်းပေါ်က ဆင်းပြီး သွားသယ်ရတယ်။ အရမ်းလေးတယ်။ ဒါပေမယ့် ကျွန်မတစ်ယောက်တည်း ကိုယ့်ဘာသာ သယ်ရတာ။ ပုံမှန်အားဖြင့် အဲလိုသယ်ရတာ အချိန်တော်တော်ကုန်တယ်။ အိမ်ပြန်ရောက်ရင် ကျွန်မ ဆန်ထောင်းပြီး ထမင်းချက်တယ်။ အဲဒါတွေပြီးမှ ကျွန်မယောက်ျား အိပ်ရာက ထပြီး မနက်စာ စားတယ်။ ဒါပေမယ့် များသောအားဖြင့် ကျွန်မအဝတ်လျှော်ပြီးတဲ့အချိန် သူကလည်း စားပြီးနှင့်ပြီဆိုတော့ ကျွန်မအတွက် မနက်စာ နည်းနည်းပဲ ကျန်လေ့ရှိတယ်။ ကျွန်မတို့ အခြားမိသားစုတွေနဲ့အတူ စပါးကွင်းကို သွားတယ်။ အမျိုးသမီးတွေက ကလေးတွေနဲ့ အခြားပစ္စည်းတွေကို သယ်ပြီး ဦးဆောင်သွားရတာ။ ကျွန်မတို့ အလုပ်နေရာဖြစ်တဲ့ စပါးကွင်းက ပြန်လာပြီဆိုရင် အမျိုးသမီးတွေပဲ ကလေးချီရ၊ ထင်းသယ်ရ လုပ်ရတယ်။ ယောက်ျားတွေကတော့ သူတို့ရဲ့ အမဲလိုက်သေနတ်တွေကိုသာ သယ်တယ်။ အိမ်ပြန်ရောက်ရင်လည်း အမျိုးသမီးတွေက ချက်ပြုတ်ရ၊ လျှော်ဖွတ်ရ၊ ဝက်တွေကို အစာကျွေးရ စသဖြင့် အားလုံးကို လုပ်ရတယ်။ ယောက်ျားတွေကတော့ အိမ်ပြန် အိပ်ရင်အိပ်၊ မအိပ်ရင် အိမ်နီးချင်းတွေနဲ့ စကားထိုင်ပြောလေ့ ရှိတယ်။ အခုချိန်ထိ ကချင်ယောက်ျားအများစုက မီးဖိုချောင်ထဲ မဝင်ဘူး။ မချက်ပြုတ်ဘူး။ မလျှော်ဖွတ်ဘူး။ အိမ်ရှေ့ ခန်းထဲမှာပဲ အခန့်သား ထိုင်နေလေ့ ရှိတယ်။”

## ဆွေးနွေးချက်

**ဤအမျိုးသမီးသည် အိမ်အလုပ်လုပ်ခြင်းဖြင့် ပိုက်ဆံရပါသလား။**
**သူမ အလုပ်လုပ်ပါသလား။**
**သူမ မည်ကဲ့သို့သော အလုပ်မျိုး လုပ်ပါသနည်း။**

### အမျိုးသမီးများ၏ အလုပ်ကို ကြည့်ရှုခြင်း



ဓလေ့အများအပြား၌အမျိုးသား၊အမျိုးသမီး နှစ်ဦးစလုံးပြင်းပြင်းထန်ထန်အလုပ်လုပ်ရသည်။သို့သော်အမျိုးသားများ၏အလုပ်သည်အမျိုးသမီးတို့၏ အလုပ် ထက် ပို၍ အရေးပါသည်၊ ပိုတန်ဖိုးရှိသည်ဟု အများအားဖြင့် ရှုမြင်ကြသည်။ကမ္ဘာတစ်ဝှမ်းလုံးတွင် အမျိုးသမီးများလုပ်သောအလုပ်ကို အလုပ်ဟု ခေါ်လေ့ မရှိပေ။စီးပွားရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ တန်ဖိုးနှိမ့်ခြင်းခံနေရသည်။သင်သိပါသလား။ကမ္ဘာ့လူဦးရေ တစ်ဝက်သည် အမျိုးသမီးများဖြစ်သော်လည်း

- အမျိုးသမီးများသည် ကမ္ဘာ့အလုပ်အားလုံး၏ သုံးပုံနှစ်ပုံကို လုပ်ကိုင်လျက် ရှိကြသည်။
- အမျိုးသမီးများသည် ကမ္ဘာ့လုပ်ခလစာ၏ ဆယ်ပုံတစ်ပုံသာ ရကြသည်။
- အမျိုးသမီးများသည် ကမ္ဘာ့ဥစ္စာဓနေ၏ တစ်ရာပုံတစ်ပုံကိုသာ ပိုင်ဆိုင်ကြသည်။

(ဤကိန်းဂဏန်းများသည် ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသား၊ အမျိုးသမီးတို့၏ အလုပ်ဘဝများစွာကို အခေါက်ပေါင်းများစွာ ဝင်ရောက်သုတေသနပြု၍ ရသော ရလဒ်များ ဖြစ်သည်။)

## ဆွေးနွေးချက်

အမှန်တကယ်ပဲ အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်ပိုပြင်းပြင်းထန်ထန် လုပ်ရပါသလား။ သင်မည်သို့ ထင်သနည်း။

## ကမ္ဘာ့အလုပ်၏ သုံးပုံနှစ်ပုံ

အမျိုးသမီးများသည် မိသားစုအလုပ်၊ ဝင်ငွေရသောအလုပ်၊ လူမှုအသိုင်းအဝိုင်း အလုပ် ဟူသော အလုပ်သုံးမျိုးကို လုပ်ကိုင်ကြသည်။

**မိသားစုအလုပ်။** ။ အမျိုးသမီးများသည် ကလေးမွေးရပြီး ထိုးကလေးများကို စောင့်ရှောက်ရသည်။ မိသားစုကို ကျွေးမွေးခြင်း၊ အဝတ်အစား ဆင်ယင်ပေးခြင်းများ လုပ်ရသည်။ နာမကျန်းသူများ၊ အသက်ကြီးသူများအား ပြုစုရသည်။ မြို့ပြနှင့်ဝေးသော ဒေသများတွင် အမျိုးသမီးများသည် လောင်စာနှင့် ရေကို ရယူကြရသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် အမျိုးသမီးများသည် အစားအသောက်အားလုံး၏ တစ်ဝက်ကို စိုက်ပျိုးလျက်ရှိသည်။ အာဖရိကနှင့် အာရှ၌ အမျိုးသမီးများသည် အစားအသောက်၏ ၈၀ ရာခိုင်နှုန်းကို စိုက်ပျိုးကြသည်။

**ဝင်ငွေရသောအလုပ်။** ။ ဝင်ငွေရသောအလုပ် အမျိုးအစားများစွာ ရှိသည်။ အချို့အမျိုးသမီးများသည် ဝန်ထမ်းအလုပ်ဖြင့် အသက်မွေးကြသည်။ဆရာမ၊စက်ရုံအလုပ်သမ၊ကုန်စုံဆိုင်အလုပ်သမစသဖြင့်နှင့်အခြားဝင်ငွေရအလုပ်များကိုလုပ်ကိုင်ကြသည်။အခြားအမျိုးသမီးများမှာ ဝန်ထမ်းမဟုတ်သောအလုပ်များကို လုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးအများစုသည် ဝန်ထမ်းမဟုတ်သော အလုပ်များကို လုပ်ကိုင်ကြသည်။ယင်းအလုပ်မှာအိမ်အလုပ်နှင့်များစွာ ကွာခြားသည်။ ဝန်ထမ်းမဟုတ်သော အလုပ်တွေငွေအလဲအလှယ် လုပ်ခြင်းပါဝင်သည်။ ငွေအလဲအလှယ်လုပ်ခြင်းဆိုသည်မှာဈေး တွင်မုန့်ပဲသရေစာရောင်းခြင်း၊ အိမ်နီးချင်းတို့ အဝတ်အစားများကို လိုက်လံလျှော်ဖွတ်ပေးခြင်း (ခဝါသည်အဖြစ်)၊ အခြားသူများ၏ အိမ်ကို လိုက်လံ သန့်ရှင်းပေးခြင်း၊ အိမ်တွင်း စီးပွားရေးလုပ်ငန်းနှင့် အစားအသောက်စိုက် ပျိုးရောင်းချခြင်းတို့ ပါဝင် သည်။ အချို့အမျိုးသမီးများမှာ စုပေါင်းအဝတ်ချုပ်ခြင်း၊ ဆေးရွက်ကြီးလိပ်ခြင်း စသည့် မိမိတို့ လုပ်သော အလုပ်ပေါ်မူတည်၍ ပိုက်ဆံရသည့် အလုပ်များကို လုပ်ကိုင်ကြသည်။ ထိုသို့ ဝန်ထမ်းမဟုတ်သော အလုပ်များတွင် စည်းမျဉ်းဥပဒေ မရှိသောကြောင့် ထိုအလုပ် လုပ်ကိုင်သော

အမျိုးသမီးများအား အကာအကွယ်ပေးမည့် ဥပဒေ တစ်စုံတရာ မရှိပေ။ အမျိုးသမီးများသည် လခတိတိကျကျ မရကြသည့်အပြင် လုပ်ရသည့် အလုပ်ခွင်မှာလည်း လုံခြုံမှု မရှိပေ။ အာဖရိကတွင် အမျိုးသမီးဦးရေ သုံးပုံတစ်ပုံသည် ဝန်ထမ်းမဟုတ်သော လုပ်ငန်းများ (စိုက်ပျိုးရေးလုပ်ငန်း မပါ) တွင် လုပ်ကိုင်ကြသည်။ အင်ဒိုနီးရှားတွင် အမျိုးသမီးထု၏ ၆၅ ရာခိုင်နှုန်း၊ တောင်ကိုရီးယားတွင် အမျိုးသမီးထု၏ ၄၁ ရာခိုင်နှုန်းသည် ဝန်ထမ်းမဟုတ်သော အလုပ်များကို လုပ်ကိုင်လျက် ရှိသည်။

အချို့ယောကျ်ားများသည်ကလေးများကို ခေါ်ယူသွားလာရသည်ကို နှစ်သက်ကြသည်။ အချို့ဖခင်များသည် လွန်စွာချစ်မြတ်နိုးတတ်ပြီးအချိန်ရပါက အိမ်ပြန်လာကာကလေးများကို သယ်ဆောင်သွားလာတတ်သည်ကို တွေ့ရသည်။ သို့သော် အဓိကကျသည့် ကလေးများနှင့် တစ် နေကုန် အချိန်ကုန်ကာ ကလေးများအား အစာကျွေးရ၊ ရေချိုးပေးရသည့် အလုပ်များကိုမူ အမျိုးသမီးများသာ လုပ်ကိုင်ရသည်။ အမျိုးသမီးများသည် ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများကို လုပ်ကိုင်ရသည်။ မြန်မာအမျိုးသားတစ်ဦး မီးဖိုချောင်ထဲ အချိန်ပေးသည်ကို တွေ့ရခဲသည်။ မြန်မာအမျိုးသားတစ်ဦး ဈေးသို့သွား၍ ဝယ်ခြမ်းသည်ကို တွေ့ရခဲသည်။ မြန်မာအမျိုးသားတစ်ဦး မိသားစု၏ အဝတ်အစားအားလုံးကို လျှော်ဖွတ်ပေးသည်ကို တွေ့ရခဲသည်။ အများစုမှာ အမျိုးသမီးများသာ ဖြစ်သည်။ ကိုယ့်အဝတ်ကိုယ်လျှော်သည့် ယောကျ်ားမျိုး ရလျှင် အလွန်အမင်း ကံကောင်းသည်ဟု ဆိုရမည်။
အမျိုးသမီးထု၏ အသံ၊ ၁၉၉၉

**လူမှုအသိုင်းအဝိုင်းအလုပ်။** ။



အမျိုးသမီးများသည် နေထိုင်ရာအသိုင်းအဝိုင်းအတွင်းတွင် ပိုက်ဆံမရသော အပိုအလုပ်များကို ရံဖန်ရံခါ လုပ်ကိုင်ကြသည်။ ၄င်းတို့သည် အိမ်နီးချင်းများ၊ ဆွေမျိုးသားချင်းများကို ပြုစုစောင့်ရှောက်သည်။ လူမမာများအား ဂရုစိုက်သည်။ ရေရရှိရေး၊ ကလေးပြုစုပျိုးထောင်ရေး စသည့် အဖွဲ့အစည်းလိုက် လုပ်ဆောင်ရသည့် ကိစ္စရပ်များတွင် ပါဝင်ကြသည်။

ကမ္ဘာတစ်ဝှမ်းတွင် အမျိုးသမီးများသည် ပရဟိတအလုပ်များစွာကို လုပ်ကိုင်ကြသည်။ အာဖရိကအ ချို့အရပ်ဒေသများတွင် ရွာတစ်ရွာလုံးစာ ရေတွင်းများ တူးခြင်းသည် အမျိုးသမီးများ၏ တာဝန် ဖြစ်သည်။ ထိုအလုပ်များအတွက် အမျိုးသမီးများ ပိုက်ဆံမရသော်လည်း ထိုအလုပ်များအားလုံးသည် ၄င်းတို့၏ အလုပ်တာဝန်သာ ဖြစ်သည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

သင့်အသိုင်းအဝိုင်းရှိ အမျိုးသား၊ အမျိုးသမီးတို့၏ အလုပ်များနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** အာရှနှင့် အာဖရိကတစ်ခွင်တွင် အမျိုးသမီးတို့သည် အစားအသောက်၏ ၈၀ ရာခိုင်နှုန်းကို စိုက်ပျိုးသည်။ သင့်အသိုင်းအဝိုင်းတွင်ကော ထိုကဲ့သို့ပဲလား။ အစားအသောက်၏ ရာခိုင်နှုန်းမည်မျှကို အမျိုးသမီးများ စိုက်ပျိုး၍ ရာခိုင်နှုန်းမည်မျှကို အမျိုးသားများ စိုက်ပျိုးသနည်း။

**၂။** ဝန်ထမ်းအလုပ်လုပ်သော အမျိုးသား၊ အမျိုးသမီးများကို ဥပမာအဖြစ် ပေးပါ။ ဝန်ထမ်းအလုပ် မလုပ်သော အမျိုးသား၊ အမျိုးသမီးများကိုလည်း ဥပမာပေးပါ။

**၃။** လုပ်သည့် ပစ္စည်းအရေအတွက်ပေါ်မူတည်၍ ပိုက်ဆံရသူများကို သင်သိပါသလား။ ထိုသူသည် မည်သည့်အလုပ်မျိုး လုပ်ပါသနည်း။ ရရှိသော ပိုက်ဆံနှင့် အလုပ်ခွင်အခြေအနေကို ထိုသူ နှစ်သက်ပါသလား။ ထိုကဲ့သို့ အလုပ်မျိုး၏ အားသာချက်နှင့် အားနည်းချက်များမှာ အဘယ်နည်း။

**၄။** သင့်အသိုင်းအဝိုင်းတွင် အမျိုးသား၊ အမျိုးသမီးများ လုပ်သော လူမှုအသိုင်းအဝိုင်း အလုပ်များကို ဥပမာအချို့ ပေးပါ။

## မြန်မာနိုင်ငံရှိ Gender အလုပ်များ

ယခုအခါ အမျိုးသမီးများ ပို၍ပို၍ အိမ်ပြင်ပအလုပ်များ လုပ်လာကြပြီ ဖြစ်သော်လည်း ၎င်းတို့ ရရှိသောအလုပ်နှင့် လခများသည် နည်းဥပဒေ အရ ခွဲခြားခံနေရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ဘတ်စ်ကားမောင်းသူ၊ စာပို့အလုပ်သမား၊ မီးသတ်သမားအဖြစ် လုံးဝ မလုပ်ရသလောက် ဖြစ်သည်။ အရပ်ဘက် ရဲနှင့် လက်နက်ကိုင်တပ်များတွင် အမျိုးသမီး အနည်းငယ်သာ ရှိသည်။ ရေတပ်တွင်ဖြစ်စေ၊ ကုန်သည်ရေကြောင်းတွင် ဖြစ်စေ အမျိုးသမီးများ သင်္ဘောသားအဖြစ် လုံးဝ လိုက်ပါခွင့် မရှိပါ။ လေကြောင်း၊ ကျောက်မီးသွေးတွင်း၊ ဓာတ်ဆီဖွံ့ဖြိုးရေးနှင့် သစ်ထုတ်လုပ်ခြင်းများတွင်လည်း အမျိုးသမီးများ ပါဝင်ခွင့်မရှိပါ။

> အမျိုးသမီးများဟာ တက္ကစီမောင်းသမား၊ တက္ကစီဝန်ထမ်း လုပ်ခွင့် မရှိဘူး။ ကျွန်မက တက္ကစီမောင်းသမား ဖြစ်ချင်တယ်။ လွတ်လပ်တာကိုး။ အလုပ်ရှင်ကလည်း ကိုယ်ပဲဆိုတော့။ တက္ကစီမောင်းသမား လုပ်ရရင် သိပ်ကောင်းမှာပဲ။ ဒါ့ကြောင့် အမျိုးသမီးတွေ တက္ကစီမောင်းသမား မလုပ်ရတာ။ အမျိုးသမီးတစ်ယောက်မှ တက္ကစီမမောင်းဖူးဘူးလေ။
>
> **အမျိုးသမီးထုအသံ၊ ၁၉၉၉**

### ဆွေးနွေးချက်

သင့်အသိုင်းအဝိုင်းရှိ အမျိုးသမီးများ၏ အလုပ်နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** အဘယ့်ကြောင့် အမျိုးသမီးများ ဘတ်စ်ကားမောင်းသမား၊ တက္ကစီမောင်းသမား မလုပ်ကြသနည်း။

**၂။** အမျိုးသမီးများ လုပ်လေ့မရှိသော အခြားအလုပ်များမှာ အဘယ်နည်း။

**၃။** အမျိုးသားများ လုပ်လေ့မရှိသော အလုပ်များမှာ အဘယ်နည်း။



## ကမ္ဘာ့လုပ်ခလစာ၏ တစ်ဆယ်ပုံပုံ တစ်ပုံ

အမျိုးသမီးများ အလုပ်ကြိုးစားကြသော်လည်း အဘယ့်ကြောင့် လုပ်ခလစာ နည်းနည်းသာ ရကြသနည်း။ အကြောင်းရင်းမှာ အမျိုးသမီးများ လုပ်သော အလုပ်အများစုမှာ ပိုက်ဆံမရသောကြောင့် ဖြစ် သည်။ အမျိုးသမီးများ ပိုက်ဆံရသော အလုပ်များကို လုပ်သည့်တိုင်အောင် ၎င်းတို့၏ လုပ်ခလစာမှာ အမျိုးသားများ၏ လုပ်ခလစာထက် လျော့နည်းလေ့ ရှိသည်။ ချမ်းသာသော နိုင်ငံများတွင်လည်း ထိုသို့ပင် ဖြစ်သည်။ အကြောင်းပြချက်အချို့မှာ

– အမျိုးသမီးများ ကျွမ်းကျင်သည့် အလုပ်များ ဖြစ်သည့် ချက်ပြုတ်ခြင်း၊ စက်ချုပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း စသည်တို့မှာ အမျိုးသားများ ကျွမ်းကျင်သည့် အလုပ်များ ဖြစ်သည့် တည်ဆောက်ရေး၊ ကျောက်မီးသွေးတူးခြင်း၊ လေးလံသော စက်ပစ္စည်းများနှင့် လုပ်ခြင်း စသည်တို့ထက် ဝင်ငွေပိုအရနည်းသောကြောင့် ဖြစ်သည်။

– အမျိုးသမီးများသည် အမျိုးသားများလောက် ပညာကောင်းကောင်း မသင်ကြရပေ။ ထို့ကြောင့် ကျွမ်းကျင်မှု မြင့်မားသော လုပ်ငန်းများ၊ ဝင်ငွေမြင့်သော လုပ်ငန်းများတွင် အမျိုးသမီးများ လုပ် ကိုင်ခွင့် မရကြပေ။ အမျိုးသားများနှင့် တန်းတူ အရည်အချင်း ရှိလျှင်တောင် အမျိုးသမီးများသည် အမျိုးသားများလောက် ဝင်ငွေမရကြပေ။ အဘယ့်ကြောင့်ဆိုသော အမျိုးသားများမှာ မိသားစုကို ထောက်ပံ့ရသည့် အိမ်ထောင်ဦးစီး ဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။

– အမျိုးသမီးများတွင် အခြား တာဝန်ဝတ္တရားများ ရှိသောကြောင့် အချိန်ပိုင်းအလုပ်များသာ လုပ်ကိုင်ကြသည်။ အချိန်ပိုင်းအလုပ်များသည် ဝင်ငွေနည်းသည်။

– အမျိုးသမီးများသည် အလုပ်သမားအစည်းအရုံးကဲ့သို့သော အလုပ်သမားများ လစာကောင်းကောင်း ရရေး အဖွဲ့အစည်းများတွင် ပါဝင်လေ့ မရှိပေ။

– အမျိုးသမီးများ မိမိတို့အလုပ်၌ ကျွမ်းကျင်သော်လည်း အမျိုးသားများသည် အမျိုးသမီးများကို ကျော်၍ ရာထူးတိုးမြှင့်ခြင်း ခံရသည်။

– အချို့အမျိုးသမီးများမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု သိပ်မရှိကြပေ။ အလုပ်တစ်ခုကို လုပ်ဆောင်နိုင်သည့်တိုင်အောင် ဝင်ရောက်လျှောက်ထားလေ့ မရှိကြပေ။ အကြောင်းမှာ မိမိတို့တွင် လုံလောက်သည့် အရည်အချင်း မရှိဟု ထင်၍တစ်ကြောင်း၊ ကုမ္ပဏီက အမျိုးသားများကိုသာ ဦးစားပေး၍ တစ်ကြောင်းကြောင့် ဖြစ်သည်။

## ကမ္ဘာ့ဥစ္စာဓနေ၏ တစ်ရာပုံပုံ တစ်ပုံ

ကမ္ဘာ့အရပ်ဒေသအများအပြား၌ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ မြေယာပိုင်ဆိုင်ခွင့်၊ အိမ်ပိုင်ခွင့်၊ စီးပွားရေး ပိုင်ဆိုင်ခွင့်များ မရှိကြပေ။ အမျိုးသမီးတစ်ဦး အိမ်ထောင်ကျလျှင် သူမခင်ပွန်းက သူ–မပိုင်ဆိုင်သော အရာမှန်သမျှကို ထိန်းချုပ်လေ့ ရှိသည်။

နိုင်ငံအမြောက်အမြား၌ အမျိုးသမီးအုပ်စုများသည် ခွဲခြားခြင်းကို ဖယ်ရှားပေးနိုင်မည့် ဥပဒေများကို ပြောင်းလဲရန် ကြိုးပမ်းလျက် ရှိသည်။ သို့သော် ထိုသို့ ပြောင်းလဲရန် အချိန်အလွန်ကြာသည်။ ကမ္ဘာ့အစိတ်အပိုင်းအချို့၌ အမျိုးသမီးများသည် ပိုင်ဆိုင်ရန် အခွင့်အရေး အပြည့်အဝ မရကြသေးပေ။ ဥပမာ အာဖရိကနှင့် အရှေ့အလယ်ပိုင်း နိုင်ငံအချို့တွင် အမျိုးသမီးများသည် ဆွေမျိုးထဲရှိ အမျိုးသားတစ်ဦးဦး၏ လက်မှတ်ဖြင့်သာ တရားဝင်စာရွက်စာတမ်းများကို လက်မှတ်ထိုးနိုင်သည်။

## ဆွေးနွေးချက်

**သင့်အသိုင်းအဝိုင်းရှိ အမျိုးသမီးအခွင့်အရေးများနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

**၁။** အမျိုးသားနှင့် အမျိုးသမီးများ မြေယာပိုင်ဆိုင်ရန် တူညီသောအခွင့်အရေး ရှိပါသလား။

**၂။** အမျိုးအဆွေထဲမှ အမျိုးသားတစ်ဦးဦး (ခင်ပွန်း၊ ဖခင်၊ ဦးလေး စသည်) ၏ သဘောတူညီချက် မရယူဘဲ အမျိုးသမီးများ အောက်ပါများ လုပ်ခွင့် ရှိပါသလား။

- မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ် ရယူခြင်း
- ဘဏ် သို့မဟုတ် အတိုးချစားသူထံမှ ငွေချေးခြင်း
- မြေကွက်ဝယ်ခြင်း သို့မဟုတ် အိမ်ဆောက်ခြင်း
- စီးပွားရေး စတင်လုပ်ကိုင်ခြင်း
- တစ်ဦးတည်း ခရီးသွားခြင်း

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

**၁။** အောက်ပါ စာရင်းကို ကြည့်၍ သင့်အသိုင်းအဝိုင်းတွင် ယောက်ျား၊ မိန်းမ၊ ကောင်လေး၊ ကောင်မလေးများ လုပ်သော အလုပ်များအကြောင်း စဉ်းစားကြည့်ပါ။ ယောက်ျားအများစု လုပ်သော အလုပ်ဘေးတွင် M ဟုလည်းကောင်း၊ မိန်းကလေးအများစု လုပ်သော အလုပ်ကို F ဟုလည်းကောင်း ရေးပါ။

- ယက်ကန်းခတ်သမား
- လယ်သမား
- စစ်သား
- အဆောက်အဦဆောက်သမား
- ဆရာ
- ထမင်းချက်
- စက်ပြင်ဆရာ
- သူနာပြု
- ဆရာဝန်
- ဈေးဆိုင်ပိုင်ရှင်
- နိုင်ငံရေးသမား
- သန့်ရှင်းရေးသမား

### အောက်ပါ စာပိုဒ်များကို ဖတ်ပါ။

– ရှေးဟောင်းအီဂျစ်နိုင်ငံ၌ ယက်ကန်းခတ်ခြင်းသည် အမျိုးသားများ၏ တာဝန် ဖြစ်သည်။ နာဗာဂျို (မြောက်အမေရိကမှ ဒေသခံများ) ယဉ်ကျေးမှုတွင် ယောက်ျားများ ယက်ကန်းခတ်ခြင်းအများစုကို လုပ်ကိုင်ခဲ့သည်။ ယခုတိုင် နာဗာဂျိုအမျိုးသားအချို့ ယက်ကန်းခတ်လျက် ရှိသည်။ မက္ကစီကို၊ အော့ဇာကာ–တွင် ဇာပိုတက်ယောက်ျားများသည် ယက်ကန်းခတ်သည်။ယနေ့ခေတ်တွင် အမျိုးသားရော အမျိုးသမီးပါ စစ်သားလုပ်ခွင့် ရှိသည်။ အစ္စရေးတွင် ငယ်ရွယ်သော အမျိုးသား၊ အမျိုးသမီး အားလုံးနီးပါး စစ်တပ်ထဲ အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

– ရှေးဟောင်းဂရိတွင် စပါတာအမျိုးသမီးများသည် ကိုယ်ပိုင်စစ်တပ်များ တည်ထောင်လေ့ရှိကာ အရဲရင့် အကြမ်းတမ်းဆုံးသော တိုက်ခိုက်ရေးသမားများ ဖြစ်ကြသည်။ ကျော်ကြားသော တွေးခေါ်ပညာရှင် ဟာရိုဒိုးတပ်စ်၏ အဆိုမှာ (တိုက်ပွဲ၌ ယောကျ်ားတစ်ယောက်ကို မသတ်ဖူးသော မည်သည့်မိန်းကလေးမဆို မင်္ဂလာဆောင်ခွင့်မရှိ) ဖြစ်သည်။ အပါချေးအမျိုးသမီးများ (မြောက်အမေရိကမှ ဒေသခံလူမျိုး)သည်လည်း ကျော်ကြားသော တိုက်ခိုက်ရေးသမားများ ဖြစ်သည်။

– အမျိုးသမီးများသည် ကမ္ဘာ့အစားအသောက်၏ တစ်ဝက်ကျော် စိုက်ပျိုးသည်။ အာရှနှင့် အာဖရိကရှိ အစားအသောက် အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်ကို အမျိုးသမီးများ စိုက်ပျိုးသည်။ ရိုးရာအားဖြင့် အမျိုးသားများအား လယ်သမားများဖြစ်သည်ဟု တွေးထင်ထားကြသော်လည်း ကမ္ဘာ့တစ်ဝှမ်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် စိုက်ပျိုးရေးကို ပိုလုပ်ကိုင်ကြသည်။

– အာဖရိက၊ အာရှနှင့် တောင်အမေရိက ကျေးလက်များရှိ အမျိုးသမီးများသည် ခေါင်းပေါ်၌ လေးလံသော ဝန်ထုပ်ဝန်ပိုးများ သယ်ဆောင်ရာတွင် အင်အားအလွန်ကြီးသည်၊ ထိန်းညှိနိုင်သော စွမ်းရည်ရှိသည်ဟု ကျော်ကြားသည်။ အာဖရိကရှိ အမျိုးသမီးများသည် ရေတွင်းရှိရာကို ကီလိုမီတာများစွာ လျှောက်ရပြီး အပြန် တွင် ကီလိုဂရမ် ၃၀ ကျော်လေးသော ရေကို ရွှံ့အိုးတွင် ထည့်ကာ ခေါင်းပေါ်ရွက်၍ သယ်ဆောင်ရသည်။

– မော်ရကိုရှိ ဘာဘာအမျိုးသမီးများတွင် မိသားစုအတွက် ကြီးမားသည့် တိရစ္ဆာန်သားရေ အမိုးအကာများ ဆောက်လုပ်ပေးရန် တာန်ရှိသည်။ အမျိုးသမီးများသည် တစ်ပတ်တွင် အကြိမ်ပေါင်းများစွာ ထို အမိုးအကာများကို ယူချကာ ထောင်မတ်ပေးရသည်။ တစ်ကြိမ်တွင်လည်း နာရီပေါင်းများစွာ အချိန်ပေးရသည်။

– ရှေးဟောင်းဂရိ၌ ယောကျ်ားများသာ ဆရာလုပ်ခွင့် ရှိသည်။ သို့သော် ၁၉ ရာစု၌ အမေရိကန်တွင် အမျိုးသမီးများသာ ကလေးငယ်များအား စာသင်ကြားပေးလေ့ကာ အမျိုးသားများ ထိုစာသင်ကြားခြင်း အလုပ်ကို လုပ်ချင်သည်ဟု ဆိုလျှင် လူများက ထူးဆန်းသည်ဟု ထင်ကြသည်။

– ကွန်ဂို အရှေ့မြောက်ရှိ အစ်တူဝီလူမျိုး အီဖီအမျိုးသားများသည် ထမင်းဟင်းချက်ပြုတ်သည့် တာဝန်ကို ယူကြရသည်။ အကြောင်းမှု အမျိုးသမီးများမှာ အခြား အလုပ်များဖြင့် မအားလပ်သောကြောင့် ဖြစ်သည်။ အယ်လ်ဂျီရီးယား မွတ်စလင်အမျိုးသားများသည် ၄င်းတို့၏ ကိုယ်ပိုင်အခန်းထဲတွင် ၄င်းတို့၏ ကိုယ်ပိုင်အစားအစာကို သီးသန့် ပြင်ဆင်စားသောက်ကြသည်။

– နိုင်ငံအများအပြား၌ အမျိုးသမီးများသည် အမျိုးသားများလုပ်သော အလုပ်များကို လုပ်ကိုင်ကြသည်။ အမျိုးသမီး စက်ပြင်ဆရာ၊ အမျိုးသမီး လေယာဉ်မှူး၊ အမျိုးသမီး ကျောက်မီးသွေးတူးသမားနှင့် အခြား လုပ်ငန်းအားလုံးတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်ကြသည်။

## ၃။ ကွဲပြားသော လူ့အသိုင်းအဝိုင်းတွင် အဘယ့်ကြောင့် အမျိုးသားနှင့် အမျိုးသမီးများ ကွဲပြားသော အလုပ်များ လုပ်ကိုင်ကြရသနည်း။

### အတန်းတွင်းလေ့ကျင့်ခန်း

Gender က ကျွန်ုပ်တို့၏ နေ့စဉ်အလုပ်များကို မည်သို့ သက်ရောက်မှု ရှိသနည်း။

သင့်အလုပ်ကို စဉ်းစားကြည့်ပါ။ သင်ကြိုက်ပါသလား။ အခြားသင်လုပ်ချင်သော အလုပ် ရှိပါသလား။

ဘယ်ဘက်ကော်လံ (အမျိုးသမီး)၊ ညာဘက်ကော်လံ (အမျိုးသား) အောက်တွင် စာရင်း ပြုစုပါ။

**အမျိုးသမီးများသည် အောက်ပါ မေးခွန်းများကို ဖြေပါ။**

**၁။** အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ခံထားရသည့် ကျွန်မလုပ်သော၊ ကျွန်မကြိုက်သော အလုပ်များ

**၂။** အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ခံထားရကာ ကျွန်မ လုပ်နေရသော်လည်း ကျွန်မမကြိုက်သည့် အလုပ်များ

**၃။** ကျွန်မလုပ်သော အမျိုးသားအလုပ်အဖြစ် သတ်မှတ်ထားသည့် အလုပ်များ

**၄။** အမျိုးသားအလုပ် အဖြစ် သတ်မှတ်ထားသည့် ကျွန်မကြိုက်သော်လည်း မလုပ်သည့် အလုပ်များ

**အမျိုးသားများက အောက်ပါမေးခွန်းများကို ဖြေရမည်။**

**၁။** အမျိုးသားအလုပ်အဖြစ် သတ်မှတ်ခံထားရသည့် ကျွန်တော်လုပ်သော၊ ကျွန်တော်ကြိုက်သော အလုပ်များ

**၂။** အမျိုးသားအလုပ်အဖြစ် သတ်မှတ်ခံထားရကာ ကျွန်တော် လုပ်နေရသော်လည်း ကျွန်တော်မကြိုက်သည့် အလုပ်များ

**၃။** ကျွန်တော်လုပ်သော အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ထားသည့် အလုပ်များ

**၄။** အမျိုးသမီးအလုပ် အဖြစ် သတ်မှတ်ထားသည့် ကျွန်တော်ကြိုက်သော်လည်း မလုပ်သည့် အလုပ်များ

ပြီးသွားပြီဆိုပါက ဆရာက သင်ပုန်းပေါ်တွင် အလယ်ကဖြတ်သော မျဉ်းတစ်ကြောင်း ဆွဲလိမ့်မည်။ တစ် ဝက်တွင် အမျိုးသမီးများက ၄င်းတို့၏ အဖြေများကို ရေးရမည် ဖြစ်ပြီး ကျန်တစ်ဝက်–တွင် အမျိုးသားများက ၄င်းတို့၏ အဖြေများကို ရေးရမည် ဖြစ်သည်။ အဖြေများကို သက်ဆိုင်ရာ ခေါင်းစဉ်အောက်တွင်သာ ရေးသားရန် ဂရုပြုပါ။

**စာရင်းများကို အတူတကွ ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေပါ။**

ဤစာရင်းများအရ ယောကျ်ားနှင့် မိန်းမတို့၏ အခန်းကဏ္ဍကို ယေဘုယျ မည်သို့ သတ်မှတ်နိုင်သနည်း။

အမျိုးသားများ၏ အလုပ်အများစုမှာ ပိုက်ဆံရသော အလုပ် ဖြစ်ပါသလား။ အမျိုးသမီးများ၏ အလုပ်ကော။

အမျိုးသမီးများ၏ အလုပ်ကြောင့် မည်သူများ အကျိုးခံစားရသနည်း။ အမျိုးသားများ၏ အလုပ်ကြောင့် မည်သူများ ကြီးပွားချမ်းသာသနည်း။

**စာရင်းတစ်ခုစီ၏ ဒုတိယနှင့် အောက်ဆုံး အမျိုးအစားနှစ်ခုကို အထူးသဖြင့် ကြည့်ပါ။ အမျိုးသမီး အလုပ်ဟု သတ်မှတ်ထားသည့် အလုပ်အပေါ် အမျိုးသမီးများက မကြိုက်ဘဲ အမျိုးသားများက ကြိုက်နေသည်ကို တွေ့ မိပါသလား။ အမျိုးသားအလုပ်ဟု သတ်မှတ်ထားသော်လည်း အမျိုးသားက မကြိုက်ဘဲ အမျိုးသမီးများက ကြိုက်နေသည့် အလုပ်ကော ရှိပါသလား။ ရှိသည်ဆိုလျှင် အမျိုးသားနှင့် အမျိုးသမီးများ နေရာချင်းလဲကာ မိမိတို့ ကြိုက်နှစ်သက်အရာ အလုပ် လုပ်သင့်ပါသလား။ လုပ်သင့်သည်ဆိုလျှင် အဘယ့်ကြောင့်နည်း။ မလုပ်သင့်ဘူးဆိုလျှင်ကော အဘယ့်ကြောင့်နည်း။**

## တာဝန်ဝတ္တရား



အမျိုးသမီးများသည်အိမ်အလုပ်လုပ်ခြင်း၊မိသားစုကို စောင့်ရှောက်ခြင်းတို့အတွက် တာဝန်ရှိနေချိန် အမျိုးသားများမှာ အစားအစာနှင့်ပစ္စည်းပစ္စယအတွက် ငွေရှာရန် တာဝန်ရှိသည်ဟု လူများက သတ ် မှတ်သည်။ မိသားစုလိုအပ်ချက်ဖြည့်ဆည်းနိုင်သည့် ပိုက်ဆံအလုံအလောက်ရှာရန် အမျိုးသားများတွင် ဖိအားအရမ်းများသည်။ အလုပ်ရှာရန် ခက်ခဲသော အရပ်ဒေသများတွင် လူတိုင်း ဝင်ငွေကောင်းကောင်းရနိုင်သည့် အလုပ်မျိုး ရှာရန် အလွန်ခက်ခဲသည်။ သို့သော် အမျိုးသားများ ထိုအလုပ် မျိုး လုပ်ကိုင်ရကာ တစ်ခါရံ ၄င်းတို့ ပိုက်ဆံအလုံအလောက် မရှာနိုင်သည့် အခါများတွင် ခင်ပွန်းဆိုး၊ ဖခင်ဆိုးအဖြစ် ခေါ်ဝေါ်ခြင်း ခံရတတ်သည်။ အမျိုးသားနှင့် အမျိုးသမီး တာဝန်ဝတ္တရားများ ညီတူ ညီမျှ ခွဲဝေလိုက်လျှင် အမျိုးသားများအပေါ် ဖိအား ဤ လောက် များတော့မည် မဟုတ်ပေ။ ယောကျ်ားများ အိမ်အလုပ်တွင် ဝင်ကူကာ မိသားစုကို ပိုအချိန်ပေးလာနိုင်မည် ဖြစ် သည်။

အချို့အမျိုးသားများက ဤအကြံဉာဏ်ကို မကြိုက်ကြပါ။ အကြောင်းမှု အမျိုးသမီးများ ပိုက်ဆံရှာလာနိုင်လျှင် အမျိုးသမီးများ၏ တန်ခိုးစွမ်းအင် ကြီးမားလာကာ ပို၍ လွတ်လပ်သွားမည်ဟု ထင်သောကြောင့် ဖြစ်သည်။

## ဆွေးနွေးချက်

အမျိုးသမီးများ မိမိတို့ကိုယ်ပိုင်ပိုက်ဆံ ရှာဖွေလာနိုင်သည့်အခါ မည်ကဲ့သို့သော တန်ခိုးစွမ်းအင်၊ လွတ်လပ်မှုများ ရလာနိုင်သည်ဟု ထင်သနည်း။

အချို့အမျိုးသားများသည် အမျိုးသမီးများ တန်ခိုးစွမ်းအင်နှင့် လွတ်လပ်ရေး ပိုရသွားမည်ကို အဘယ့်ကြောင့် မနှစ်သက်ကြရသနည်း။

## အကြောင်းအရာလေ့လာခြင်း

### ငြိမ်းချမ်းသည် ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။

ငြိမ်းချမ်း၏ရွာတွင် ယောကျ်ားအများအစုမှာ စစ်တပ်ထဲ ဝင်ကြသည်။ အမျိုးသားအများစုသည် ရွာနှင့် ဝေးကွာသည့် အရပ်ဒေသများသို့ ထွက်ခွာသွားကြသည်။ ထို့ကြောင့် ရွာရှိ စတီးစက်ရုံတွင် လေးလံသည့် အလုပ်များ လုပ်ကိုင်နိုင်သည့် ယောကျ်ား နည်းပါးသွားသည်။ ငြိမ်းချမ်းသည် သူမ၏ ကလေးများနှင့် အိမ်–တွင် နေလေ့ ရှိသည်။ သို့သော် သူမခင်ပွန်း စစ်တပ်ထဲဝင်ကာ အဝေးသို့ ထွက်ခွာသွားချိန်တွင် သူမခင်ပွန်း အလုပ်လုပ်ကိုင်ခဲ့သည့် စတီးစက်ရုံတွင် သူမ အလုပ်ရသည်။ ငြိမ်းချမ်းသည် ဉာဏ်ရည်ထက်မြက်သူဖြစ်သည့်အားလျော်စွာ မြန်မြန်ဆန်ဆန်ပင် ကားမောင်းတတ်သွားသည်။ ထို့ကြောင့် စက်ရုံမန်နေဂျာက သူမအား လေးလံသောစက်များ မောင်းနှင်သည့် အလုပ် ပေးလိုက်သည်။ သူမသည် ထိုအလုပ်လုပ် သော ပထမဆုံးအမျိုးသမီး ဖြစ်လာသည်။ ထိုအလုပ်တွင် သူမ လွန်စွာ ကျွမ်းကျင်သောကြောင့် တစ်နှစ်အတွင်း ရာထူးတိုးမြှင့်ခြင်း ခံရသည်။ သူမအလုပ်အပေါ် သူမ နှစ်သက်ကာ ထိုအလုပ်တွင်လည်း ကျွမ်းကျင်မှု ရှိသည်။ ငြိမ်းချမ်းသည် အခြားအလုပ်သမားများနည်းတူ လုပ်ခလစာ မြင့်မြင့် ရသည်။

သူမသည် အလုပ်သမားကောင်း ဖြစ်သောကြောင့် လူတိုင်း၏ လေးစားခြင်းကို ခံရသည်။ စစ်တပ်သို့ ဝင်သွားသူ ယောကျ်ားများ ရွာသို့ ပြန်လာကြသည့်အခါ အမျိုးသားများ အလုပ်ရရန်အတွက် ငြိမ်းချမ်းနှင့် အခြားအမျိုးသမီးစက်ရုံအလုပ်သမားများကို အလုပ်မှ ထွက်ခိုင်းလိုက်သည်။ ငြိမ်းချမ်းသည် အလုပ်က မထွက်လိုသောကြောင့် သူမသူဌေးဖြစ်သူနှင့် အခြားအလုပ်သမားများအား ဆန္ဒပြသည်။ လူအများအပြား ပြောကြသည်မှာ မိန်းမများသည် အိမ်ကို ပြန်ကာ ယောကျ်ားများ မလုပ်လိုသည့် အလုပ်များကို လုပ်ရမည် ဟူ၍ ဖြစ်သည်။

ငြိမ်းချမ်း ငြင်းခုံပြောဆိုသည့် သူမသည် အလုပ်သမားကောင်း ဖြစ်သောကြောင့် ထိုအ–လုပ် ကို ဆက်လုပ်လိုသည်ဟူသော အဆိုကို မည်သူတစ်ဦးတစ်ယောက်မှ မထောက်ခံကြပါ။ နောက်ဆုံး ငြိမ်းချမ်းသည် စစ်ပြန်များအား သူမအလုပ် ပေးလိုက်ရသည်။ ထို့နောက် 'သူမနှင့် ပိုသင့်တော်သည်' ဆိုသော ဈေးတွင် မုန့်ပဲသရေစာ ရောင်းသည့်အလုပ်ကို ဝင်လုပ်ရကာ သူမ၏ ဝင်ငွေမှာ ယခင်လစာ၏ လေးပုံတစ်ပုံမျှပင် မရှိတော့ချေ။

## လေ့ကျင့်ခန်းများ

**အောက်ပါမေးခွန်းများကို ဖြေပါ။**

**၁။** ငြိမ်းချမ်းသည် အဘယ့်ကြောင့် စတီးစက်ရုံတွင် အလုပ်ဝင်ခဲ့သနည်း။

**၂။** ငြိမ်းချမ်း စက်ရုံ၌ အလုပ်လုပ်နေစဉ် ခွဲခြားဆက်ဆံခြင်း ခံခဲ့ရပါသလား။

**၃။** ခွဲခြားဆက်ဆံခြင်းကို ငြိမ်းချမ်း မည်သည့်အချိန်၌ ခံလိုက်ရသနည်း။

**၄။** ငြိမ်းချမ်း ချက်ချင်း အလုပ်ထွက်ပေးလိုက်ပါသလား။

**၅။** ငြိမ်းချမ်း၏ အလုပ်အသစ်မှာ အဘယ်နည်း။ သူမ ထိုအလုပ်တွင် ပျော်သည်ဟု သင်ထင်ပါသလား။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အုပ်စုငယ်လေးများ ဖွဲ့၍ လေ့ကျင့်ပါ။ အဖွဲ့တစ်ခုစီက ဇာတ်ကောင်တစ်ခုစီကို ရွေးချယ်ရမည်။ ယူရမည့် အခန်းကဏ္ဍများမှာ ငြိမ်းချမ်း ခင်ပွန်း၊ ငြိမ်းချမ်းနှင့် လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ၊ သူမနှင့် လုပ် ဖော်ကိုင်ဖက် အမျိုးသားများ၊ ငြိမ်းချမ်းအသိုင်းအဝိုင်း၊ ငြိမ်းချမ်း၏ သူဌေး တို့ ဖြစ်သည်။ သင့်အဖွဲ့က ကျရာအခန်းကဏ္ဍတွင် ငြိမ်းချမ်း အလုပ်ထွက်သွားနိုင်သည့် အကြောင်းပြချက်များကို စုစည်းရေးသားရမည် ဖြစ်သည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အဖွဲ့တစ်ဖွဲ့စီမှ တစ်ယောက်ထွက်ကာ ငြိမ်းချမ်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ပြီး အဖွဲ့အတွင်းရှိ ကျန်လူများက အဘယ့်ကြောင့် ငြိမ်းချမ်း အလုပ်ထွက်သင့်သည်ကို အငြင်းအခုံ လုပ်ရမည် ဖြစ်သည်။ ထိုငြင်းခုံချက်များကို အတန်းရှေ့တွင်ရပ်၍ ငြိမ်းချမ်းအား ပြောပါ။ ငြိမ်းချမ်းအဖြစ် သရုပ်ဆောင်သူက စတီးစက်ရုံတွင် အလုပ်လုပ်ရန် သူမတွင် အခွင့်အရေး ရှိကြောင်း ပြန်လည်ချေပပါ။

**ဆွေးနွေးချက်**

**အတန်းတွင်း၌ အောက်ပါများကို ဆွေးနွေးပါ။**
ငြင်းခုံချက်များကို ငြိမ်းချမ်း မည်သို့ တုံ့ပြန်မည်နည်း။
ငြိမ်းချမ်း အလုပ်မှ မထွက်ရန် သူငယ်ချင်း၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်၊ သူဌေးနှင့် အခြားသူများဆီမှ မည်သည့်အထောက်အပံ့ ရယူရန် လိုအပ်သနည်း။
သင်သာ ငြိမ်းချမ်းနေရာတွင်ဆိုလျှင် အလုပ်ထွက်ရမည့်ကိစ္စအပေါ် မည်သို့ ခံစားရမည်နည်း။
သင့်အသိုင်းအဝိုင်းအတွင်း၌ အမျိုးသမီးများ အလုပ်မလုပ်စေရန် ငြိမ်းချမ်း ရင်ဆိုင်ရသော ငြင်းခုံချက်များကို အသုံးပြုတားဖြစ်ကြပါသလား။

## **စီဒေါ်** (CEDAW)

၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂသည် အမျိုးသမီးများအတွက် အခွင့်အရေး စာတမ်းဖြစ်သည့် အမျိုးသမီးများအား ဆန့်ကျင်သည့် မည်သည့် ခွဲခြားဆက်ဆံခြင်းကိုမဆို ဖယ်ထုတ်ခြင်း သဘောတူညီ ချက် (စီဒေါ်) (Convention on the Elimination of All forms of Discrimination against Women CEDAW) ကို သဘောတူခဲ့ကြသည်။

**၁၉၈၁ ခုနှစ်တွင် နိုင်ငံများက စီဒေါ်ကို ဥပဒေအဖြစ် သတ်မှတ်ရန် သဘောတူ လက်မှတ်ရေးထိုးခြင်းများ စတင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် နိုင်ငံ ၁၇၉ နိုင်ငံက စီဒေါ်ဆိုသော ဝေါဟာရအား အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် နိုင်ငံတကာဥပဒေတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။**
**စီဒေါ်တွင် ပါဝင်သော အရေးကြီး အချက်အချို့မှာ**
**– အမျိုးသမီးများတွင် မဲပေးပိုင်ခွင့် ရှိသည်။ အမျိုးသမီးများ နိုင်ငံရေးလုပ်ခွင့် ရှိသည်။**
**– အမျိုးသမီးများတွင် မြေယာနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်နိုင်သည့် တန်းတူအခွင့်အရေး ရှိသည်။**
**– အမျိုးသမီးနှင့် မိန်းကလေးများသည် ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ တန်းတူညီမျှ အခွင့်အရေး ရရမည်။**
**– အမျိုးသမီးများတွင် မျိုးပွားခြင်းဆိုင်ရာ အခွင့်အရေး ရှိရမည် ဖြစ်ပြီး ၎င်းတို့၏ ခန္ဓာကိုယ်နှင့်ပတ်သက်၍ ကိုယ်ပိုင်ရွေးချယ်ခွင့် ရှိသည်။**
**–အစိုးရများက အမျိုးသမီးများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း ဟူသမျှကို ကာကွယ်တားဆီးရမည်။**
**– အမျိုးသမီးများသည် အလုပ်ခွင်၌ တန်းတူအခွင့်အရေး ရှိရမည် ဖြစ်ပြီး အလုပ်ရှင်များက လိင်အပေါ် အခြေခံကာ ခွဲခြားဆက်ဆံမှုများ မလုပ်ရပါ။**

**ဆွေးနွေးချက်**

**အထက်တွင် ဖော်ပြထားသော အခွင့်အရေးများကို စဉ်းစားပါ။**

အမျိုးသမီးများ ထိုအခွင့်အရေးများ ရသင့်သည်ဟူသောအဆိုကို သင် ထောက်ခံပါသလား။ အမျိုးသမီးများ ထိုအခွင့်အရေးများ အပြည့်အဝ ရရှိစေရန် လူ့အဖွဲ့အစည်းတွင် မည်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရမည်နည်း။

**သင်ခန်းစာပြန်လည်လေ့လာခြင်း**

**အောက်ပါမေးခွန်းများကို ဖြေပါ။**

**၁။** အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေလျော့၍ ရရှိလေ့ ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အမျိုးသမီးများ လုံလောက်စွာ အလုပ်မလုပ်သောကြောင့်လား။ အမျိုးသမီးများ အမျိုးသားများ ဝင်–ငွေလျော့ ရရှိသင့်သည့် အကြောင်းပြချက် သုံးချက်ကို ဖော်ပြပါ။

**၂။** ဝန်ထမ်းအလုပ်နှင့်ပတ်သက်၍ ဥပမာသုံးခု ပေးပါ။

**၃။** ဝန်ထမ်းမဟုတ်သော အလုပ်များကို ဥပမာသုံးခု ပေးပါ။

**၄။** အမျိုးသမီးတစ်ဦးတွင် အမျိုးသားတစ်ဦးနှင့် တူညီသော သို့မဟုတ် ပို၍သာသော အရည်အချင်းများ ရှိသော်လည်း အဘယ့်ကြောင့် အလုပ်ရှင်က အမျိုးသားကိုသာ ရွေးချယ်ခန့်အပ်လိုသနည်း။

**၅။** သင့်မိသားစုရှိ အမျိုးသမီး သို့မဟုတ် မိန်းကလေးတစ်ဦးအကြောင်း စဉ်းစားပါ။ သူမ မည်သည့်အလုပ် လုပ်သည်ကို စဉ်းစားကြည့်ပါ။ သူမ လုပ်သည့် ပိုက်ဆံမရသော အလုပ်ဟူသမျှကို ရေးချပါ။

## ၃။ ယောက်ျားမိန်းမ၊ မိသားစုနှင့် လူ့အသိုင်းအဝိုင်း

**သော့ချက်စကားလုံး**

အခန်းကဏ္ဍ (role)၊ စံပြ (role-model)၊ သွယ်ဝိုက်ပြောဆိုသည် (to imply)၊ နာခံတတ်သော (passive)၊ မျိုးရိုးဗီဇ (genetic)၊ အခြားသူများကဲ့သို့ ပြုမူလုပ်ဆောင်သည် (conform)၊ ယောက်ျား၊ မိန်းမ၊ ကလေး ပါသော မိသားစု (nuclear family)၊ မျိုးဆက်နှစ်ခုမက ပါဝင်သော မိသားစု (extended family)၊ အိမ်ထောင်ဦးစီး (head of household)၊ အုပ်ထိန်းခွင့် (custody)

ကျွန်ုပ်တို့သည် Gender ကို ကျွန်ုပ်တို့၏ ဓလေ့၊ လူ့အသိုင်းအဝိုင်းမှ လေ့လာသင်ယူကြောင်း သင်သိပြီးသား ဖြစ်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ အစိတ်အပိုင်း အားလုံးနီးပါးလောက်ကို Gender က တစ်နည်းမဟုတ် တစ်နည်း သက်ရောက်လျက် ရှိသည်။ ကျွန်ုပ်တို့ မည်သို့ ပြုမူလုပ်ဆောင်ရမည်နည်း။ ကျွန်ုပ်တို့၏ Gender အခန်းကို မည်သူက အဆုံးအဖြတ် ပေးသနည်း။

## စဉ်းစားခိုင်းခြင်း

–သင့်အသိုင်းအဝိုင်း၌ ယောကျ်ားကောင်းတစ်ယောက်၏ ဝိသေသလက္ခဏာများမှာ အဘယ်နည်း။
–သင့်အသိုင်းအဝိုင်းတွင် မိန်းမကောင်းတစ်ယောက်၏ လက္ခဏာရပ်များမှာ အဘယ်နည်း။
–စာရင်းနှစ်ခု ပြုစုပါ။
–စာရင်များကို ကြည့်ပါ။ စာရင်းနှစ်ခုလုံးတွင် ပါဝင်နေသော ဝိသေသလက္ခဏာ ရှိပါသလား။

## လေ့ကျင့်ခန်းများ

အောက်ပါ ဝေါဟာရများသည် အမျိုးသားကောင်း၊ သို့မဟုတ် အမျိုးသမီးကောင်း၊ သို့မဟုတ် နှစ်ခုလုံးအတွက် ကိုယ်စားပြုပါသလား။
–နူးညံ့သိမ်မွေ့သည်
–ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိကာ ဆုံးဖြတ်ချက် ခိုင်မာသည်
–အားကစားစိတ်ဓာတ်ရှိသည်
–ဉာဏ်ရည်ထက်မြက်သည်
–ချိုသာသည်
–လှပသည်
–အားအင်ပြည့်ဝသည်

## Gender အခန်းကဏ္ဍ

Gender အခန်းကဏ္ဍဆိုသည်မှာ ယောကျ်ားနှင့် မိန်းမများ မည်သို့ ပြုမူ ဆက်ဆံရမည်ဟူသော ထင်မြင်ယူဆချက်များ ဖြစ်သည်။ လူ့အဖွဲ့အစည်းအားလုံးတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍမှာ ကွာခြားသည်။ ဥပမာ ဓလေ့အများအပြားတွင် အမျိုးသမီးများသည် အိမ်တွင်နေကာ ထမင်းဟင်းချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများ စသည့် အိမ်ဝေယျာဝစ္စများကို လုပ်ဆောင်ရသည်။ ယောကျ်ားများက အလုပ်လုပ်ရပြီး ပိုက်ဆံရှာရသည်။ အချို့ဓလေ့များတွင် အမျိုးသမီးများအား အားနည်းသူ၊ အကူအညီမဲ့သူ အဖြစ် ရှုမြင်ကြပြီး အမျိုးသားများအား သန်မာသူ၊ လုပ်နိုင်ကိုင်နိုင်စွမ်း ရှိသူများအဖြစ် ယူဆကြသည်။ အချို့ ဓလေ့များတွင် အမျိုးသမီးများသည် ကူညီတတ်သည်၊ စိတ်ခံစားထိခိုက်လွယ်သည်ဟု ရှုမြင်ကာ အမျိုးသားများသည် တာဝန်မယူတတ်၊ ကြမ်းတမ်းခက်ထန်သည်ဟု မြင်ကြသည်။

ထိုအခန်းကဏ္ဍများကို ငယ်ရွက်စဉ် ကလေးဘဝကတည်းကသင်ကြားခြင်း ခံခဲ့ရကာ စာသင် ကျောင်း ၊ ဘာသာရေး၊ အလုပ်ခွင် စသည့် လူမှုသိပ္ပံကျောင်းများက အထောက်အပံ့ ပြုသည်။ ကလေးတစ်ယောက် ကြီးပြင်းလာသည်နှင့်အတူ မိဘများကလည်း ထိုကလေး ယောကျ်ားလေးဖြစ်သည်၊ မိန်းကလေး ဖြစ်သည် ပေါ် မူတည်၍ ကွဲပြားစွာ ဆက်ဆံကြသည်။ ဥပမာ ယောကျ်ားလေးများသည် ကုန် တင်ကား၊ လေယာဉ်၊ သေနတ် စသည့် ကစားစရာများ ကစားရန် အားပေးအားမြှောက်ပြုခြင်း ခံရပြီး မိန်းကလေးများက ဘိုမရုပ်ကလေးများနှင့် ကစားရန် အားပေးခြင်း ခံရသည်။

ယောက်ျားလေးများ အားကစား လုပ်ရန် နိုးဆော်ခြင်း ခံရချိန် မိန်းကလေးများက တိတ်ဆိတ်စွာ လုပ်ကိုင်ရသည့် ချက်ပြုတ်ခြင်း၊ ယက်ကန်းခတ်ခြင်းများတွင် ပါဝင်ရသည်။ ထိုသို့ ပြုမူခြင်းဖြင့် ကလေးများ ကြီးလာသည့်အခါ မည်သည်များ လုပ်ဆောင်ရမည်ကို ရိုက်သွင်းပြီးသား ဖြစ်သွားသည်။ သေနတ်၊ လေယာဉ်များက ဒေါသကြီးခြင်း၊ ခွန်အားရှိခြင်းကို ကိုယ်စားပြုသည်။ ချက်ပြုတ်ခြင်းက နူးညံ့ညင်သာခြင်း၊ နာခံတတ်ခြင်းကို ကိုယ်စားပြုသည်။

Gender အပေါ် ယောက်ျားလေး၊ မိန်းကလေးများ သိမြင်လာသည့် အခြားနည်းတစ်ခုမှာ ယောက်ျား၊ မိန်းမ စံပြုပုဂ္ဂိုလ်များမှတစ်ဆင့် ဖြစ်သည်။ မိန်းကလေးများ သူမတို့၏ မိခင် သို့မဟုတ် အသိုင်းအဝိုင်းရှိ အမျိုးသမီးများ ဦးဆောင်နေသည်ကို မြင်သည့်အခါ ၄င်းတို့လည်း ဦးဆောင်သူများ ဖြစ်လာနိုင်သည်ဟု တွေးထင်လာကြသည်။ ယောက်ျားလေးများ ၄င်းတို့ဖခင် ကလေးထိန်းကျောင်းခြင်း၊ အိမ်မှုကိစ္စလုပ်ခြင်းများ ဆောင်ရွက်သည်ကို တွေ့သည့်အခါ ၄င်းတို့ လူကြီးဖြစ်လာသည့်အခါတွင်လည်း ထိုအလုပ်များ လုပ်ရမည်ဟု တွေးထင်လာကြသည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

Gender တူသော အဖွဲ့များတွင် ပူးပေါင်းပါဝင်ပါ။ စာရင်းနှစ်ခု လုပ်ပါ။

**၁။** သင် ကလေးဘဝတွင် အပေးခံရသော ကစားစရာများ

**၂။** သင် ကလေးဘဝက ကစားခဲ့သော ကစားနည်းများ

**အတန်းတွင်းတွင် မိမိတို့ ထုတ်နုတ်ထားသော မှတ်စုများအား နှိုင်းယှဉ်ကြည့်ပါ။ မည်သည့်အရွယ်မှစ၍ ယောက်ျားလေး၊ မိန်းကလေးများ ကွဲပြားသော အရုပ်များ၊ ကစားနည်းများ ကစားလာကြသနည်း။**

## ဆိုရှယ်လစ်ဇင်နှင့် အင်တာနေရှင်နယ်လစ်ဇင်

ဆိုရှယ်လစ်ဇင်ဆိုသည်မှာ လူများအား အပြုမူ၊ အခန်းကဏ္ဍ၊ သဘောထားနှင့် ယုံကြည်မှုစနစ်များအကြောင်း သင်ကြားပေးသည့် လုပ်ငန်းစဉ် ဖြစ်သည်။ ဤနည်းအားဖြင့် လူများ မိမိကိုယ်ကို၊ အခြားသူများနှင့် ပတ်ဝန်းကျင်ကို ရှုမြင်ပုံများအပေါ် အကျိုးသက်ရောက်မှု ရှိသည်။ ထိုလုပ်ငန်းစဉ်ကို မိသားစု၊ ကျောင်း၊ ဘာသာရေး၊ မီဒီယာ၊ နိုင်ငံရေး၊ စီးပွားရေး စသည်တို့က လုပ်ဆောင်ပေးသည်။

ဥပမာဝလေ့အများစုတွင်မီဒီယာများ၌အသားအရေမည်းသူများသည်ဆိုးသွမ်းကာယုံကြည်ဖွယ်ရာ မကောင်းသူများအဖြစ် သွယ်ဝိုက်ဖော်ပြသည့် ရုပ်ပုံများကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ အသားဖြူသူများသည် ပို၍ ယဉ်ကျေးကာ ပို၍ လှပသည်ဟု မီဒီယာများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖော်ပြကြသည်။ ကျွန်ုပ်တို့အတွေ့အကြုံများသည် ထိုဖော်ပြချက်များနှင့် ကွာခြားကောင်း ကွာခြားသော်လည်း ထိုကဲ့သို့ ပြောဆိုချက်များကို နေရာအနှံ့အပြား၌ ကျွန်ုပ်တို့ ကြားနေရသည်။ တစ်ခါတရံ ထိုအရာများကို ကျွန်ုပ်တို့ မယုံကြည်ချင်သော်လည်း ယုံကြည်လာသည်။ ထိုကဲ့သို့ပင် အသက်မွေးဝမ်းကျောင်းများ ကျွန်ုပ်တို့ကို အများစုပေးနေသော သတင်းစကားမှာ အမျိုးသမီးများသည် နာခံတတ်သော နောက်လိုက်များ ဖြစ်ကာ အမျိုးသားများသည် ဦးဆောင်သူများ ဖြစ်သည် ဟူသော အချက်ပင် ဖြစ်သည်။

ဇီဝဗေဒ ဝိသေသလက္ခဏာများသည် မျိုးဆက်အလိုက် မိဘများမှ သားသမီးများသို့ မျိုးရိုးဗီဇ အချက်အလက်များအဖြစ် လက်ဆင့်ကမ်း ဆင်းသက်လာသည်ဟု သိပ္ပံပညာမှ ကျွန်ုပ်တို့ သိရှိရသည်။

ထုံးတမ်းဓလေ့ အချက်အလက်များသည် ဆိုရှယ်လိုက်ဇေးရှင်းအဖြစ် မျိုးဆက်အလိုက်လက်ဆင့်ကမ်း ဆင်းသက်လာသည်။ ကလေးများ ယဉ်ကျေးရန်၊ လူကြီးသူမများရှေ့တွင် မည်သို့မည်ပုံ ပြုမူရန်၊ ယောကျ်ားလေး၊ မိန်းကလေးများ မည်သို့ ကွဲပြားစွာ ပြုမူရန် ဆိုရှယ်လိုက်ဇေးရှင်းက သင်ကြားပေးသည်။ ဇီဝလက္ခဏာရပ်များ မျိုးရိုးဗီဇအတွင်း ဆင်းသက်လာသလိုပင် **Gender** အပေါ် တန်ဖိုးပိုင်းဖြတ်မှု၊ ယုံကြည်မှု၊ ဓလေ့၊ သဘောထားများသည်လည်း ဆိုရှယ်လိုင်ဇေးရှင်းအတွင်း ဆင်းသက်လာသည်။

ဆိုရှယ်လိုင်ဇေးရှင်းကြောင့် အင်တာနေရှင်နယ်လိုင်ဇေးရှင်း ပေါ်ပေါက်လာသည်။ လူများသည် ၎င်းတို့ သင်ကြားခံရသော အချက်အလက်များကို ဆိုရှယ်လိုင်ဇေးရှင်းဖြင့် သယ်ဆောင်ကာ ၎င်းကိုပင် **'အမှန်တရား'** သို့မဟုတ် **'သဘာဝကျသည်'** ဟု မှတ်ထင်ကြသည်။ ထိုသတင်းစကားများကို အခြေခံ၍ ၎င်းတို့၏ အပြုအမူ၊ သဘောထား၊ ယုံကြည်မှုစနစ်များကို တည်ဆောက်ကြသည်။ ထို့ကြောင့် အသားအရောင်ဥပမာကို ပြန်ကြည့်လျှင် အသားမည်းသူများက ၎င်းတို့ကိုယ်ကို အသားဖြူသူများလောက် မကောင်း၊ မလှဟု စတင်ယုံကြည်လာသည်။ ရလဒ်အားဖြင့် အချို့လူဖြူများက ၎င်းတို့သည် အခြားသူများအားလုံးထက် သာလွန်ကောင်းမွန်သည်ဟု စတင်ယုံကြည်လာသည်။ ထိုကဲ့သို့ပင် အမျိုးသား၊ အမျိုးသမီး အများအပြားသည် ယောကျ်ားများ ဦးဆောင်နိုင်သည်ဟု ယုံကြည်လာကြသည်။ ထိုသို့ယုံကြည်ခြင်းက အမျိုးသမီးများ၏ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိ မရှိအပေါ် သက်ရောက်လာသည်။ အချို့ အမျိုးသမီးများသည် ၎င်းတို့ မိန်းမ ဖြစ်နေခြင်းကြောင့် ခေါင်းဆောင်ကောင်း မဖြစ်နိုင်ဟု ယုံကြည်ကြသည်။

လူသားများသည် ဆိုရှယ်လိုင်ဇေးရှင်းနှင့် အင်တာနေရှင်နယ်လိုင်ဇေးရှင်း လုပ်ငန်းစဉ်များဖြင့် ထုံးတမ်းဓလေ့များကို ဖန်တီးကြသည်။ ဓလေ့များသည် စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိသည်။ ဆိုရှယ်လိုင်ဇေးရှင်းနှင့် အင်တာနေရှင်နယ်လိုင်ဇေးရှင်းကို လေ့လာမိသောကြောင့် အနုတ်လက္ခဏာ သတင်းစကားများကို သတိမထားမိတော့ပေ။ ဤသို့ဖြင့် လူများသည် မိမိတို့ကိုယ်တိုင်သာမက လူ့အဖွဲ့ အစည်းကိုပါ စိန်ခေါ်ရန်၊ ပြောင်းလဲပစ်ရန် တန်ခိုးထွားလာသည်။



ပြင်သစ်ကာတွန်း 'ကွန်ဂိုရှိ တင်တင်'မှ



အိန္ဒိယရုပ်ရှင်ဇာတ်ကား 'ဓီဒတ်စ်' ပိုစတာမှ

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ပြီးခဲ့သည့် စာမျက်နှာမှ ရုပ်ပုံကားချပ်များကို ဆွေးနွေးပါ။ လူဖြူ လူမည်း၏ အခန်းကဏ္ဍအကြောင်း မည် သို့ ပြောထားသနည်း။ ယောကျ်ား၊ မိန်းမတို့၏ အခန်းကဏ္ဍအကြောင်း မည်သို့ ပြောထားသနည်း။ ထိုအခန်းကဏ္ဍများကို လူအများအပြား လက်ခံသည်ဟု သင်ထင်ပါသလား။ ထိုရုပ်ပုံကားချပ်မျိုးက ဆိုရှယ်လိုက်ဖ်ေရှင်း၊ အင်တာနေရှင်နယ်လိုက်ဖ်ေရှင်းတို့နှင့် မည်သို့ ဆက်စပ်နေသနည်း။

## ဆွေးနွေးချက်

**မြန်မာနိုင်ငံတွင် သင် ဤကြော်ငြာကို နေရာတကာ မြင်တွေ့နိုင်သည်။ ကြော်ငြာဘုတ်၊ မဂ္ဂဇင်း၊ ဈေးဆိုင်များတွင် မြင်တွေ့နိုင်သည်။ ဤပုံမှာ ဆေးခန်းအရှေ့တွင် ကပ်ထားသော ရုပ်ပုံကားချပ်ပုံ ဖြစ်သည်။ အက်ပီတန်သည် ဗီတာမင်နှင့် အစားအသောက်အထောက်အပံ့များကို ပေးသည်။**

**၁။** ကြော်ငြာရှိ ကလေးများသည် စံပြများအဖြစ် မည်သို့ အသုံးပြုခြင်း ခံထားရသနည်း။

**၂။** ဤကြော်ငြာ အောင်မြင်သည်ဟု သင်ထင်ပါသလား။ ဤကြော်ငြာကြောင့် လူများ အက်ပီတန်ကို ဝယ်ကြပါသလား။ အဘယ့်ကြောင့်နည်း။

**၃။** ဤကြော်ငြာဆိုင်းဘုတ်က ကလေးများအပေါ် ဆိုရှယ်လိုက်ဖ်ေရှင်း ဖြစ်စေနိုင်ပါသလား။ မည်ကဲ့သို့ ဖြစ်စေနိုင်သနည်း။

## မျိုးရိုးစဉ်ဆက် Gender

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

**၁။** အဖွဲ့လိုက် လေ့ကျင့်ပါ။ အဖွဲ့ရှိ ပါဝင်သူ တစ်ယောက်စီက မိမိ၏ အဖိုး သို့မဟုတ် အဖွားအကြောင်း အလှည့်ကျ ပြောပါ။ သင်သည် အမျိုးသမီးတစ်ဦးဆိုလျှင် သင်၏ အဖွားအကြောင်း ပြောပါ။ သင်က အမျိုးသားဆိုလျှင် သင်၏ အဖိုးအကြောင်း ဖော်ပြပါ။ သင့် အဖိုး သို့မဟုတ် အဖွားအကြောင်း ပြောဆိုရာ၌ အောက်ပါ မေးခွန်းများကို ထည့်သွင်းစဉ်းစား ပြောဆိုပါ။

– သင့် အဖိုး သို့မဟုတ် အဖွားနှင့် ပတ်သက်၍ မည်သည့်အရည်အချင်းများကို သင်မှတ်မိသနည်း။

– ထိုအရည်အချင်းများသည် ထိုအဖိုး၊ အဖွားတို့ လက်ထက်က စံပြ ဖြစ်ခဲ့ပါသလား။ သင့် အဖိုး၊

အဖွားခေတ်က ယောက်ျား၊ မိန်းမတို့ မည်သို့ ပြုမူရမည်ဟု လူများ ယူဆခဲ့ကြသနည်း။
– သင့်အဖိုး၊ အဖွားခေတ်က အမျိုးသား၊ အမျိုးသမီးများ သတ်မှတ်ထားသည့် လမ်းစဉ်အတိုင်းမလိုက်လျှင် သူငယ်ချင်း၊ မိသားစု၊ လူ့အသိုင်းအဝိုင်းက မည်သို့ ဆက်ဆံကြသနည်း။
– ထိုကဲ့သို့ သတ်မှတ်ချက်များကြား သင် နေထိုင်၍ အဆင်ပြေနိုင်ပါသလား။

**၂။** လူတိုင်း အယောက်စေ့ အလှည့်ကျ စကားပြောပြီးလျှင် အမျိုးသမီးများက အမေအကြောင်း၊ အမျိုးသားများက အဖေအကြောင်း ပြောပါ။ ပြောနေစဉ် ယခင်မေးခွန်းများကို ထည့်သွင်း စဉ်းစားသွားပါ။

**၃။** ပြီးလျှင် အောက်ပါမေးခွန်းများကို စဉ်းစားကာ အဖွဲ့လိုက် ဆွေးနွေးပါ။
သင်သည် သင့်အဖိုး (သို့) အဖွား နှင့် သင့် အမေ(သို့) အဖေတို့၏ လွှမ်းမိုးမှု ခံရပါသလား။
သင့်ခေတ်တွင် ယောက်ျား၊ မိန်းမများ၏ အပြုအမူများနှင့် ပတ်သက်၍ သင်၏ ကိုယ်ပိုင် အတွေ့အကြုံများမှာ အဘယ်နည်း။
**ထို သတ်မှတ်ချက်များနှင့် သင် အဆင်ပြေပါသလား။**
**ထို သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေမှု မရှိသည့် အမျိုးသား၊ အမျိုးသမီးများကို ပတ်ဝန်းကျင်က မည်သို့ ဆက်ဆံသနည်း။**

**၄။** သင်သည် အမျိုးသမီးဆိုပါက နောက်လာမည့်မျိုးဆက်တွင် လူဖြစ်လာမည့် အမျိုးသမီးတစ်ဦးကို ပုံဖော်ကြည့်ပါ။သင်သည်အမျိုးသားဆိုပါကနောက်ထပ်ပေါက်လာမည့်မျိုးဆက်ရှိယောက်ျားတစ်ယောက်ကို ပုံဖော်ကြည့်ပါ။
– ထိုသူအတွက် မည်သို့ အရည်အချင်း၊ မျှော်လင့်ချက်၊ သတ်မှတ်ချက်များ သင်ရှိစေချင်သနည်း။
– နောက်လာမည့် မျိုးဆက်ရှိ အမျိုးသား၊ အမျိုးသမီးများ တန်းတူ နေထိုင်နိုင်မည်ဟု သင်ထင်ပါသလား။
– အမျိုးသားနှင့် အမျိုးသမီး တန်းတူ မညီမျှနိုင်သည့် အတားအဆီးများမှာ အဘယ်နည်း။
– အနာဂတ် အမျိုးသား၊ အမျိုးသမီးများ တန်းတူ ဖြစ်စေရန် လက်ရှိမျိုးဆက်က မည်သည်များ လုပ်ဆောင်ပေးနိုင်သနည်း။

**စဉ်းစားခိုင်းခြင်း**

## ယောက်ျားမိန်းမနှင့် မိသားစု

မိသားစုဆိုသည်မှာ အဘယ်နည်း။ မိသားစုထဲတွင် မည်သူများ ပါဝင်နိုင်သနည်း။ မိသားစုတွင် ပါဝင်နိုင်သူများကို ရေးချပါ။

## လေ့ကျင့်ခန်းများ

**အောက်ပါရုပ်ပုံများကို ကြည့်ပါ။ ထိုသူများသည် မိသားစု ဖြစ်ပါသလား။ အဘယ့်ကြောင့်နည်း။**



အွမ်သည် မိခင်၊ ဖခင်၊ အဒေါ်နှစ်ဦး၊ ဝမ်းကွဲမောင်နှမ၊ အဘိုးအဘွားများနှင့်အတူဘောဂျင်းရှိ အိမ်အကြီးကြီး တစ်လုံးတွင်နေထိုင်သည်။အိမ်တွင်သူမသည် အငယ်ဆုံးကလေး ဖြစ်သည့်အတွက်ဂရု စိုက်မှု များစွာ ခံရသည်။



လက်စ်တာနှင့်ကလစ်ဖ်သည်အတူတကွလက်တွဲ၍က လေးပြုစုပျိုးထောင်ရန် ဆုံးဖြတ်ထားကြသည်။ ၄င်းတို့ သည် လွန်ခဲ့သည့် သုံးနှစ်က ပီတာကို မွေးစားကာ မာရီယာကို ပြီးခဲ့သည့်လကမှ မွေးစားခဲ့သည်။ လက်စ်တာသည် ရှေ့နေတစ်ယောက်ဖြစ်ပြီး ကလစ်ဖ်မှာ ကလေးများနှင့်အတူ အိမ်တွင် နေသည်။



ဒေးဗစ်နှင့်သူ့မိန်းမမှာကွာရှင်းထားသည်။ သူသည်သမီးနှစ်ယောက်၊သားတစ်ယောက်နှင့်အတူနေထိုင်ကာ မိမိဘာသာ ထိုကလေးများကို စောင့်ရှောက်သည်။သူ့ဇနီးဖြစ်သူသည်အခြားနိုင်ငံသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ အငယ်ဆုံးသားမှာ မိခင်ဖြစ်သူကို လုံးဝ မှတ်မိခြင်း မရှိပေ။




အာရီနှင့် ယိုကို လက်ထပ်ထားသည်မှာ နှစ်ဆယ့်ငါးနှစ် ရှိပြီ ဖြစ်သည်။ ၄င်းတို့ နှစ်ယောက်လုံးအလုပ်များဖြင့် မအားလပ်သောကြောင့် ကလေးမယူရန် ဆုံးဖြတ်ထားကြသည်။



ဒုံဆန်း၏အရင်ဇနီးသေဆုံးသွားချိန်လူမမယ်သမီးငယ်တစ်ဦးကျန်ရစ်သည်။သူသည်အိမ်ထောင်ကွဲသမီးသုံးယောက်မိခင်ချန်စုနှင့် ဆုံ တွေ့သည်။ယခု ၄င်းတို့အားလုံး အတူ–တကွ နေထိုင်ကြသည်။

ဂျိုင့်စ်သည် အထက် တန်းကျောင်းသားဘဝတွင်သာဘိုနှင့် ချစ်ကြိုက်သည်။ ၄င်းတို့နှစ်ဦး ဘွဲ့ရပြီးသောအခါ လက်ထပ်ကြသည်။ ယခု ၄င်းတို့တွင်ကလေးငယ်နှစ်ဦး ရပြီးဖြစ်သည်။



ပေါင်းလို၏ဖခင်သည်လွန်ခဲ့သည့် ငါးနှစ်ကလေဖြတ်သွားသောကြောင့် မိမိကိုယ်ကို မစောင့်ရှောက်နိုင်တော့ ချေ။ ထို့ကြောင့် ပေါင်းလိုက ဖခင် ကို ပြုစုရသည်။ ၄င်းတို့သည် ပေါင်းလိုဆောက်လုပ်ရေးလုပ်သားအဖြစ် အလုပ်လုပ်ရာ ဘရာဇီးရှိ မြို့ကြီးတစ်မြို့တွင် နေထိုင်ကြသည်။ ပေါင်းလိုသည် နေ့စဉ်နေတိုင်း အလုပ်မှ အိမ်သို့ အလျင်အမြန်ပြန် ကာ နှစ်ယောက်စာ ချက်ပြုတ်ရသည်။



အေးအေးဝင်း၊ အဲလစ်ဇာဘက်နှင့် စောကြီးတို့သည် ရန်ကုန်မြို့လယ်တွင် အခန်းငှားနေကြသည်။ အမျိုးသမီးများက အခန်းတစ်ခန်းတွင် အိပ် ၍ စောကြီးက အခြားတစ်ခန်းတွင် အိပ်သည်။ ချက်ပြုတ်ခြင်းနှင့် အိမ်အလုပ်များကို မျှလုပ်ကြသည်။ ၄င်းတို့သည် ကချင်ပြည်နယ် ဒေသတစ်ခုတည်းမှ လာသော် လည်း အမျိုးတော်စပ်ခြင်း မရှိပါ။ အဲလစ်ဇာဘက်နှင့် စောကြီးသည် ဒေါက်တာဘွဲ့တက်နေသော ကျောင်းသားများဖြစ်ပြီး အေးအေးဝင်းသည် စာရင်းကိုင်အဖြစ် အလုပ်လုပ်နေသူ ဖြစ်သည်။



မိသားစုတစ်ခုတွင် ခင်ပွန်း၊ ဇနီး၊ သားသမီး ပါဝင်ပြီး ခင်ပွန်းသည်မှာ အိမ်ထောင်ဦးစီးဖြစ်သူဟု လူအများအပြားက ယူဆထားကြသည်။ ထိုကဲ့သို့ မိသားစုမျိုးကို Neclear Family ဟု ခေါ်သည်။ သို့ရာတွင် ကမ္ဘာတစ်ဝှမ်း လူ့အသိုင်းအဝိုင်း အများအပြား၌ မိသားစုများကို ချဲ့ထွင်မိသားစုဝင်များဖြင့် ဖွဲ့စည်းထားသည်။ အချို့မိသားစုများတွင် မျိုးဆက်များစွာ စုပေါင်းနေထိုင်သည်။ အ ချို့မိသားစုတွင် အမိ သို့မဟုတ် အဘ တစ်ဦးသာ ရှိသည်။ အချို့မိသားစုတွင် လိင်တူစုံတွဲ သို့မဟုတ် အခြားပုံစံ အမြောက်အမြား ပါရှိသည်။ လတ်တလော ကုလသမဂ္ဂ လေ့လာတွေ့ရှိချက်အရ လူအများစု အိမ်ထောင်ပြုကြသော်လည်း အများအပြားမှာ အသက်ကြီးမှ အိမ်ထောင်ပြုသည်။ အနောက်ဥရောပနှင့် မြောက်အမေရိကကဲ့သို့ ဒေသများတွင် ကွာရှင်းခြင်းသည် ဖြစ်နေကျ ဖြစ်သည်။ အိမ်ထောင်ပြုပြီးသား စုံတွဲ၏ တစ်ဝက်ကျော်သည် ကွာရှင်းပြတ်စဲကြသည်။ဤသို့ဖြင့် အဖေ သို့မဟုတ် အမေ တစ်ဦးတည်း ရှိသော မိသားစု၊ ယောကျ်ားဘက် မိန်းမဘက်မှ ပါလာသော ကလေးများပါဝင်သည့် မိသားစုများ အများအပြား ပေါ်ပေါက်လာသည်။လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်း (ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်း စသည်)နှင့် အစိုးရများက ယူဆထားသည်မှာ ယောကျ်ားများသည် အိမ်ထောင်ဦးစီး ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထိုယူဆချက်ကြောင့် အမျိုးသမီးများ ပြဿနာအများအပြား ကြုံတွေ့ရသည်။

အချို့နိုင်ငံများတွင် အမျိုးသမီးများသည် မိမိတို့၏ ကလေးများကို အုပ်ထိန်းပိုင်ခွင့် ရရန် အခက်အခဲရှိသည်။ ယောကျ်ားများအား 'အိမ်ထောင်ဦးစီး'အဖြစ် ရှုမြင်ခြင်းအားဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ သေးသိမ်ကာ တန်ဘိုးလျော့ကျသွားသည်။ ဥပမာအားဖြင့် အ ချို့အစိုးရများသည် အမျိုးသမီးများထက် အမျိုးသားများအပေါ် လူမှုအထောက်အပံ့ (အလုပ်လက်မဲ့လခနှင့် အခြားအကျိုးအမြတ်များ)ပိုပေးလေ့ရှိသည်။အဘယ့်ကြောင့်ဆိုသော် ယောကျ်ားများသည် မိသားစုအတွင်း ဝင်ငွေအဓိကရှာသူ ဖြစ်သည့်အတွက် အမျိုးသမီးများထက်စာလျှင် မိသားစုကို ထောက်ပံ့ရန် ပိုက်ဆံ ပိုလိုအပ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။

အမှန်တွင်တော့ အမျိုးသမီးအများအပြားသည် အိမ်ထောင်ဦးစီးများ ဖြစ်ကြသည်။ ကမ္ဘာပေါ်ရှိ အိမ်ထောင်စုအားလုံး၏ သုံးပုံတစ်ပုံကို အမျိုးသမီးများ ဦးဆောင်နေရသည်။ ပဋိပက္ခဖြစ်နေသော အရပ်ဒေသများတွင် ထိုကိန်းဂဏန်းမှာ ၈၀ ရာခိုင်နှုန်းထိ မြင့်တက်လျက် ရှိသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်များ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းအချို့မှာ

- အိမ်ထောင်မရှိခြင်းကြောင့်
- ခင်ပွန်းသည်နှင့် ကွာရှင်းထားသောကြောင့်
- မုဆိုးမ ဖြစ်သောကြောင့်
- အခြားအမျိုးသမီး သို့မဟုတ် အခြားမိသားစု သို့မဟုတ် အခြားလူ့မှုအသိုင်းအဝိုင်းဝင်များနှင့်အတူ နေထိုင်ခြင်းကြောင့်
- ယာယီသို့မဟုတ် ကာလကြာရှည် ပစ်ခွာထားခြင်း ခံရ၍ (အမျိုးသားက စစ်သားအဖြစ် တာဝန်

ထမ်းဆောင်နေသည့်အခါမျိုး)
– ကာလကြာရှည် ရွှေ့ပြောင်းနေထိုင်ခြင်း သို့မဟုတ် စီးပွားရေးအကျပ်အတည်းကြောင့် အိမ်ရှိ ယောကျ်ားလေးများ အဝေးသို့ ထွက်ခွာသွားရခြင်းကြောင့်
– စစ်ပွဲ သို့မဟုတ် သဘာဝဘေးအန္တရာယ်များက အမျိုးသမီးနှင့် ကလေးများအား ဒုက္ခသည် ဖြစ်လာစေခြင်းကြောင့်

ဆင်းရဲခြင်းနှင့် **Gender** ကြား ကြီးမားသော ဆက်နွယ်မှုတစ်ခု ရှိနေသည်။ ကျန်းမာရေးစောင့်ရှောက်၊ ကလေးစောင့်ရှောက်မှု စသည့် လူမှုဝန်ဆောင်မှု နည်းခြင်းကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်အများအပြားမှာ ဆင်းရဲကြသည်။ အမျိုးသမီးများ အလုပ်လုပ် ခွင့် မရှိခြင်း၊ လစာနည်းခြင်းတို့ကြောင့် ဆင်းရဲမှုကို ဦးတည်သည်။ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများ၊ ဒုက္ခသည်အမျိုးသမီးများအတွက် ပြဿနာမှာ ပိုဆိုးရွားသည်။ ထိုအမျိုးသမီးများသည် ခွဲခြားဆက်ဆံခြင်းကို ပိုခံရတတ်သည်။

အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်ကို ရေတွက်ရန် ခက်ခဲသည်။ အဘယ့်ကြောင့်ဆိုသော ယောကျ်ားများ တစ်ချိန်မဟုတ်တစ်ချိန် (အချိန်တိုလည်း ဖြစ်နိုင်) ရှိနေ–ခြင်း၊ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ကိန်းဂဏန်းများက များသောအားဖြင့် ထိုယောကျ်ားများကိုသာ အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်သောကြောင့် ဖြစ်သည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

သင့်မိသားစု သို့မဟုတ် သင့်အသိုင်းအဝိုင်းရှိ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြင့် ဥပမာအချို့ ပေးပါ။ ထို့နောက် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** ထိုအိမ်ထောင်စုများရှိ အမျိုးသားများ ဘာဖြစ်သွားသနည်း။

**၂။** ထိုအိမ်ထောင်စုများသည် မည်ကဲ့သို့သော ပြဿနာများနှင့် ကြုံတွေ့ရသနည်း။

**၃။** အမျိုးသမီး မပါသည့် အိမ်ထောင်စုများကို သင်တွေ့ဖူးပါသလား။ ထိုအိမ်ထောင်စုများရှိ အမျိုးသမီးများ ဘာဖြစ်သွားသနည်း။

**၄။** ၄င်းတို့ မည်သည့်ပြဿနာများ ရင်ဆိုင်ရသနည်း။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ကြုံတွေ့ရသော ပြဿနာများနှင့် ဆင်တူပါသလား။

**၅။** လူမှုအသိုင်းဝိုင်း သို့မဟုတ် လူ့အဖွဲ့အစည်းက ယေဘုယျ ကူညီနိုင်မည့် နည်းလမ်းများကို သင် သိပါသလား။

## လေ့ကျင့်ခန်းများ

အောက်ပါ ဇယားသည် ၁၉၈၀ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း တိုက်သုံးတိုက်၌ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ရာခိုင်နှုန်းကို ခန့်မှန်းဖော်ပြထားသည်။ ဇယားရှိ အချက်အလက်များကို ကြည့်၍ မေးခွန်းများကို ဖြေဆိုပါ။

| **ဒေသ** | **၁၉၈၀** | **၁၉၉၀** |
|---|---|---|
| **အာဖရိက** | ၂၀.၆ | ၁၈.၂ |
| **အာရှ၊ ပစိဖိတ်** | ၁၄.၉ | ၁၇.၂ |
| **အနောက်ဥရောပနှင့် မြောက်အမေရိက** | ၂၃.၇ | ၃၁.၂ |

**၁။** ၁၉၉၀ တွင် မည်သည့်ဒေသ၌ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း အမြင့်ဆုံးတွင် ရှိသနည်း။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသည်ဟု သင်ထင်သနည်း။

**၂။** အာရှ ပစိဖိတ်ဒေသရှိ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုရာခိုင်နှုန်းမှာ ၁၉၈၀ မှ ၁၉၉၀ ကြား ၂.၃ ရာခိုင်နှုန်း မြင့်တက်သွားသည်။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသည်ဟု သင်ထင်သနည်း။

### ယောက်ျားမိန်းမနှင့် ဆုံးဖြတ်ချက်ချခြင်း

## စဉ်းစားခိုင်းခြင်း

မိသားစုအတွင်း ချလေ့ရှိသော ဆုံးဖြတ်ချက်များကို စဉ်းစားကြည့်ပါ။ အတန်းတွင်း စဉ်းစားချက်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

## လေ့ကျင့်ခန်းများ

ရေးချထားသော စာရင်းကို ကြည့်ပါ။ သင့်မိသားစု သို့မဟုတ် သင့်အသိုင်းအဝိုင်းရှိ မိသားစုများတွင် ထိုဆုံးဖြတ်ချက်များကို မည်သူက ချသည်ကို စဉ်းစားကြည့်ပါ။ အမျိုးသမီးချလေ့ရှိသည်ဟု ထင်လျှင် W ဟု အမှတ်အသားလုပ်ပါ။ အမျိုးသားချလေ့ရှိသည့် ဆုံးဖြတ်ချက်များကို M ဟု မှတ်ပါ။ ဆုံးဖြတ်ချက် ချရာ၌ အမျိုးသားကော အမျိုးသမီးပါ ညီတူညီမျှ ပါဝင်သည်ဟု ထင်လျှင် B ဟု ရေးမှတ်ပါ။

**သင်တို့၏ ရလဒ်များကို သင်ပုန်းပေါ်တွင် ရေးချပါ။ သင့်ဆရာက မေးသည့် မေးခွန်းများကို ဖြေဆိုပါ။**

**ဆွေးနွေးချက်**

**အမျိုးသမီးများသာ ဆုံးဖြတ်မှ သင့်တော်မည့် ကိစ္စရပ်များ ရှိပါသလား။**
**အမျိုးသားများသာ ဆုံးဖြတ်မှ သင့်တော်မည့် ကိစ္စရပ်များ ရှိပါသလား**

**သင်ခန်းစာပြန်လည်လေ့လာခြင်း**

**အောက်ပါမေးခွန်းများကို ဖြေပါ။**

**၁။** စံပြပုဂ္ဂိုလ် ဆိုသည်မှာ အဘယ်နည်း။

**၂။** ဆိုရှယ်လိုင်ဇေးရှင်းနှင့် အင်တာနေရှင်နယ်လိုင်ဇေးရှင်းတို့ကို သင်၏ကိုယ်ပိုင် စကားလုံးများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါ။

**၃။** သင် ကလေးဘဝက ကစားသော ကစားစရာများက ယောက်ျားမိန်းမနှင့် ပတ်သက်၍ သင့်ယုံကြည်ချက်ကို မည်သို့ သက်ရောက်မှု ရှိသနည်း။

**၄။** သင့်အသိုင်းအဝိုင်းရှိ လူများ အသုံးပြုလေ့ရှိသော အဆိုးမြင် အစွန်းရောက်ဝါဒီသုံးခုကို ဥပမာပေးပါ။

**၅။** Neclear Family နှင့် Extended Family မည်သည် ပိုကြီးသနည်း။

**၆။** အိမ်ထောင်စုတစ်ခုကို အမျိုးသမီး ဦးဆောင်ရသည့် အကြောင်းရင်းသုံးရပ်ကို ဖော်ပြပါ။

**၇။** အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အတိအကျ ရယူရန် အဘယ့်ကြောင့် ခက်ခဲသနည်း။

## ၄။ ယောက်ျားမိန်းမကို အခြေခံ၍ ဖြစ်ပေါ်လာသော အကြမ်းဖက်မှု

**သော့ချက်စကားလုံးများ**

လွတ်လပ်ရေး (liberty)၊ စိတ်ပိုင်းဆိုင်ရာ (mental)၊ လိင်လုပ်သား (sex worker)၊ နှိပ်စက်ညှဉ်းပမ်းသည် (abuse)၊ ရုပ်ပိုင်းဆိုင်ရာ စော်ကားသည် (assault)၊ ခံစားခံ (victim)၊မိမိ၏ ဆန္ဒကို ဆန့်ကျင်၍ (against someone's will)၊ ရဲတိုင်အမှုဖွင့်သည် (press charges)၊ သေချာနားလည်သဘောတူပြီးမှ သဘောတူသည် (informed consent)

**စဉ်းစားခိုင်းခြင်း**

ယောက်ျားမိန်းမကို အခြေခံ၍ ဖြစ်ပေါ်လာသော အကြမ်းဖက်မှုဆိုသည်မှာ အဘယ်နည်း။

**ယောက်ျားမိန်းမကို အခြေခံ၍ ဖြစ်ပေါ်လာသော အကြမ်းဖက်မှု** (GBV)။ ။ အမျိုးသမီးထုကို ဆန့်ကျင်သည့် ကြမ်းတမ်းသော လုပ်ဆောင်မှုများကို ဆိုလိုသည်။ ဤ လုပ်ဆောင်မှုတွင် ခံစားခံ၏ လိင်မှာ အကြမ်းဖက်ခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်၊ GBV သည် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်နိုင်ကာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ နှင့် လွတ်လပ်ရေး ထိပါးခြင်း စသည့် ခြိမ်းခြောက်သည့် အပြုအမူများ ပါဝင်သည်။ GBV သည် လူမြင်ကွင်းတွင်ကော မျက်ကွယ်ရာတွင်ပါ ဖြစ်ပွားနိုင်သည်။

## လေ့ကျင့်ခန်းများ

အောက်ပါမှ မည်သည့်အခြေအနေများသည် လိင်ကို အခြေခံ၍ ဖြစ်ပေါ်သော အကြမ်းဖက်မှုများနှင့် ဆက်နွယ်သည့် ဥပမာများ ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။

**၁။** စီတာသည် ဦးလေးနှင့် နေထိုင်သူ အသက် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ယောက် ဖြစ်သည်။ သူမ ဦးလေးက သူမအား သန့်ရှင်းရေး၊ ချက်ပြုတ်ခြင်း စသည့် အိမ်အလုပ်အားလုံးကို လုပ်ကိုင်စေသည်။ သူမထွက်ပြေးသွားမည်ကို စိုးသောကြောင့် ညအခါတွင် သူမအား အပြင်ပေးမထွက်ဘဲ အခန်းအတွင်း သော့ခတ်ထားလေ့ ရှိသည်။ သူ့ဦးလေးသည် သူမထက် အသက်ပိုကြီးသော အမျိုးတော်စပ်သူယောကျ်ား တစ်ဦး ဖြစ်သည့်အတွက် သူ့အတွက် အလုပ်လုပ်ကိုင်ပေးရန် သူမတွင် တာဝန်ရှိသည်ဟု သူ့ဦးလေးက ဆို သည်။

**၂။** မူမူ့တက္ကသိုလ် တစ်တန်းတည်းရှိ ယောကျ်ားလေးအချို့သည် မူမူအား ရိုင်းစိုင်းစွာ ရှုမြင်ပြောဆိုကြသည်။ ၎င်းတို့သည် မူမူ၏ ခန္ဓာကိုယ်ကို စူးစိုက်ကြည့်လေ့ ရှိပြီး လိင်ပိုင်းဆိုင်ရာ ကောက်ချချက်မှုများ ပြု ကာ ထိကပါး ရိကပါး ပြောဆိုကြသည်။ ထိုဖြစ်ရပ်ကြောင့် မူမူမှာ စိတ်မချမ်းသာ ဖြစ်လျက် ရှိသည်။ ထိုယောကျ်ားလေးများအား ရှောင်ကွင်းနိုင်ရန်အတွက် တက္ကသိုလ်မှထွက်ရန် သူမ စဉ်းစားလျက် ရှိသည်။

**၃။** ဒေါ်စန်းစန်း၏ ခင်ပွန်းသည် ဒေါ်စန်းစန်းကို မကြာခဏ ရိုက်နှက်လေ့ ရှိသည်။ တစ်ခါတရံ သူမ သူ့အတွက် ချက်ပြုတ်ပေးသော ဟင်းကို မကြိုက်သောကြောင့် သူ သူမကို ရိုက်သည်။ တစ်ခါတရံ ကလေးများ ညံစီနေသောကြောင့် သူမကို ရိုက်သည်။ တစ်ခါတရံ သူမ ဝတ်ဆင်သော အဝတ်အစားများကို မကြိုက်သောကြောင့် ရိုက်သည်။

**၄။** မီလှမြိုင်သည် စားသောက်ဆိုင်တစ်ခုတွင် စားပွဲထိုးအဖြစ် လုပ်ကိုင်လျက် ရှိသည်။ သူမ ည ၁ နာရီတွင် အလုပ်သိမ်းလေ့ ရှိသည်။ တစ်နေ့ သူမ အိမ်လမ်းလျှောက်ပြန်စဉ် ယောကျ်ားတစ်ဦး သူမနောက်မှလိုက် လာသည်။ ထိုသူက အမျိုးသမီးတစ်ဦး ညဘက် တစ်ယောက်တည်း လမ်းလျှောက်ခြင်းသည် မကောင်း၊ မိန်းမပျက် ဖြစ်သည်ဟု ပြောဆိုသည်။ သူက သူမအား လိင်ဆက်ဆံရန် အားထုတ်သောအခါ သူမ တိုက် ခိုက်ထွက်ပြေးခဲ့သည်။

**၅။** နော်ဝါးသည် ထိုင်းနယ်စပ်ရှိ ဆင်းရဲသောရွာတစ်ရွာမှ လာသူ ဖြစ်သည်။ သူမက မိသားစုကို ထောက်ပံ့ရန် ငွေရှာလိုသည်။ တစ်နေ့ အမျိုးသမီးက သူမအား ဘန်ကောက်တွင် အလုပ်ရမည်၊ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ခြင်းဖြင့် ဝင်ငွေကောင်းကောင်း ရမည်ဟူ၍ ပြောသည်။ အမျိုးသမီးက သူမအား ဘန်ကောက်သို့ ခေါ်သွားကာ လိင်လုပ်သားအဖြစ် လုပ်ကိုင်စေသည်။ သူမတွင် စာရွက်စာတမ်းတစ်စုံတရာ မရှိသောကြောင့် ထွက်ပြေးရန် ကြောက်ရွံ့နေသည်။

## အိမ်တွင်း အကြမ်းဖက်မှု

မိသားစုဝင်တစ်ဦးက အိမ်ထောင်ဘက်ကို ဖြစ်စေ၊ သားသမီးကိုဖြစ်စေ မိမိအား နာခံရန် ရိုက် နှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ် ပါကထိုအခြင်းအရာကိုအိမ်တွင်းအကြမ်းဖက်မှုဟုခေါ်သည်။ ကမ္ဘာတစ်ဝှမ်းတွင် ၉၀ရာခိုင်နှုန်းသောအမျိုးသမီးတို့သည်၄င်းတို့ နှင့် တစ်ချိန် ချိန်က နီးစပ်ဖူးသောသူတို့၏ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခြင်းကို ခံနေရသည်။ အသက် ၁၅ နှစ်နှင့် ၄၄ နှစ်ကြား အမျိုးသမီးများ သေဆုံးရခြင်း အဓိကအကြောင်းရင်း ၁၀ ခုတွင် အိမ်တွင်း အကြမ်းဖက်မှုလည်း ပါဝင်သည်။ ဆင်းရဲသော နိုင်ငံ ဖြစ်စေ၊ ချမ်းသာသောနိုင်ငံဖြစ်စေ ဤအချက်မှာ မှန်ကန်သည်။

## အိမ်တွင်း အကြမ်းဖက်မှုတွင် အောက်ပါတို့ ပါဝင်သည်။

- ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (ရိုက်နှက်ခြင်း၊ ကန်ကျောက်ခြင်း စသည်)
- စိတ်ပိုင်းဆိုင်ရာ ညှဉ်ပမ်းနှိပ်စက်ခြင်း (အမူအရာ၊ စကားလုံးများဖြင့် နာကျင်အောင် လုပ်ခြင်း၊ လူတစ်ဦး၏ လွတ်လပ်မှုကို ပိတ်ပင်ခြင်း)
- အဓွမပြုကျင့်ခြင်းနှင့် အခြား လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ

အိမ်တွင်း အကြမ်းဖက်မှုသည် အရွယ်စုံ အမျိုးသမီးနှင့် ကလေးများကို သက်ရောက်လျက်ရှိသည်။ မွေးကင်စကလေးမှစ၍ အဖွားအရွယ်ထိ ဖြစ်ပေါ်နိုင်သည်။ တွေ့ရအများဆုံး ဓားစာခံများမှာ ဇနီးသည်များနှင့် ရီးစား(မိန်းကလေး)များ ဖြစ်ကြသည်။ ကလေးများအပေါ်လည်း သက်ရောက်မှု ရှိသည်။ ကိုယ့်မိန်းမကို ရိုက်နှက်သော ယောကျ်ားများသည် ကလေးများကို ရိုက်ရန် ဖြစ်နိုင်ခြေအလွန်များသည်။ တစ်ခါတရံ အမျိုးသမီးများလည်း ၄င်းတို့၏ ကလေးများကို ရိုက်နှက်သည်။ ကလေးဘဝက အရိုက်ခံရသော ကလေး၊ သို့မဟုတ် ကလေးဘဝက မိခင်ဖြစ်သူကို ဖခင်ဖြစ်သူက ရိုက်နှက်သည်ကို မြင်တွေ့ရသည့် သူများ အသက်အရွယ်ကြီးလာ၍ အိမ်ထောင်ကျသည့်အခါ ၄င်းတို့ကိုယ်တိုင် အိမ်ထောင်ဘက်ကိုဖြစ်စေ ကိုယ့်သားသမီးကိုဖြစ်စေ ပြန်ရိုက်ကြသည်။

ကမ္ဘောဒီးယားရှိ လစ်စီတီအိုခိုယာသည် ခင်ပွန်းဖြစ်သူ အရက်မူးလာသောအခါ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခြင်းကို ခံရသည်။ အိမ်တွင်း အကြမ်းဖက်မှုကို လူအများသတိပြုလာစေရန် သူမအဒေါ် ဖြစ် သူက သူမကို ဓာတ်ပုံရိုက်ကာ တစ်ကမ္ဘာလုံးသို့ ပို့ခဲ့သည်။

**ဆွေးနွေးချက်**

**သင့်ပတ်ဝန်းကျင်တွင် အိမ်တွင်း အကြမ်းဖက်မှုသည် ပြဿနာရပ်တစ်ခု ဟုတ်ပါသလား။**

## လေ့ကျင့်ခန်းများ

## အစွမ်းပြကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း

အောက်ပါ အဆိုများသည် မှန်သလား၊ မှားသလား။ မေးခွန်းများကို ဦးစွာဖြေပါ။ ထို့နောက် စာပိုဒ်ကို ဖတ်၍ သင့်အဖြေ မှန်မမှန် တိုက်ကြည့်ပါ။

၁။ အစွမ်းပြကျင့်ခြင်း အများစုသည် သူစိမ်းက ပြုကျင့်ခြင်း ဖြစ်သည်။

၂။ အစွမ်းပြကျင့်ခြင်း အများစုသည် ပြင်ပတွင် ဖြစ်ပွားသည်။

၃။ အစွမ်းပြကျင့်ခြင်း၏ ဓားစာခံအများစုမှာ အမျိုးသမီးများ ဖြစ်သည်။

၄။ အချို့နိုင်ငံများတွင် ယောကျ်ားများသည် ၎င်းတို့၏ မိန်းမများကို အစွမ်း ပြုကျင့်ခွင့် ရှိသည်။

အစွမ်းပြကျင့်ရာတွင် အကြမ်းဖက် (သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်)ကာ တစ်ပါးသူအား လိင်ဆက်ဆံရန် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ပြုလုပ်ရန် အတင်းအစွမ် အားထုတ်ခြင်း ပါဝင်သည်။ အစွမ်းပြကျင့်ခြင်းတွင် ကာယကံရှင် မသိနားမလည်လိုက်ဘဲ (ဥပမာ အိမ်ပျော်နေသော၊ သတိလစ်နေသော၊ အရက်မူးနေသော၊ အနာတရဖြစ်နေသော၊ စိတ်မနှံ့သော သူများ၊ သို့မဟုတ် ကလေးများ) လိင်ဆက်ဆံခြင်းလည်း ပါဝင်သည်။ မုဒိမ်းကျင့်ခံသော ဓားစာခံ အများစု (၉၁ ရာခိုင်နှုန်း)မှာ အမျိုးသမီးများ ဖြစ်ကြပြီး မုဒိမ်းကျင့်သူများမှာ အားလုံးနီးပါး ယောကျ်ားများ ဖြစ်သည်။

တွေ့ရဖန်အများဆုံး အစွမ်းပြကျင့်ခြင်းမှာ အိမ်တွင်း၌ လင်မယားကြား ဖြစ်ပွားလေ့ရှိသည်။ ထိုအစွမ်းပြကျင့်ခြင်းများသည် ယောကျ်ားက မိန်းမဖြစ်သူ အလိုဆန္ဒမပါဘဲ လိင်ဆက်ဆံရန် ကြိုးပမ်းသည့်အခါ ဖြစ်ပွားလေ့ရှိသည်။ ထိုအစွမ်းပြကျင့်ခြင်းတွင် ကာယအား၊ သို့မဟုတ် မိန်းမဖြစ်သူအား အကြမ်းဖက်မည်၊ ကွာရှင်းမည်ဟု ဆိုကာ ခြိမ်းခြောက်ခြင်း ပါဝင်သည်။ အချို့အိမ်ထောင်သည်ယောကျ်ားများက မိမိ–တို့၏ ဇနီးသည်ကို မိမိတို့အလိုကျ လိင်ဆက်ဆံချင်တိုင်း ဆက်ဆံနိုင်သည့် အိမ်ထောင်သည်အခွင့်အရေး ရှိသည်ဟု ယူဆကြသည်။ အမျိုးသမီးအများအပြားကလည်း အိမ်ထောင်ပြုထားသည့်အတွက် မိမိတို့ စိတ်–တ်မပါသော်လည်း လိင်ဆက်ဆံရမည်ဟု တွေးထင်ထားကြသည်။

အိမ်တွင်းတွင် ပြုကျင့်သည့် အစွမ်းပြကျင့်မှု ကိန်းဂဏန်းများကို သိနိုင်ရန် အလွန်ခက်ခဲသည်။ အကြောင်းမှု အမျိုးသမီးအနည်းငယ်ကသာ ထို အစွမ်းပြကျင့်မှုများကို အစီရင်ခံကြခြင်း သို့မဟုတ် ၎င်းတို့၏ ခင်ပွန်းသည်များအား ဖိအားပေးသောကြောင့် ဖြစ်သည်။ လူအများအပြားက အစွမ်းပြကျင့်ခြင်းသည် သူစိမ်းတစ်ယောက်က သင့်အား အတင်းအစွမ် လိင်ဆက်ဆံခြင်းဟု တွေးထင်ထားကြသည်။ အိမ်တွင်းအစွမ်းပြကျင့်အားပုံမှန်ဟုလည်းကောင်း၊တရားမဝင်မဟုတ်ဟုလည်းကောင်းသတ်မှတ်ထားသော နိုင်ငံအများအပြား ရှိသည်။

အစွမ်းပြကျင့်ခြင်း အကြောင်းရင်း အမျိုးမျိုး ရှိသည်။ အစွမ်းပြကျင့်သူများက ၎င်းတို့တွင် လိင်ဆက်ဆံနိုင် သည့် အခွင့်အရေး ရှိသည်ဟု တွေးထင်ထားသည်။ အချို့ မုဒိမ်းကျင့်သူများသည် အမျိုးသမီးတစ်ဦးဦး (သို့မဟုတ် အမျိုးသမီးအားလုံး) အား အမျက်ထွက်နေတတ်သည်။ ထို့ကြောင့်

၎င်းတို့၏ သားကောင်များအား ထိခိုက်နစ်နာအောင် လုပ်ဆောင်လေ့ ရှိသည်။ အစွမ်းပြကျင့်သူအချို့က ၎င်းတို့၏ သားကောင်များအား ထိန်းချုပ်လိုသည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

### ဇာတ်လမ်းကိုဖတ်၍ မေးခွန်းများအား အုပ်စုလိုက် ဖြေဆိုပါ။

### မုဒိမ်းကောင်တစ်ဦး၏ ဇာတ်လမ်း

ဇော်ကြီးငယ်စဉ်အခါက ဖခင်ဖြစ်သူသည် သူ့အား အလွန်ရိုက်နှက်ခဲ့သည်။ ဇော်ကြီး ငိုယိုလေ သူ့ဖခင်က သူ့အား ပိုရိုက်လေ ဖြစ်သည်။ 'ယောကျ်ားဖြစ်လျှင် မငိုရ' ဟု သူ့ဖခင်က သူ့ကို ပြောသည်။ သူ့ဖခင်သည် သူ့မိခင်အားလည်း ရိုက်နှက်လေ့ရှိရာ တစ်ခါတရံ အမေဖြစ်သူက အိမ်နီးချင်းတို့အိမ်သို့ ဝင်ရောက်ပုန်းအောင်းနေရသည်။ ဇော်ကြီး ရှစ်နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူ ရဲအရာရှိတစ်ဦးနှင့် ရန်ဖြစ်သောကြောင့် ထောင်ကျသည်။ အမေက ၎င်းတို့အား ဦးလေးဆီသို့ ပို့သည်။ ဦးလေးကလည်း အပိုအမျိုးအဆွေများကို မထောက်ပံ့လိုပေ။ ထို့ပြင် ဇော်ကြီးအား ဆိုးရွားစွာ ဆက်ဆံခဲ့သည်။ ဇော်ကြီး ဆူညံ့နေလျှင် ဦးလေးက ရိုက်နှက်ဆုံးမပြီး အစာလည်း မပေးစားပေ။ ဇော်ကြီးသည် ဦးလေး ညှဉ်းပမ်းနေသည်ကို မတားဆီးသည့် အမေဖြစ်သူအား အမျက်ထွက်လာသည်။ ဇော်ကြီး အသက် ၁၂ အရွယ်တွင်ပင် အရက်လွန်စွာ သောက်စားခဲ့သည်။ ဈေးပေါပေါ အရက်ဝယ်ရန် ပိုက်ဆံခိုးခဲ့သည်။

ဇော်ကြီး အသက် ၁၆ နှစ်အရွယ်တွင် အိမ်မှ ထွက်လာသည်။ စက်ရုံတစ်ခုတွင် အလုပ်ရသည်။ ထိုစက်ရုံတွင် အမျိုးသမီးတစ်ဦးနှင့် ဆုံတွေ့ကာ သမီးရီးစား ဖြစ်သွားသည်။ တစ်နေ့ ထိုအမျိုးသမီးမိဘများ အပြင်သွားစဉ် ထိုအမျိုးသမီးအိမ်သို့ သူ ရောက်သွားသည်။ ထိုအမျိုးသမီးအား လိင်ဆက်ဆံရန် ဆွဲဆောင်သော်လည်း အမျိုးသမီးက လက်မခံ။ ထို့ကြောင့် သူ မုဒိမ်းကျင့်ကာ ထွက်ပြေးသွားသည်။

နောက်နှစ်နှစ်အတွင်း သူသည် အခြားအမျိုးသမီးသုံးဦးကို အဓမ္မပြုကျင့်ခဲ့သည်။ ဖြစ်ရပ်သုံးခုလုံးတွင် အမျိုးသမီးနှင့် ဆုံတွေ့ကာ သူနှင့် နှစ်ဦးတည်းနေရန် ဖျားယောင်းခဲ့သည်။ အမျိုးသမီးက လိင်ဆက်ဆံရန် ငြင်းဆန်သောအခါ သူသည် အလွန်ဒေါသထွက်ကာ ထိုအမျိုးသမီးအား အဓမ္မပြုကျင့်တော့သည် (အထူးသဖြင့် အရက်မူးနေချိန်များတွင်)။ ထိုအမျိုးသမီး တစ်ယောက်မျှ မည်သူ့ကိုမျှ အသိမပေးချေ။ သူ အသက် ၁၉ နှစ်အရွယ်တွင် ပါတီပွဲတစ်ခု၌ ဆုံတွေ့ခဲ့သည့် အမျိုးသမီးတစ်ဦးအား သူ အဓမ္မပြုကျင့်သည်။ ထိုအမျိုးသမီးက သူမဆွေမျိုးများအား ပြောပြလိုက်ရာ ဇော်ကြီးအား ဖမ်းဆီးလိုက်ကြသည်။ သူ ထောင် ၃ နှစ် ကျသည်။

**၁။** ဇော်ကြီး ကလေးဘဝတွင် ယောကျ်ား၊ မိန်းမနှင့် ပတ်သက်၍ မည်သည်ကို သင်ယူခဲ့သည်ဟု သင်ထင်သနည်း။

**၂။** ၎င်း၏ အဓမ္မပြုကျင့်ခြင်းကို ခံရသော အမျိုးသမီးများအား အခြားသူများအား အဘယ့်ကြောင့် မပြောလိုသည်ဟု သင်ထင်သနည်း။

**၃။** ဇော်ကြီး အခြားအမျိုးသမီးများအား နောက်ထပ် အဓမ္မပြုကျင့်ရန် မည်သို့ ကာကွယ်နိုင်သနည်း။

## လူကုန်ကူးခြင်း

လူကုန်ကူးခြင်း (Human Trafficking) ဆိုသည်မှာ လူသားများအား ရောင်းဝယ်ခြင်းကို ဆိုလိုသည်။ လူများ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများသည် ပွဲစားများ၏အခြားနိုင်ငံတွင် အလုပ်ကောင်းရမည်၊ကောင်းကောင်းမွန်မွန်နေထိုင်ရမည်ဆိုသောလိမ်လည်ဖျားယောင်းခြင်းကြောင့်လက်ဆင့်ကမ်း ရောင်းချခြင်း ခံရသည်။ လူပုဂ္ဂိုလ်တစ်ဦးအား သဘောမတူဘဲ လိင်လုပ်သားအဖြစ် လုပ်ကိုင်စေခြင်းကိုလည်း Human Trafficking ဟု ခေါ်သည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် အခွမပြုကျင့်သည့် ပြဿနာရပ်သည် တိုးပွားလာလျက် ရှိသည်။ နှစ်စဉ်နှစ်တိုင်း ထောင်နှင့်ချီသော အမျိုးသမီးနှင့် ကလေးများသည် ပိုမိုကောင်းမွန်သော ဘဝကို ရရှိမည်ဟူသော ဆွယ်မှုများကြောင့် မိမိတို့ အလိုဆန္ဒမပါဘဲ အခြားနိုင်ငံများသို့ ပို့ဆောင်ခြင်း ခံနေရသည်။ ကလေး ၁ ဒသမ ၂ သန်းခန့်သည် နှစ်စဉ်နှစ်တိုင်း ကုန်ကူးခြင်း ခံနေရသည်။ ထိုလုပ်ရပ်များမှာ ခိုးကြောင်ခိုးဝှက် တရားမဝင်လုပ်ကိုင်နေသည့် ဖြစ်ရပ်များ ဖြစ်သောကြောင့် ကုန်ကူးခြင်းခံရသူ အရေအတွက် မည်မျှ ရှိသည်ကို သေချာမသိနိုင်ပေ။

လူကုန်ကူးခြင်းသည် ဆင်းရဲမွဲတေမှုနှင့် အာဏာမဲ့မှုတို့ကြောင့် ဖြစ်ပေါ်လာသည်။ ကုန်ကူးခြင်းခံရသူများသည် များသောအားဖြင့် အလုပ်အကိုင်ရှားပါးသော၊ လူနေမှုအဆင့်အတန်းနိမ့်သော နိုင်ငံများမှ လာကြသည်က များသည်။ ၄င်းတို့သည် ဈေးပေါပေါ အလုပ်သမားများ၊ လိင်အလုပ်သမားများ လိုအပ်နေသည့် ပို၍ချမ်းသာသော နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကြရသည်။ လူကုန်ကူးသူများသည် ထိုလုပ်ငန်းဖြင့် ဝင်ငွေများစွာ ရကြသည်။

**ဆွေးနွေးချက်**

**လူကုန်ကူးခြင်းနှင့် ပတ်သက်၍ သင် မည်သည်များ သိသနည်း။**

**သင်ခန်းစာပြန်လည်လေ့လာခြင်း**

အောက်ပါ ဝေါဟာရများကို သင့်၏ ကိုယ်ပိုင်စကားလုံးဖြင့် ရှင်းပြပါ။

**၁။** ယောက်ျားမိန်းမကို အခြေခံ၍ ဖြစ်ပေါ်သော အကြမ်းဖက်မှု

**၂**။ အိမ်တွင်း အကြမ်းဖက်မှု

**၃။** အခွမပြုကျင့်မှု

**၄။** ကြိုတင်အသိပေးခြင်း ခံထားရပြီး သဘောတူခြင်း

**၅။** လူကုန်ကူးခြင်း

## ၅။ ယောက်ျားမိန်းမနှင့် ဘာသာတရား

**သော့ချက်စကားလုံးများ**

သူတစ်ပါး အာဏာအောက် ကျရောက်ခြင်း (subjection)၊ နာခံသော (obedient)၊ ချန်ရစ်ထားခဲ့ခြင်း (desertion)၊ ဂရုတစိုက် ပြုမူလုပ်ဆောင်တတ်သော (conscientious)၊ အထွတ်အမြတ်ဖြစ် သော (sacred)၊ ရာထူးဂုဏ်ဝါ ပိုမြင့်သော (superior)၊ ဘာသာရေးအရ အမိန့်ပေးခြင်း (ordain)၊ အယူးသည်းခြင်း (superstition)၊ စည်းမျဉ်းစည်းကမ်း (precept)

လူအများအပြား၏ ဘဝအတွက် ဘာသာရေးသည် လွန်စွာအရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ် သည်။ ဘာသာရေးသည် ဘုရားသခင် သို့မဟုတ် နတ်များကို ယုံကြည်ခြင်း၊ မွတ်စလင်ဘုရားရှိခိုးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဟိန္ဒူဘုရားကျောင်း၊ ဘုန်းကြီးကျောင်းများသို့ သွားခြင်း စသည်တို့ သက် သက် မဟုတ်ပါ။ ဘာသာရေးသည် ကျွန်ုပ်တို့ ချမှတ်သော ဥပဒေများ၊ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့ ရှုမြင်ပုံများအား သက်ရောက်လျက် ရှိသည်။ ကမ္ဘာ့ပင်မဘာသာရေးများအားလုံးက ယောက်ျားနှင့် မိန်းမကြား ကွာခြားချက်ကို ရုပ်ပိုင်းဆိုင်ရာသက်သက်မက အသိအမှတ် ပြုထားသည်။ ဘာသာရေးအများစုတွင် ယောက်ျားနှင့် မိန်းမတို့၏ အခန်းကဏ္ဍများကို ဖော်ပြထားသည့် အထွတ်အမြတ်ထားရာ စာများ ရှိသည်။ ပင်မဘာသာရေးအားလုံးတွင် ယောက်ျားနှင့် မိန်းမတို့ လုပ်နိုင်သည့် အရာများကြား ကွာခြားချက် ရှိသည်။

### လေ့ကျင့်ခန်းများ

အောက်ပါ စာပိုဒ်ရှိ ကောက်နုတ်ချက်များသည် ပင်မဘာသာရေးအချို့မှ ထုတ်နုတ်ထားချက်များ ဖြစ်သည်။ ကောက်နုတ်ချက်များကို ၎င်းတို့သက်ဆိုင်ရာ ဘာသာရေးများနှင့် ယှဉ်တွဲပါ။

**က။ အစ္စလာမ်**

**ခ။ ဟိန္ဒူ**

**ဂ။ ဗုဒ္ဓ**

**ဃ။ ဂျူး**

**င။ ခရစ်ယာန်**

**၁။** "အမျိုးသမီးများ သည်းခံ၍ တိတ်ဆိတ်ငြိမ်သက်စွာ သင်ယူပါစေ။ ကျွန်ုပ်သည် အမျိုးသမီးများအား သင်ပေးခိုင်းခြင်း မဟုတ်ပါ။ အမျိုးသားများအား အာဏာပိုများစေလိုခြင်း မဟုတ်ပါ။ အမျိုးသမီးများအား တိတ်ဆိတ်စွာ နေခိုင်းခြင်းသာ ဖြစ်သည်။"

**၂။** "မိန်းကလေး၊ အမျိုးသမီးငယ်များသာမက အသက်အရွယ်ရပြီးဖြစ်သော အမျိုးသမီးတောင်ပင်လျှင် မိမိတို့၏ အိမ်တွင်းတောင်မဆို မည်သည့်အရာကိုမျှ လွတ်လပ်စွာ လုပ်ကိုင်ခွင့် မရှိပါ။ ကလေးဘဝတွင် မိန်းမများသည် ၎င်းတို့၏ ဖခင်ကိုလည်းကောင်း လူငယ်အရွယ်တွင် ခင်ပွန်းသည်ကိုလည်းကောင်း၊ သူမ၏

အရှင်သခင် (ခင်ပွန်း) ကွယ်လွန်လျှင် သားများကိုလည်းကောင်း နာခံရမည် ဖြစ်သည်။ အမျိုးသမီးများ မည်သည့်အခါမှ လွတ်လပ်ခွင့် မရှိပါ။"

**၃။** "ယောကျ်ားများသည် မိန်းမများကို ထိန်းသိမ်းသူများဖြစ်ပြီး အမျိုးသမီးကောင်းများသည် နာခံ တတ်သူများ ဖြစ်သည်။ အမျိုးသားများ၏ စွန့်ပစ်ခြင်း ခံရနိုင်သူများအား အကျဉ်းချခွင့် ရှိသည်၊ ရိုက်နှက်ခွင့် ရှိသည်။"

**၄။** မနက် ဘုရားရှိခိုးခြင်း "ကျွန်ုပ်အား အမျိုးသမီးဖြစ်အောင် မလုပ်ပေးခဲ့သည့်အတွက် ကျေးဇူးပါ စကြာဝဠာတစ်ခုလုံး၏ အရှင်သခင် ဖြစ်တော်မူသော ဘုရားသခင်။"

**၅။** "အမျိုးသမီးတို့၏ ကောက်ကျစ်မှုထက် ပိုသော ကောက်ကျစ်မှု မရှိ။ အပြစ်ဟူသမျှ အမျိုးသမီးမှ စတင်၍ ထို အမျိုးသမီးကြောင့်ပင် ကျွန်ုပ်တို့အားလုံး သေဆုံးရမည်။"

**၆။** လက်ထပ်ခါနီး အမျိုးသမီး၏ သန္နိဋ္ဌာန် "ကျွန်မ၏ ခင်ပွန်းအား တိုင်တည်၍ ကျွန်မ ကတိပေးပါသည်။ ကျွန်မ၏ အိမ်အလုပ်များကို ကောင်းမွန်စွာ လုပ်ကိုင်မည် ဖြစ်ပြီး ကျွန်မယောကျ်ား၏ အမျိုးများ၊ သူငယ်ချင်းများအား ကြင်နာပါ့မည်။ ကျွန်မတို့၏ ဝင်ငွေများအား ကာကွယ်ပါ့မည်၊ ရင်းနှီးမြှုပ်နှံပါ့မည်၊ သစ္စာ ရှိပါ့မည်။ ကျွန်မ၏ တာဝန်များအား ချစ်ခင်စွာ၊ စေ့စပ်သေချာစွာ ထမ်းဆောင်ပါမည်။"

**ဆွေးနွေးချက်**

**၁။** မည်သည့် ဘာသာရေးများတွင် အမျိုးသမီးများ ဘာသာရေးဆိုင်ရာ လုပ်ခင်းဆောင်တာများ မလုပ်နိုင်အောင် သို့မဟုတ် ဘာသာရေးအရ ကြီးမြင့်သော ရာထူး မရအောင် ကာဆီးခြင်း ခံထားရသနည်း။

**၂။**ထိုဘာသာရေးအထွတ်အမြတ်စာများတွင်အမျိုးသမီးနှင့်အမျိုးသားတာဝန်ညီတူညီမျှထမ်းဆောင်ရမည့် ရေးရမည့်အစား အဘယ့်ကြောင့် အမျိုးသမီးများက အမျိုးသားများအား ပြုစုအလုပ်အကျွေးပြုရမည်ဟု ရှင်းလင်းစွာ ရေးသားထားရသနည်း။

## မြန်မာနိုင်ငံရှိ ဘာသာရေး။ ။ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာဝင် မဟုတ်သူများအတွက်ပါ မြန်မာ့ဓလေ့ထုံးတမ်းနှင့် လူမှုအသိုင်းအဝိုင်းအတွက် များစွာ အရေးပါသည်။ မြန်မာတို့၏ ဗုဒ္ဓဘာသာသည် ယောကျ်ားတို့ ပိုင်ဆိုင်သည့် 'ဘုန်း'ကို အလေးများစွာ ပေးသည်။ 'ဘုန်း'၏ အဓိပ္ပာယ်မှာ (၁) မြင့်မြတ်မှု၊ တန်ခိုး၊ လွှမ်းမိုးမှု (၂) ရေးဘဝ ကောင်းမှုကုသိုလ် ပြုခြင်း၏ အကျိုးရလဒ် ဟူ၍ ဖြစ်သည်။

ဘုန်းကြီးများ၏ 'ဘုန်းကြီး' ဆိုသော ဝေါဟာရမှာ ၎င်းတို့၏ ကောင်းမှုကုသိုလ်များ၏ အကျိုးကြောင့် တန်ခိုးနှင့် လွှမ်းမိုးမှု ကြီးမားစွာ ရှိသည်ဟု အဓိပ္ပာယ်ရသည်။ အရွယ်ရောက်ပြီးသော ယောကျ်ားများနှင့် ယောကျ်ားလေးများသည် ဘုန်းကြီးဖြစ်ခွင့် ရှိပြီး နောက်ဆုံး ဝိညာဉ်ဆိုင်ရာ သခ်ထုပတ္တိဉာဏ်ကို ရနိုင်

သည့်အပြင် ဗုဒ္ဓပင် ဖြစ်လာနိုင်သည်။ မိန်းမများ ထိုသို့ ဖြစ်ခွင့် မရှိပါ။ ၄င်းတို့ သီလရှင် ဖြစ်ခြင်းအားဖြင့် ဘုန်းကြီးထက် အဆင့်နိမ့်သည်။ ဗုဒ္ဓဖြစ်လိုသော အမျိုးသမီးများအားလုံးသည် နောင်ဘဝတွင် ယောကျ်ားဖြစ်အောင် ဦးစွာဆုတောင်းရသည်။ ဗုဒ္ဓအလေ့အကျင့်အရ အချို့သော ဘာသာရေးပွဲများတွင် အမျိုးသမီးများ ပါဝင်ခွင့်၊ ဘုရားရှိခိုးကျောင်း၏ အချို့အစိတ်အပိုင်းများသို့ အမျိုးသမီးများ သွားခွင့် မရှိချေ။ အမျိုးသမီးများသည် ဗုဒ္ဓဆင်းတုတော်အတွက် ရွှေသစ်ရွက် လှူခွင့်နှင့် အခြား ဖြစ်ရိုးဖြစ်စဉ်လှူဒါန်းခြင်းများတွင်လည်း ပါဝင်ခွင့် မရှိပါ။

ယောကျ်ားများ မိသားစုကို ဦးဆောင်သော်လည်း ကျွန်မတို့လည်း ၄င်းတို့နှင့် တန်းတူအဆင့်အတန်းရလိုသည်။ ကျွန်မတို့သည် ခင်ပွန်းသည်များကို ရိုသေလေးစားရသည်။ စားသောက်လျှင်လည်း ခင်ပွန်းသည် မစားမချင်း ကျွန်မတို့ စားခွင့် မရှိ။ မိန်းမများ ယောကျ်ားထက် ဦးစွာစားလျှင် ယောကျ်ားတို့နှင့် တန်ခိုး လျော့ကျသွားမည်။ ယောကျ်ားများ အပြင်ရောက်နေလျှင်တောင် ကျွန်မတို့သည် ထမင်းစားရန် ၄င်းတို့ပြန်အလာကို စောင့်ရသည်။ ကျွန်မတို့၏ အဝတ်အစားများကို ၄င်းတို့၏ အဝတ်အစားများနှင့် ကြိုးတစ်တန်းတည်း အဘယ့်ကြောင်း လှန်းခွင့် မရှိသနည်း။ ယောကျ်ားများ အဝတ်ကြိုးတန်းအောက် ဖြတ်လျှောက်မိလျှင် ၄င်းတို့၏ တန်ခိုး ကျဆင်းသွားမည်ဟု ကျွန်မတို့ သင်ကြားရသည်။ ဤအချက်များကို ကျွန်မတို့ ပြောင်းလဲပစ်ချင်သည်။ ပြောင်းလဲရမည့် အသေးအဖွဲများ ရှိသည်။ သို့သော် ကျွန်မတို့ အကြီး အမားကိစ္စရပ်များကိုပါ ပြောင်းလဲချင်သည်။ ကျွန်မတို့လည်း စာသင်ချင်သည်။ စွမ်းရည်ရှိချင်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိချင်သည်။

**အမျိုးသမီးထုအသံ၊ ၁၉၉၉**

## လေ့ကျင့်ခန်းများ

**အောက်ပါ မြန်မာနိုင်ငံရှိ အမျိုးသမီး သုံးဦးနှင့် အသံကို ဖတ်ကြည့်ပါ။ မေးခွန်းများကို ဖြေဆိုကာ အမျိုးသမီး တစ်ဦးစီ၏ အဆိုမှ သင် သဘောမတူသော အချက်များအား ကွင်းပါ သို့မဟုတ် မျဉ်းသားပါ။**

*"ဗုဒ္ဓအဆုံးအမတွင် ယောကျ်ားနှင့် မိန်းမကို ခွဲခြားထားခြင်း မရှိပါ။ နှစ်ဦးလုံးကို ရုပ်နှင့် စိတ်ဟူသော အရာဝတ္ထုပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ သို့သော် လူအများအပြားက ယောကျ်ားများ ပိုမြင့်သော နေရာကို ရောက်နေခြင်းသည် ဘာသာရေးနှင့် သက်ဆိုင်သည်ဟု ယုံကြည်ကြသည်။ ကျွန်မကတော့ မယုံကြည်ပါ။ လူများ ဘာသာရေးကို မည်သို့ သဘောထားသည်ဆိုသည့်အချက်က ခွဲခြားဆက်ဆံခြင်းကို ဦးတည်နိုင်သည်ဟုကျွန်မထင်သည်။အချို့ ဗုဒ္ဓအဆုံးအမများကိုအတိတ်မှပစ္စုပ္ပန်သို့ လက်ဆင့်ကမ်းလာကြရာ ယောကျ်ားများ၊ ဘုန်းကြီးများလည်း ပါဝင်ရေးသားကြသည်။ အချို့အပိုင်းများသည် ဗုဒ္ဓအဆုံးအမ မဟုတ်ဘဲ ထိုယောကျ်ားများ၏ အမြင် ဖြစ်နိုင်သည်။ ယောကျ်ားများ မိန်းမထက် မြင့်မြတ်သည်၊ တန်ခိုး ပိုရှိသည်ဆိုသော တွေးခေါ်ချက်များ ဗုဒ္ဓအဆုံးအမမှ လာသည်ဟု ကျွန်မ မထင်ပါ။ လူများသည် ဗုဒ္ဓဘာသာ၏ စံနှုန်း အစစ်အမှန်ကို ရှုပ်ထွေးကုန်ကြသည်။ ကျွန်မသိသော အမျိုးသမီး အများစုသည် ယောကျ်ားများ မိန်းမထက် ပိုအဆင့်မြင့်သည် ဆိုသည့်အချက်ကို လက်မခံနိုင်ကြပါ။"* **သီတာ**

**၁။** သီတာ၏ အဆိုအရ ဗုဒ္ဓအဆုံးအမများကို မည်သူ ရေးသနည်း။

**၂။** ထိုအရေးအသားများသည် ဗုဒ္ဓ’အဆုံးအမနှင့် အပြည့်အဝ တူညီမှန်ကန်ပါသလား။ သင် မည်သို့ သိနိုင်သနည်း။

**၃။** ယောက်ျားများ မိန်းမထက် အဆင့်ပိုမြင့်သည်ဆိုသောအချက်ကို ယောက်ျားများကို အဘယ့်ကြောင့် ရေးခြင်း ဖြစ်နိုင်သနည်း။

*“အမျိုးသမီးများသည် သီလရှင်အဖြစ် သာသနာ့ဘောင်အတွင်းသို့ ဝင်ခွင့်ရှိသည်။ သို့သော် သီလရှင်တစ်ပါး ကျောင်းထိုင်ဖြစ်သွားသည်ကို ကျွန်မ တစ်ခါမှ မတွေ့ဖူးပါ။ သီလရှင်တစ်ပါး “မွှေဩဝါ’ပေးလျှင် နားထောင်သူ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပါ။ ကျိုက္ခမီရေလယ်ဘုရားတွင် ယောက်ျားနှင့် မိန်းမ ဘုရားရှိခိုးရန် နေရာကို သီးသန့်စီ ခွဲခြားထားသည်။ အမျိုးသမီးတစ်ဦးဦးက ယောက်ျားရေိယာထဲ သွားမိလျှင် ထိုအမျိုးသမီးကို မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလျှပ်ခြင်းဖြင့် အပြစ်ပေးမည် ဖြစ်သည်။ ခွေးတစ်ကောင် ထိုဧရိယာထဲ ဝင်မိလျှင် ထိုသို့ ဖြစ်လာနိုင်သည်ဟု အချို့လူများက ပြောကြသည်။ ထိုကိစ္စရပ်ကို အခြားသောကိစ္စရပ်များကဲ့သို့ ကျွန်မတို့ လက်ခံကြသည်။ တစ်ခါတရံ ကျွန်မတို့ အခြားသူများအား မေးခွန်းထုတ်သော်လည်း အဖြေ ဘယ်တော့မှ မရပါ။ ထို့ကြောင့် ကျွန်မတို့ လက်ခံလိုက်ရသည်ချည်း ဖြစ်သည်။* **ခိုင်ခိုင်**

**၄။** အမျိုးသမီးတစ်ဦး ဟောသော ဓမ္မတရားကို သင်သာဆိုလျှင် နားထောင်မည်လား။

**၅။** အမျိုးသမီးတစ်ဦး ဘုရားရှိ ယောက်ျားနှင့်ဆိုင်သော အပိုင်းသို့ ဝင်မိပါက ကောင်းကင်မှ မိုးကြိုးပစ်မည်ဟု သင်ထင်ပါသလား။

**၆။** ဘုရားရှိ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ မေးခွန်းမေးကြည့်သော်လည်း အဖြေမရဟု ခိုင်ခိုင်ဆိုထားသည်။ အဘယ့်ကြောင့် သူမ အဖြေမရသည်ဟု သင်ထင်သနည်း။

“ကျွန်မ၏ ဘာသာရေးကို ကျွန်မ ဆန့်ကျင်ခြင်း မဟုတ်ပါ။ သို့သော် အချို့သော အဆုံးအမများသည် အမျိုးသမီးအခွင့်အရေးကို ပိတ်ပင်ထားသည်ဟု ကျွန်မ ခံစားရသည်။ အချို့ ပိတ်ပင်ချက်များသည် သိသာသော်လည်း အချို့မှာ မသိသာပါ။ ဥပမာ ကျွန်မတို့ ဘုန်းကြီးအား တစ်ခုခု လက်ကမ်းလှူဒါန်းလျှင် ‘ဒကာခင်ပွန်းဘယ်မှာလဲ’ဟု မေးကြမည်။ ၄င်းတို့က အိမ်ထောင်ဦးစီးဖြစ်သော ခင်ပွန်းသည်ဆီမှ လှူဒါန်းခြင်းကို လက်ခံလိုသည်။ ဗုဒ္ဓရုပ်တုရှေ့တွင်လည်း ကျွန်မတို့ ဖယောင်းတိုင်မီး ထွန်းခွင့် မရှိပါ။ ထို အလုပ်ကို ယောက်ျားတို့၏ အလုပ်ဟု သတ်မှတ်သောကြောင့် ဖြစ်သည်။ ထို အယူသည်းမှုများသည် ဗုဒ္ဓအဆုံးအမမဟုတ်ဘဲ ဒေသခံလူတို့ မျက်စိစုံမှိတ် လိုက်လုပ်နေခြင်းသာ ဖြစ်သည်ဟု ကျွန်မထင်သည်။ ဘုန်းကြီးနှင့် သီလရှင်ကြားတွင်ပင် ယောက်ျားမိန်းမ ခွဲခြားဆက်ဆံခြင်း ရှိသည်။ သီလရှင်သည် ဘုန်းကြီးနှင့် တန်းတူ ထိုင်ခွင့် မရှိပေ။ ကျွန်မသိသလောက်ဆိုလျှင် ယောက်ျားနှင့် မိန်းမကြား ခွဲခြားဆက်ဆံရန် ဗုဒ္ဓ တစ်ခါမျှ မသင်ခဲ့ဖူးပါ။ လူတွေကသာ ဘာသာရေးကို ပြောင်းလဲနေသည်ဟု ကျွန်မ ထင်သည်။ ငါးပါးသီလကဲ့သို့သော ဗုဒ္ဓအဆုံးအမများကို ကျွန်မ လက်ခံသည်။ ကျွန်မဆန့်ကျင်သည်မှာ လူများအား ခွဲခြားဆက်ဆံခြင်းပင် ဖြစ်သည်။ **ဇင်မာဦး**

**၇။** အမျိုးသမီးများ ဘုန်းကြီးအား ပစ္စည်းများ လှူဒါန်းသည့်အခါ ဘုန်းကြီးက ‘ဒကာမခင်ပွန်း ဘယ်မှာလဲ’ဟု အဘယ့်ကြောင့် မေးသနည်း။

**၈။** ‘ဒေသခံလူများက ထိုအယူသည်းမှုများကို မျက်စိစုံမှိတ် လိုက်လုပ်နေခြင်းသာဖြစ်သည်’ဟု ဇင်မာဦး မည်သည့်အဓိပ္ပာယ်ဖြင့် ပြောဆိုသနည်း။

**၉။** ယောကျ်ားနှင့် မိန်းမကြား ကွာခြားချက် ရှိသည်ဟု ဗုဒ္ဓယုံကြည်သည်ဟု ဇင်မာဦး ထင်ပါသလား။

## ဘာသာရေးနှင့် လူမှုရေးစည်းမျဉ်းစည်းကမ်းများ

အမျိုးသမီးများသည် 'မိန်းမကောင်း'ဖြစ်ရန် တင်းကြပ်သော လူမှုရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာရသည်။ အချို့များသည် ဗုဒ္ဓဘာသာမှ အခြေခံခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာဝင် မဟုတ်သူများပင် ထိုစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြသည်။ ဥပမာ 'ဘုန်း'နှင့် ပတ်သက်သော ယူဆချက်များသည် မြန်မာနိုင်ငံတွင် များစွာ သက်ရောက်လွှမ်းမိုးလျက် ရှိသည်။ ယောကျ်ားတို့၏ 'ဘုန်း' မကျဆင်းစေရန် အမျိုးသမီးများ အထူး ဂရုပြုရသည်။ ဥပမာ အမျိုးသမီးများသည် ဘုန်းကြီးအား ထိခွင့် မရှိပေ။ အမျိုးသမီးများသည် ၎င်းတို့၏ လုံချည် သို့မဟုတ် ထမီများကို အိမ်ရှေ့ သို့မဟုတ် ယောကျ်ားတို့ သွားလာနေသော နေရာတွင် မထားရပါ။ အမျိုးသမီးတို့၏ ခန္ဓာကိုအောက်ပိုင်း ယောကျ်ားများအပေါ် သို့ ရောက်နိုင်သည့် အိမ်ဆောက်လုပ်ပုံ ဆောက်လုပ်နည်း၊ ခေါင်မိုးမိုးနည်း လုံးဝကျင့်သုံးခွင့် မရှိပါ။ အမျိုးသမီးများ၏ ဦးခေါင်းကို ယောကျ်ားတို့၏ ဦးခေါင်းထက် မြင့်၍ ထားခွင့်မရှိ။ ယောကျ်ားတို့၏ 'ဘုန်း' ကျဆင်းသွားနိုင်သောကြောင့် ဖြစ်သည်။ ထို စည်းမျဉ်းစည်းကမ်းများအားလုံးက အမျိုးသမီးတို့၏ ခန္ဓာကိုယ်နှင့် ပတ်သက်၍ မည်သည်များ ပြောနေသနည်း။ မိန်းမတို့၏ ခန္ဓကိုယ်သည် ယောကျ်ားတို့၏ ခန္ဓာကိုယ်နှင့် ညီမျှပါသလား။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အောက်ပါမေးခွန်းများကို မိမိဘာသာ စဉ်းစားကြည့်ပါ။ ထို့နောက် အဖွဲ့အတွင်း ဆွေးနွေးပါ။ သင့်၏ ခံစားချက်နှင့်ပတ်သက်၍ မိမိကိုယ်ကို မိမိသာမက အတန်းဖော်များနှင့်ပါ ရိုးရိုးသားသား ဖွင့်ဟပါ။

### အမျိုးသားများအတွက်

သင်၏ အဝတ်များကို အမျိုးသမီးတစ်ယောက်၏ အဝတ်များဘေးတွင် လှန်းလျှင် သင်စိတ်သန့်ပါမည်လား။

သင့်ညီမ၏ လုံချည် ကြိုးတန်းပေါ်မှ ကျ၍ ရွှံ့ဗွက်ထဲရောက်နေလျှင် သင် ပြန်ကောက်ပေးမည်လား၊ ထိုအ–တိုင်း ထားထားမည်လား။

ဆွေးနွေးနေချိန်၌ အမျိုးသမီးများ ကြမ်းပြင်ပေါ်တွင်ထိုင်ကာ သင်က ကုလားထိုင်ပေါ် ထိုင်နေလျှင် သင် သင်သောင့်သက်သာ ရှိပါမည်လား။

### အမျိုးသမီးများအတွက်

သင့်အဝတ်အစားများကို ယောကျ်ားတစ်ဦး၏ အဝတ်အစားများဘေးတွင် လှန်းလျှင် သင် စိတ်သန့်ပါမည်လား။

အမျိုးသားတစ်ဦးက သင့်လုံချည်ကို ရွှံ့ဗွက်ထဲမှ ကောက်ယူပေးလျှင် သင် ရှက်မည်လား။

ဆွေးနွေးချိန်၌ ယောကျ်ားများ ကုလားထိုင်ပေါ်တွင် ထိုင်နေပါက သင် ကြမ်းပြင်ပေါ်တွင်ထိုင်ရန် စိတ်သန့်ပါမည်လား။

ဆွေးနွေးချိန်၌ ယောကျ်ားများ ကြမ်းပြင်ပေါ် ထိုင်နေချိန် သင်က ကုလားထိုင်ပေါ် ထိုင်နေလျှင် သင် စိတ်သန့်ပါမည်လား။

## မြန်မာနိုင်ငံရှိ အခြား ဘာသာရေးများ

မြန်မာနိုင်ငံရှိ မွတ်စလင်အမျိုးသမီးများ ဖော်ပြသော မွတ်စလင် အလေ့အကျင့်များသည် အသိုင်းအဝိုင်းတစ်ခုနှင့်တစ်ခု ကွာခြားသည်။ အချို့အသိုင်းဝိုင်းများ ဥပမာ ရိုဟင်ဂျာများကြားတွင် အမျိုးသမီးများ အိမ်မှမထွက်အောင် တက်ကြွစွာ တားမြစ်ထားသည်။ အခြားအသိုင်းအဝိုင်းများ၌ အမျိုးသမီးများ အိမ်ပြင်ပတွင် အလုပ်လုပ် ခွင့်ရှိသော်လည်း ဘာသာရေးခေါင်းဆောင်များက အမျိုးသမီးများသည် အားနွဲ့သည် သို့မဟုတ် ယောကျာ်းများအား တိုက်ခိုက်မည့် မကောင်းဆိုးဝါးများဖြစ်သည်ဟု ယူဆသောကြောင့် အမျိုးသမီးများအား သေချာစွာ စောင့်ကြည့်ကြသည်။ မွတ်စလင်အမျိုးသမီးများသည် ယောကျာ်းများနှင့်တန်းတူ မည်သည့်တစ်ခုမျှ လုပ်ဆောင်ခွင့်မရှိကြောင်းနှင့် လူ့အသိုင်းနှင့် နိုင်ငံရေးများတွင် မည်သည့် ရာထူးမှ ရယူခွင့် မရှိကြောင်းတို့ကို လက်ခံထားပြီးသား ဖြစ်သည်။

"ကျွန်မသားလေး ဘွဲ့ရပြီး ဘာသာရေးဆရာတစ်ယောက် ဖြစ်လာစေချင်တယ်။ ကျွန်မသမီးကတော့ တစ်နေ့ ကျွန်မလိုပဲ ဖြစ်လာမှာပဲ။ သူ့ ဗဟုသုတ နည်းနည်းရှိပြီး မိန်းမကောင်းတစ်ယောက် ဖြစ်လာဖို့ ကျွန်မ မျှော်လင့်တယ်။ သူ ဘယ်တော့မှ ခေါင်းဆောင်ဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမယ့် အကယ်၍ သူ ဘွဲ့ရရင်တော့ အမျိုးသမီးအုပ်စုရဲ့ အရာရှိ ဖြစ်လာနိုင်တယ်။ မွတ်စလင်ဘုရားကျောင်းကို မသွားဘဲ သူ အိမ်မှာ အမျိုးသမီးတွေကို စုရုံးလို့ရတယ်။ မိန်းမတွေဟာ ယောကျာ်းတွေထက် တန်ခိုးများများ မရှိသင့်ဘူးဆိုတဲ့ မွတ်စလင်ဘာသာရေး စည်းမျဉ်းကို ကျွန်မတို့ ယုံကြည်တယ်။ ဘာကြောင့်လဲဆိုတော့ ယောကျာ်းတွေက သဘာဝအားဖြင့်ကို မိန်းမတွေထက် တန်ခိုးပိုကြီးလို့လေ။ **အာဆေး**

သို့ရာတွင် မွတ်စလင်အသိုင်းအဝိုင်းအများအပြား ဥပမာ ကရင်ပြည်နယ်၌ မွတ်စလင်အမျိုးသမီးများသည် လက်ဖက်ရည်ဆိုင်များနှင့် အခြား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခွင့် ရပြီး မဲပေးခွင့် ရှိသည်။ ဓလေ့များသည် တဖြည်းဖြည်း ပြောင်းလဲလျက် ရှိသည်။ မွတ်စလင်အမျိုးသမီးများစွာက ပညာရေးသည် ၎င်းတို့ကို ပိုလွတ်လပ်စေမည်ဟု ယုံကြည်ထားကြသည်။

မြန်မာနိုင်ငံရှိ ခရစ်ယာန်အမျိုးသမီးများသည်လည်း ခွဲခြားဆက်ဆံခြင်းကို ခံရသည်။ ချင်းပြည်နယ်ကဲ့သို့သော ဒေသများတွင် အမျိုးသမီးအချို့ တရားဟောဆရာများ ဖြစ်လာသည်။ သို့သော် အလွန်ရှားသည်။ "အမျိုးသမီးတို့၏ ခေါင်းဆောင်မှာ ယောကျာ်းဖြစ်၍ ယောကျာ်းတို့၏ အထက်တွင် ဘုရားရှိသည်ဟု အမျိုးသမီးတို့ သင်ကြားရသည်။ ထို့ကြောင့် မည်သည့်ပဲဖြစ်ဖြစ် ကျွန်မတို့သည် ကျွန်မတို့၏ ခင်ပွန်းများကို လေးစားရသည်။ ထိုအရာသည် ကျွန်မတို့၏ ခရစ်ယာန်ယုံကြည်မှု ဖြစ်သောကြောင့် ဖြစ်သည်"ဟု ခရစ်ယာန်အမျိုးသမီးတစ်ဦးက ပြောသည်။

အန်နီမစ်အသိုင်းအဝိုင်းတွင် အမျိုးသမီးများသည် အချို့ပွဲတော်များတွင် ပါဝင်ခွင့်မရှိပေ။ ဥပမာ ကြက်ရိုးများဖြင့် အနာဂတ်ကို ဟောသောပွဲ ဖြစ်သည်။ ယောကျာ်းများသာ လုပ်ခွင့် ရှိသည်။ အမျိုးသမီးများ ပွဲတော်အနီးသို့ ကပ်လာလျှင် ပွဲပျက်မည်ဟု အချို့ အန်နီမစ်များက ယုံကြည်ကြသည်။ သို့မဟုတ် ခွေးမဝင်လာလျှင်တောင် ပွဲပျက်နိုင်သည်။

## ဆွေးနွေးချက်

သင်၏ကိုယ်ပိုင် ဘာသာရေးအကြောင်း စဉ်းစားပါ။ အောက်ပါမေးခွန်းများကို အတတ်နိုင်ဆုံး ဖြေဆိုပါ။

–သင် ယုံကြည်သော နတ်ဘုရား၊ တမန်တော် သို့မဟုတ် ဝိဉာဉ်သည် ယောကျ်ားလော၊ မိန်းမလော။
–သင့်ဘုရားက ယောကျ်ားနှင့် မိန်းမကို တူညီအောင် ဖန်ဆင်းခဲ့သည်ဟု သင်ထင်ပါသလား။
–သင့်ဘာသာရေးကို ယောကျ်ားနှင့် မိန်းမများ တူညီစွာ လက်ခံလိုက်နာသည်ဟု ထင်ပါသလား။
–သင့်အသိုင်းအဝိုင်း၌ ယောကျ်ားနှင့် မိန်းမတို့၏ ဘာသာကိုင်းရှိုင်းမှုတွင် တူညီသော တန်ဖိုး ရှိသည်ဟု – သင်ခံစားရပါသလား။
–သင့်အသိုင်းအဝိုင်း၌ အမျိုးသမီး ဘာသာရေးခေါင်းဆောင် ရှိပါသလား။ သင်သည် အမျိုးသမီးဘာသာရေး ခေါင်းဆောင်ကို အမျိုးသားဘာသာရေးခေါင်းဆောင်လောက် လေးစားပါသလား။

## သင်ခန်းစာပြန်လည်လေ့လာခြင်း

**၁။** သင်သိသော ဘာသာရေးအားလုံးအား စာရင်းလုပ်ပါ။
**၂။** သင်၏ ဘာသာရေးအတွင်း ယောကျ်ားမိန်းမ မညီမျှမှုကို ဥပမာများ ရေးချပါ။
**၃။** သင့်ဘာသာရေး၌ ယောကျ်ားများ လိုက်နာရမည့် လူမှုရေး စည်းမျဉ်းစည်းကမ်းများကို ရေးပါ။
**၄။** သင့်ဘာသာရေး၌ မိန်းမများ လိုက်နာရမည့် လူမှုရေးစည်းမျဉ်းစည်းကမ်းများကို ရေးပါ။

# ၆။ ယောကျ်ားမိန်းမနှင့် နိုင်ငံရေး

**သော့ချက်စကားလုံးများ**
ဖိနှိပ်ခြင်း (oppression)။ မူဝါဒ (policy)၊ ကြားဝင်စေ့စပ်သည် (mediate)၊ ဖွဲ့စည်းပုံ (constitution)၊ နိုင်ငံသား (citizen)၊ အတွင်းဝန်ရုံး (parliament)

## အတန်းတွင်းလေ့ကျင့်ခန်း

လူပြာ နှင့် လူနီ သရုပ်ဆောင်ခြင်း
**၁။** သင့်ဆရာက အပြာရောင် သို့မဟုတ် အနီရောင် စက္ကူစများ ပေးမည်။ ရလာသော စက္ကူကို အခြားသူများ မြင်သာအောင် သင်၏ နဖူးပေါ် သို့မဟုတ် ရင်ဘတ်ပေါ် ကပ်လိုက်ပါ။ အနီရောင်စက္ကူ ကပ်ထားသူများသည် 'လူနီ'ဖြစ်၍ အပြာရောင်စက္ကူကပ်ထားသူများက 'လူပြာ' ဖြစ်သည်။
**၂။** ဆရာ၏ လမ်းညွှန်ချက်အတိုင်း လိုက်လုပ်ပါ။
**၃။** သင်ခန်းစာပြီးဆုံးလျှင် သင်ခန်းစာမှ သင် မည်သို့ခံစားရသည်ကို ပြောရမည် ဖြစ်သည်။ အချို့လူများက ဒေါသထွက်ကောင်း ထွက်မည်။ ကိစ္စမရှိပါ။ သင် အဘယ့်ကြောင့် ထိုသို့ ခံစားနေရသည်ကို ရှင်းပြရန် ကြိုးစားပါ။ မည်သည်က သင့်ကို ထိုသို့ ခံစားရစေသနည်း။ ဆွေးနွေးချိန်၌ အောက်ပါမေးခွန်းများကို ထည့်သွင်း စဉ်းစားပါ။

**လေ့ကျင့်ခန်းက သင်၏ ဘဝအစိတ်အပိုင်းအချို့ကို အမှတ်ရစေသလား။ မည်သို့နည်း။**
**လူ့အဖွဲ့အစည်းအတွင်း မည်သည့် အခြေအနေ၊ မည်သည့်ကိစ္စရပ်များက ဤအရာနှင့် ဆင်တူသနည်း။**

## လူပြာများ

လေ့ကျင့်ခန်းအတွင်း သင် မည်သို့ ခံစားရသနည်း။ မည်သည့်ကြောင့် သင် ထိုသို့ ခံစားရသနည်း။
လေ့ကျင့်ခန်းအတွင်းရှိ မည်သည့်အရာများကို သင် ပြောင်းလဲချင်သနည်း။
လေ့ကျင့်ခန်းပြုလုပ်နေစဉ် သင် ငြင်းဆန်ချင်စိတ် ဖြစ်ပေါ်လာပါသလား။

## လူနီများအတွက်

သင့်အကျိုးနှင့်ပတ်သက်၍ သင် စိတ်လက်မသက်မသာ ဖြစ်ပါသလား။
ထိုအရာကို ပြောင်းလဲရန် သင်တစ်ခုခု လုပ်ခဲ့ပါသလား။ သို့မဟုတ် တလျှောက်လုံး စနစ်နှင့် ပူးပေါင်းခဲ့ပါသလား။
အခြားသူများက စနစ်ကို ပြောင်းလဲရန် ကြိုးစားလျှင် သင် မည်သို့ တုံ့ပြန်မည်ဟု သင် ထင်သနည်း။ သင် မည်သည်များ လုပ်ဖြစ်မည်ဟု သင်ထင်သနည်း။

**၄။** အုပ်စုသေးများတွင် လေ့ကျင့်ခန်း၌ မည်သည့် ဖိနှိပ်မှုကို သင်တွေ့ခဲ့ကြောင်း ရှင်းပြပါ။ ဖိနှိပ်ခြင်း၏ စနစ်များကို ကျွန်ုပ်တို့ ဆန့်ကျင်နိုင်ကြောင်း ခေါင်းချင်းရိုက် ဆွေးနွေးအဖြေရှာကြည့်ပါ။

## နိုင်ငံရေးဆိုသည်မှာ အဘယ်နည်း။

### စဉ်းစားခိုင်းခြင်း

နိုင်ငံရေးနှင့် ဆက်စပ်နေသော ဝေါဟာရများကို သင်သိသလောက် စဉ်းစားကြည့်ပါ။ အတန်းတွင်း ဝေါဟာရစာရင်းတစ်ခု လုပ်ပါ။

### အတန်းတွင်းလေ့ကျင့်ခန်း

ဆရာက သင်ပုန်းပေါ်တွင် ကော်လံနှစ်ခု ရေးလိမ့်မည်။ ‘နိုင်ငံရေးနှင့် ဆက်စပ်သော’ နှင့် ‘နိုင်ငံရေးနှင့် မဆက်စပ်သော’ဟူ၍ ဖြစ်သည်။ ဝေါဟာရသို့မဟုတ် စကားစုတစ်ခု ရေးထားသော ကတ်တစ်ခုကို သင်ရလိမ့်မည်။ သင့်ကတ်ရှိ စကားလုံး သို့မဟုတ် စကားစုသည် နိုင်ငံရေးနှင့် ဆက်စပ်ခြင်း ရှိ မရှိ သင် ဆုံးဖြတ်ရမည်။ သင့် ကတ်ကို သင်ပုန်းပေါ်တွင် တိတ်ဖြင့် ကပ်၍ အကြောင်းပြချက်ကို ရှင်းလင်းပြောဆိုပါ။

## လူများနိုင်ငံရေး၌ မည်သို့ ပါဝင်နိုင်သနည်း။

သင်သည်နိုင်ငံရေးထဲပါဝင်နိုင်ရန်နိုင်ငံရေးပါတီဝင်တစ်ယောက်ဖြစ်ဖို့မလိုပါ။ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်နိုင်မည့် နည်းလမ်း များစွာ ရှိသည်။ တစ်ခုမှာ ရွေးကောက်ပွဲ၌ မဲပေးခြင်း ဖြစ်ပြီး အခြားများမှာ ဆန္ဒပြပွဲများတွင် ပါဝင်ခြင်းနှင့် အရင်းအမြစ်၊ လုပ်ရှားမှု၊ မူဝါဒများနှင့် ပတ်သက် ၍ ဆုံးဖြတ်ချက်များအပေါ် မိမိတို့၏ အတွေးအခေါ်များအား ပုံနှိပ်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေးဆိုသည်မှာ

ကျွန်ုပ်တို့အသိုင်းအဝိုင်းအတွက် ဆုံးဖြတ်ချက် ဖြစ်သောကြောင့် နိုင်ငံရေးကို သင်တစ်ယောက်တည်းက ဆောင်ရွက်၍ မရပေ။ ပါဝင်ရန် အကောင်းဆုံးနည်းလမ်းမှာ ကျောင်းသားအုပ်စု၊ လယ်သမားအဖွဲ့အစည်း သို့မဟုတ် အမျိုးသမီး အဖွဲ့များတွင် ပါဝင်ခြင်းပင် ဖြစ်သည်။

အောက်ပါများကို သင်လုပ်ဆောင်ပါက သင် နိုင်ငံရေးထဲ ပါဝင်သည်ဟု ဆိုနိုင်သည်။
– နိုင်ငံရေးအကြောင်း ဆွေးနွေးခြင်း
– အခြားသူများအား သင့်နှင့် ပူးပေါင်းလာအောင် ဆွဲဆောင်ခြင်း
– ကော်မတီထူထောင်ခြင်း
–သင့်အဖွဲ့အစည်း၏ လုပ်ဆောင်ချက်များအား လူသိအောင်ကြေညာခြင်း (သတင်းစာတွင် ဆောင်းပါးရေးခြင်း၊ သတင်းစက္ကူများ ဖြန့်ဝေခြင်း၊ လူထုအစည်းအဝေး ကျင်းပခြင်း)

> "အာရှရှိ အုပ်ချုပ်မှုအများအပြားတွင် အမျိုးသားများသာ ပါဝင်သည်။ ထို့ကြောင့် အစိုးရက အမျိုးသမီးထုအတွက် တစ်စုံတစ်ခု လုပ်ပေးသည်ဆိုလျှင်တောင် အမျိုးသမီးကိစ္စရပ်များကို ၄င်းတို့ မည်ကဲ့သို့ နားလည်နိုင်မည်နည်း။ ဥပမာ ကိုယ်ဝန်သည်အမျိုးသမီး မည်သို့သော အကူအညီ၊ မည်သို့သော လမ်းညွှန်ချက်များ လိုအပ်သည်၊ အမျိုးသမီးငယ်များ မည်သည့်ထောက်ပံ့မှု လိုအပ်သည်၊ အသက်ကြီးသော အမျိုးသမီးများအတွက် မည်သည်များ လုပ်ဆောင်ပေးနိုင်သည် စသည်တို့ကို အမျိုးသမီးများသာ သိသည်။ အမျိုးသမီးများ ရှိလျှင် ပိုကောင်းမည်။ ယခုမူ အမျိုးသမီးများ ရှေ့တွင်မနေရ၊ အမြင့်တွင် မနေရ၊ မြင်သာထင်သာသော နေရာတွင် မနေရ စသည်တို့ကြောင့် အမျိုးသမီးများအပေါ် ဖိအားပေးလျက် ရှိသည်ဟု ကျွန်မ ခံစားရသည်။ ၄င်းတို့ အမျိုးသမီးများအား အမှန်တကယ် ကူညီရန်နှင့် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားနေသည်ဟု ကျွန်မ မထင်ပါ။
> **အမျိုးသမီးထု အသံ၊ ၁၉၉၉**

## နိုင်ငံရေးတွင် ပါဝင်သူများသည်

– အနာဂတ်ရေး၊ အလုပ်အကိုင်ရေးရာ၊ ယုံကြည်မှုဆိုင်ရာများ၊ မိသားစုအကြောင်း၊ သူငယ်ချင်းနှင့် နိုင်ငံအကြောင်း စသည့် အရေးကြီးသော အရာများကို အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်သည်။
– အရင်းအမြစ်၊ လုပ်ဆောင်မှုများ၊ မူဝါဒများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချသည်။
– ဆုံးဖြတ်ချက်ချသည့်အဆင့်အတွက် လူများအား ရွေးကောက်သည်။
– ပဋိပက္ခဖြစ်နေသော အရာများကြား အင်အားမသုံးဘဲ ဆွဲဆောင်ခြင်း၊ သဘောတူညီခြင်းများကို အသုံးပြု၍ ကြားဝင်စေ့စပ်သည်။

အာဏာနှင့်သက်ဆိုင်သောအရာများ၊ အာဏာအသုံးပြုမှုများ အားလုံးသည် နိုင်ငံရေး ဖြစ်သည်။ စနစ်တစ်ခု ထိန်းသိမ်းခြင်း သို့မဟုတ် ပြောင်းလဲပစ်ခြင်းသည်လည်း နိုင်ငံရေး ဖြစ်သည်။

## မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် တစ်ကိုယ်ရေကူညီခြင်း

အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်(WDN) သည် မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့ တစ် ဖွဲ့ ဖြစ် သည်။ WDN သည် မိခင်နှင့် ကလေး ကျန်းမာရေး အစီအစဉ်များကို လုပ်ဆောင် သည်။ ၎င်းသည် ကလေးထိန်းကျောင်းများကို တည်ထောင်ကာ နယ်စွန်နယ်ဖျားရှိ ကျောင်းများသို့ ပညာရေးနှင့်သက်ဆိုင်သော ပစ္စည်းများ ထားပေးသည်။ WDN သည် နယ်စွန်နယ်ဖျားရှိ အမျိုးသမီးများ ပိုက်ဆံရှာနိုင်သည့် စီမံကိန်းများကို ဖန်တီးပေးသည်။

အအောင်မြင်ဆုံးအစီအစဉ်တစ်ခုမှာ ယက်ကန်းစုပေါင်းယက်ခြင်း ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့ စုစည်းကာ ချည်၊ ဗိုင်းငင်သည့် ကိရိယာများကို ဝယ်ယူကာ ရွာအချို့သို့ ဖြန့်ဝေသည်။ ရွာသူအမျိုးသမီးများက ခြုံ ပုဝါ၊ စောင်၊ အိတ်များအပါဝင် အမျိုးမျိုးသော ရိုးရာချည်ထည်ပစ္စည်းများအား ထုတ်လုပ်သည်။ အဖွဲ့ က ပြီးစီးသားသော ကုန်ပစ္စည်းများကို ရောင်းချသည်။ ရရှိလာသော ငွေများကို ယက်ကန်းယက်သူ အမျိုးသမီးများအား ပေးသည်။

### လေ့ကျင့်ခန်းများ

WDN အကြောင်းအရာလေ့လာခြင်းနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** WDN ၏ လုပ်ဆောင်မှုများသည် နိုင်ငံရေး ဖြစ်သည်ဟု သင်ထင်ပါသလား။ ၎င်းတို့၏ လုပ်ဆောင်မှု များသည် သင် ဖတ်ထားသော နိုင်ငံရေးနှင့် ပတ်သက်သည့် ဖော်ပြချက်များနှင့် ကိုက်ညီပါသလား။

**၂။** စီဒေါ်သဘောတူညီချက်မှ အခွင့်အရေးစာရင်းကို ပြန်ကြည့်ပါ။ WDN သည် ၎င်းတို့၏ အခွင့်အရေးများကို မည်သို့ ရယူသနည်း။

## ဒေသတွင်း စဉ်းစားခြင်း

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

**၁။** သင့်အသိုင်းအဝိုင်း မည်သို့သော အဖွဲ့အစည်းများ ရှိသနည်း။ အဖွဲ့အစည်းများ စာရင်းနှင့် ၎င်းတို့ မည် သည်များ လုပ်ဆောင်သည်ကို ရေးချပါ။

**၂။** ထို့နောက် အဖွဲ့အစည်းများ စာရင်းကို ကြည့်၍ ထိုအဖွဲ့အစည်းများထဲမှ ဘယ်နှခုတွင် အမျိုးသမီးများ ပါဝင် သည်ကို ဆုံးဖြတ်ပါ။ ထိုအဖွဲ့အစည်းများတွင် အမျိုးသမီးများ ဦးဆောင်ပါသလား။ အဘယ့်ကြောင့်နည်း။

**၃။** အမျိုးသမီးအဖွဲ့အစည်းများတွင် ခေါင်းဆောင်များသည် အမျိုးသမီးများသာ ဖြစ်လေ့ ရှိသည်။ အမျိုးသမီးအဖွဲ့အစည်း၌ အမျိုးသမီးသာ ခေါင်းဆောင်ဖြစ်ရန် အရေးကြီးပါသလား။ အမျိုးသမီးအဖွဲ့ အစည်းအတွက် အမျိုးသားတစ်ဦးက ခေါင်းဆောင်ကောင်း ဖြစ်နိုင်ပါသလား။

**၄။** သင့်စာရင်းထဲမှ အမျိုးသမီးအနည်းငယ်သာ ပါဝင်သော သို့မဟုတ် ခေါင်းဆောင်ပိုင်းအမျိုးသမီး နည်းသော အဖွဲ့အစည်းများကို ရွေးထုတ်ပါ။ ထိုအဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ အသံ၊ အတွေးအခေါ်၊ အယူအဆများကို နားထောင်ရန် အရေးကြီးပါသလား။ သို့မဟုတ် အမျိုးသမီးအဖွဲ့များတွင်သာ လုပ် ဆောင်သင့်ပါသလား။

## အမျိုးသမီးများမပါဝင်ဘဲ ဆုံးဖြတ်ချက် ချခြင်း

### အတန်းတွင်းလေ့ကျင့်ခန်း

**၁။** အတန်းတွင်း၌ သင့် အသိုင်းအဝိုင်း သို့မဟုတ် သင့်ဒေသကို သက်ရောက်လျက်ရှိသော အရေးကြီးသည့် ဆုံးဖြတ်ချက် လေးခု သို့မဟုတ် ငါးခုကို ရေးချပါ။ (ဥပမာ။ ။ ကျောင်းအသစ် ဆောက်လုပ်ခြင်း၊ လမ်းအသစ်ဖောက်ခြင်း၊ ဥပဒေ စည်းမျဉ်းစည်းကမ်းအသစ် ချမှတ်ခြင်း စသည်)

**၂။** အုပ်စုငယ်လေးများတွင်ထိုဆုံးဖြတ်ချက်များအနက်မှတစ်ခုအကြောင်းပြောဆိုပါ။အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

– ထိုဆုံးဖြတ်ချက်က ယောကျ်ားနှင့်မိန်းမအပေါ် တူညီစွာ သက်ရောက်မှု ရှိပါသလား။

– ထိုဆုံးဖြတ်ချက်ကို မည်သူ ချသနည်း။ ထိုအဖွဲ့၏ ရာခိုင်နှုန်းမည်မျှက အမျိုးသမီးများ ဖြစ်သနည်း။

– ဆုံးဖြတ်ချက်ချသူတို့၏ ၅၀ ရာခိုင်နှုန်းက အမျိုးသမီးများ ဖြစ်နေလျှင် ထိုဆုံးဖြတ်ချက်မှာ မည်သို့ ကွာခြားသွားနိုင်သနည်း။

**၃။** သင့်ရလဒ်များကို အတန်းတွင်း ဖလှယ်ပါ။

### စဉ်းစားနိုင်ခြင်း

**အမျိုးသမီး သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်ရှိသော နိုင်ငံအရေအတွက် မည်မျှကို သင်စဉ်းစားမိသနည်း။ မည်သည့်နိုင်ငံများက အမျိုးသမီးခေါင်းဆောင်ကို မည်သည့်အခါမျှ မရွေးကောက်ဖူးသနည်း။**

> လက်ရှိ ကျွန်မနိုင်ငံတွင် အမျိုးသမီးများသည် အစိုးရ အဆင့်မြင့်နေရာတွင် ပါဝင်ခွင့် မရှိချေ။ ပါတီအဖွဲ့အားလုံးနီးပါးတွင် အမျိုးသားများကသာ ထိပ်တန်းအလုပ်များကို ယူထားသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲက အမျိုးသမီးများသည် အတွင်းဝန် နေရာတွင် ၃ ရာခိုင်နှုန်းသာ ရသည်။ ၄င်းတို့သည့် ပါတီတစ်ခုတည်းမှ အဖွဲ့ဝင်များ ဖြစ်ကြသည်။
> အမျိုးသမီးနိုင်ငံရေးသမား၊ ၁၉၉၅

### ဆွေးနွေးချက်

**၁။** ကောက်နုတ်ချက်ကို ဖတ်၍ ဝန်ကြီးနေရာ၏ ၃ရာခိုင်နှုန်းသာ အမျိုးသမီးများ ရသည့်အကြောင်းရင်း ၃ ရပ်ကို ဆွေးနွေးပါ။

**၂။** အထက်ပါပြောဆိုချက်ကို ၁၉၉၅ ခုနှစ်တွင် ဟောပြောခဲ့သည်။ ကမ္ဘာတစ်ဝှမ်းတွင် အခြေအနေ ပြောင်းလဲသွားပြီဟု သင်ထင်ပါသလား။ ပိုကောင်းလာသလား၊ ပိုဆိုးသွားသလား။ သင့်အဖြေအတွက် အကြောင်းပြချက်ပေးပါ။

## နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှု



ဗီယက်နမ်၊ ကင်ညာ၊ ရုရှား၊ အမေရိကန်နှင့် ကျူးဘားကဲ့သို့သော နိုင်ငံများရှိ လူများသည် ကိုလိုနီအုပ်ချုပ်မှု သို့မဟုတ် ဖိနှိပ်ချုပ်ချယ်မှုများကို အဆုံးသတ်သွားစေရန် တိုက်ထုတ်ကြသည်။ ထိုကြိုးပမ်းမှုများတွင် အမျိုးသမီးများလည်း ပါဝင်ကာ ယောကျ်ားများနှင့် ရင်ဘောင်တန်း တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့သည် လည်း ဖမ်းဆီးခြင်းခံရသည်၊ ဒဏ်ရာရသည်၊ အသတ်ပါ ခံရသည်။ ဥပမာ ၁၉၉၁ ခုနှစ် အီရစ်ထရီယန်တော် လှန်ရေးတွင် လွတ်လပ်ရေးတပ်၌ အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။



လွတ်လပ်ရေးကြိုးပမ်းမှုက လူများ၏ဘဝကို ပြောင်းလဲသွားစေသည်။ ရိုးရာ ရှုမြင်ထားသော အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ စိန်ခေါ်ခြင်း ခံရသည်။ အမျိုးသမီးများသည် ယောကျ်ားများနည်းတူတိုက် ခိုက်ခြင်း၊ ရိက္ခာဖြည့်တင်းခြင်းနှင့် အဖွဲ့အစည်းကို တာဝန်ယူခြင်း စသည့် အလုပ်များကို လုပ်နိုင်ကြောင်း သက်သေပြကြသည်။ လွတ်လပ်ရေးရပြီးနောက် အမျိုးသမီးများက ယောကျ်ားများနှင့် တန်းတူအခွင့်အရေးရရန် တောင်းဆိုကြသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအသစ်က ယောကျ်ားရောမိန်းမပါ မဲပေးခွင့်ရှိပြီး မိန်းမများသည် ယောကျ်ားများနည်းတူ မည်သည့်လုပ်ရှားမှုတွင်မဆို ပါဝင်ခွင့် ရကြောင်း ဖော်ပြသည်။ သို့သော် ဖြစ်ရပ်အများစုတွင် လွတ်လပ်ရေးကြိုးပမ်းမှု၌ အမျိုးသမီးများ ရှေ့တန်းက ပါဝင်တိုက်ခိုက်ခဲ့သော်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာသည့် နိုင်ငံကြိုးပမ်းမှုများတွင်တော့ ပါဝင်ခွင့် မရပေ။ ပဋိပက္ခများနောက် လိုက်ပါလာသည့် ငြိမ်းချမ်းရေးပြောဆိုချက်များ၌ ပါဝင်ရန် အမျိုးသမီးများမည်သည့် အခါမျှ ဖိတ်ခေါ်ခြင်း မခံရပေ။ အမျိုးသမီးများသည် စစ်ပွဲအပြီး တည်ဆောက်သည့် အစိုးရအဖွဲ့တွင် သေးငယ်သောအပိုင်း၌ ပါဝင်ခွင့်ရဖို့ပင် အတိုက်အခံ လုပ်နေရသည်။

အမှန်တကယ်တွင်တော့ ဖွဲ့စည်းပုံမည်သို့ပင် ဆိုဆို အမျိုးသမီးအများစုသည် ဘဝတွင် အမျိုးသားများနှင့် တူညီသောအခွင့်အရေး မရရှိသေးပေ။ အမျိုးသမီးများသည် အချိန်ကာလကြာမြင့်စွာ ဒုတိယတန်းစား နိုင်ငံသားများအဖြစ် ဆက်ဆံခံနေရသည်။ ၎င်းတို့သည် ယောကျ်ားများထက် ပိုညံ့သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပိုနိမ့်သော လစာကို ရကာ ပိုများသော ဝန်ထုပ်ဝန်ပိုးတို့ကို ထမ်းဆောင်ရသည်။ အမျိုးသမီးအများအပြားသည် ကျောင်းသွားရန် အခွင့်အရေး မရပေ။ ထို့ပြင်၎င်းတို့၏ဘဝနေထိုင်မှု ပိုမိုလွယ်ကူစေမည့် ခေတ်မီနည်းပညာများကိုလည်း အသုံးပြုခွင့်မရပါ။ အမျိုးသမီးများ တရားမျှတစွာ ဆက်ဆံခံရရေးအတွက် အပြောင်းအလဲများစွာ၊ စွမ်းအားများစွာ အသုံးချမှ ရမည် ဖြစ်သည်။

## ဆွေးနွေးချက်

ယနေ့ခေတ် နိုင်ငံအများစုတွင် အမျိုးသမီးများ မဲပေးပိုင်ခွင့် ရှိသည်။ သို့သော် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် လွှတ်တော်၌ အမျိုးသမီးအရေအတွက်ထက် အမျိုးသားအရေအတွက်က ပိုနေသည်။ ထိုသို့ အဘယ့်ကြောင့် ဖြစ်ရသနည်း။

## စဉ်းစားခိုင်းခြင်း

အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ရန်ကြိုးစားသောအခါ ရင်ဆိုင်ရနိုင်သည့် အတားအဆီးများအားလုံးကို စဉ်းစားကြည့်ပါ။ အမျိုးသမီးများ ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းမှ ရင်ဆိုင်ရနိုင်သည့် ပြင်ပအတားအဆီးများ အပါအဝင် ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းခြင်းကဲ့သို့သော ကိုယ်တွင်းအတားအဆီးများကိုပါ ထည့်သွင်းစဉ်းစားပါ။

အောက်ပါဇယားသည် ရွေးချယ်ထားသော နိုင်ငံများ၏လွှတ်တော်တွင်အမျိုးသမီးများပါဝင်သောရာခိုင်နှုန်းကိုဖော်ပြထားသည်။

| နိုင်ငံ | ၁၉၉၅ | ၁၉၉၉ | ၂၀၀၄ | ၂၀၀၆ | ၂၀၀၇ |
|---|---|---|---|---|---|
| အာဖဂန်နစ္စတန် | - | - | – | ၂၇ | ၂၇ |
| သြစတြေးလျ | ၁၀ | ၂၂ | ၂၅ | ၂၅ | ၂၅ |
| ဘော့စ်ဝါနာ | ၉ | ၉ | ၇ | ၁၁ | ၁၁ |
| ဘူလ်ဂေးရီးယား | ၁၃ | ၁၁ | ၂၆ | ၂၂ | ၂၂ |
| ကမ္ဘောဒီးယား | ၆ | ၈ | ၁၀ | ၁၀ | ၁၀ |
| ကနေဒါ | ၁၈ | ၂၁ | ၂၁ | ၂၁ | ၂၁ |
| တရုတ် | ၂၁ | ၂၂ | ၂၀ | ၂၀ | ၂၀ |
| ဒိန်းမတ် | ၃၃ | ၃၇ | ၃၈ | ၃၇ | ၃၇ |
| အီသီယိုးပီးယား | ၅ | ၂ | ၈ | ၂၂ | ၂၂ |
| ဖင်လန် | ၃၄ | ၃၇ | ၃၈ | ၃၈ | ၄၂ |
| ပြင်သစ် | ၆ | ၁၁ | ၁၂ | ၁၂ | ၁၂ |
| ဂျာမနီ | ၂၆ | ၃၁ | ၃၂ | ၃၂ | ၃၂ |
| ဂါနာ | ၈ | ၉ | ၁၀ | ၁၁ | ၁၁ |
| အိန္ဒိယ | ၈ | ၈ | ၈ | ၈ | ၈ |
| အီရတ် | ၁၁ | ၆ | – | ၂၆ | ၂၆ |
| အစ္စရေး | ၉ | ၁၂ | ၁၅ | ၁၄ | ၁၄ |
| ဂျပန် | ၃ | ၅ | ၇ | – | ၉ |
| ကင်ညာ | ၃ | ၄ | ၇ | ၇ | ၇ |
| ကူဝိတ် | ၀ | ၀ | ၀ | ၂ | ၃ |

| နိုင်ငံ | ၁၉၉၅ | ၁၉၉၉ | ၂၀၀၄ | ၂၀၀၆ | ၂၀၀၇ |
|---|---|---|---|---|---|
| မလေးရှား | ၈ | ၈ | ၉ | ၉ | ၉ |
| မာလီ | ၂ | ၁၂ | ၁၀ | ၁၀ | ၁၀ |
| နီပေါ | – | ၆ | ၆ | ၆ | ၁၇ |
| နယ်သာလန် | ၃၁ | ၃၆ | ၃၇ | ၃၇ | ၃၇ |
| နယူးဇီလန် | ၂၁ | ၂၉ | ၂၈ | ၃၂ | ၃၂ |
| နိုင်ဂျီးရီးယား | – | – | ၆ | ၆ | ၆ |
| နော်ဝေ | ၃၉ | ၃၆ | ၃၆ | ၃၈ | ၃၈ |
| ပါကစ္စတန် | ၂ | ၂ | ၂၂ | ၂၁ | ၂၁ |
| ရုရှားဖယ်ဒရေးရှင်း | ၁၃ | ၁၀ | ၁၀ | ၁၀ | ၁၀ |
| ရဝန်ဒါ | ၁၇ | ၁၇ | ၄၉ | ၄၉ | ၄၉ |
| ဆော်ဒီအာရေးဗျ | – | – | ၀ | – | ၀ |
| စင်ကာပူ | ၄ | ၄ | ၁၆ | ၂၁ | ၂၅ |
| တောင်အာဖရိက | ၂၅ | ၃၀ | ၃၃ | ၃၃ | ၃၃ |
| ဆွီဒင် | ၄၀ | ၄၃ | ၄၅ | ၄၅ | ၄၇ |
| ထိုင်း | ၆ | ၆ | ၉ | – | ၉ |
| ယူနိုက်တက် အာရက်အီမီရိတ် | ၀ | ၀ | ၀ | – | ၂၃ |
| အင်္ဂလန် | ၁၀ | ၁၈ | ၁၈ | ၂၀ | ၂၀ |
| အမေရိကန် | ၁၁ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ဗီယက်နမ် | ၁၈ | ၂၆ | ၂၇ | ၂၇ | ၂၇ |
| ဇင်ဘာဘွေ | ၁၅ | ၁၄ | ၁၀ | ၁၆ | ၁၇ |
| | | | | | |

## လေ့ကျင့်ခန်းများ

ဇယားနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** ၁၉၉၅ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ကြား လွှတ်တော်အတွင်း အမျိုးသမီးအရေအတွက် တိုးတက်လာသော နိုင်ငံအရေအတွက် မည်မျှ ရှိသနည်း။

**၂။** လွှတ်တော်အတွင်း အမျိုးသမီးအရေအတွက် လျော့နည်းသွားသော နိုင်ငံ ရှိပါသလား။

**၃။** ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် အရှေ့တောင်အာရှ နိုင်ငံများကြား နှိုင်းယှဉ်ကြည့်ပါ။

**၄။** ၁၉၉၅ မှ ၂၀၀၇ ခုနှစ်အတွင်း မည်သည့်နိုင်ငံ၏ ပါလီမန်ရှိ အမျိုးသမီးအရေအတွက် အများဆုံး မြင့်–တက်ခဲ့သနည်း။

## ရဝန်ဒါရှိ ယောက်ျားမိန်းမနှင့် အစိုးရ

၁၉၉၄ ခုနှစ် ရဝန်ဒါတွင် ဖြစ်ပွားခဲ့သော လူမျိုးတုန်းသတ်ဖြတ်ခြင်းကြောင့် ရက်ပေါင်း ၁၀၀ အ တွင်း လူပေါင်း ၈၀၀၀၀၀ အသတ်ခံခဲ့ရသည်။ ထိုသတ်ဖြတ်မှုတွင် မိန်းမဦးရေထက် ယောက်ျားဦးရေ ပိုများစွာ အသတ်ခံခဲ့ရသည်။ ရဝန်ဒါလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြသည်။ ထိုမညီမျှမှုကြောင့် အမျိုးသမီးများသည် ရိုးရာ ယောက်ျားများ လုပ်ဆောင်ခဲ့သည့် အိမ်ထောင်ကို ဦးစီးသူ၊ အသိုင်းအဝန်းကို ဦးဆောင်သူ၊ ငွေကြေးကိုင်တွယ်သူတို့ ဖြစ်လာကြသည်။ ထိုပြောင်းလဲမှုကြောင့် အမျိုးသမီးများ ကွဲပြားစွာ တွေးခေါ်တတ်လာပြီး စွမ်းရည်အသစ်များ သင်ကြားတတ်မြောက်ခဲ့သည်။

ဤယောက်ျားမိန်းမအခန်းကဏ္ဍ ပြောင်းလဲသွားရုံသာမက ရဝန်ဒါ အစိုးရအဖွဲ့တွင် အမျိုးသမီးများ ပါဝင်ခဲ့သည်။ ရဝန်ဒါသည် နိုင်ငံလွှတ်တော်တွင် အမျိုးသမီးများအား ရွေးချယ်သည့် ကိုတာစနစ်ကျင့်သုံးသော ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၅ နိုင်ငံထဲမှ တစ်နိုင်ငံ ဖြစ်သည်။ လွှတ်တော်တွင် နေရာ ၈၀ ရှိရာ အမျိုးသမီးများ ၂၄ နေရာ ရသည်။ ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသမီးများသည် လွှတ်တော်တွင် ၁၅ နေရာ ပိုရခဲ့ရာ ၈၀ ရှိသည့် အနက် ၃၉ နေရာရသည် ဆိုသောကြောင့် အမျိုးသမီး ၄၉ ရာခိုင်နှုန်း ပါဝင်သည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ၄င်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး ရာခိုင်နှုန်းဖြစ်သည်။

> ကျွန်ုပ်တို့နိုင်ငံ၊ အသိုင်းအဝိုင်း၏ သမိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ လူရှေ့ ထွက်ပြခွင့် မရှိချေ။ အမျိုးသားများ ရှိသည့်နေရာတွင် အမျိုးသမီးများ စကားပြောခွင့်မရှိ၊ လိုအပ်သည်များကို ပြသခွင့် မရှိပါ။ ယောက်ျားများက ၄င်းတို့အတွက် ပြောဆိုပေးရသည်။ အမျိုးသမီးကောင်စီက ၄င်းတို့က ပူးပေါင်းလိုက်သည်၊ ပညာပေးသည်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိအောင် လုပ်ပေးသည်။ အမျိုးသမီးများသည် ခေါင်းဆောင်လုပ်ရန် ယုံကြည်မှု ရှိလာသည်။
>
> **ဘက်ထရာ မူကာမူဆိုနီ၊ ရဝန်ဒါလွှတ်တော်အမတ်**
> **၂၀၀၂၊ ဇူလိုင်**

> အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု တိုးတက်လာခြင်းသည် ၄င်းတို့၏ မိသားစုနှင့် နိုင်ငံ တစ်ခုလုံး၏ လူမှုရေး၊ စီးပွားရေး နိုင်ငံရေး အခြေအနေများကို တိုးတက်ရန် အထောက်အကူ ပြုသည်။
>
> **ရဝန်ဒါ သမ္မတ**
> **ပေါလ် ကာဂိန်း**
> **၂၀၀၃၊ မေ**

### လေ့ကျင့်ခန်းများ

**ရဝန်ဒါနှင့် ပတ်သက်သည့် စာပိုဒ်များ၊ ကောက်နုတ်ချက်များကို ဖတ်၍ အောက်ပါမေးခွန်းများကို ဖြေပါ။**

**၁။** ရဝန်ဒါအစိုးရအဖွဲ့တွင် ယောက်ျားမိန်းမ ညီမျှမှုကို မြှင့်တင်ခဲ့သည့် အကြောင်းရင်းနှစ်ခုမှာ အဘယ်နည်း။

**၂။** ထိုပြောင်းလဲမှုတွင် အမျိုးသမီးများ မည်သည့်အခန်းကဏ္ဍမှ ပါဝင်သည်ဟု သင်ထင်သနည်း။

**၃။** ထိုပြောင်းလဲမှုတွင် အမျိုးသားများ မည်သည့်အခန်းကဏ္ဍမှ ပါဝင်သည်ဟု သင်ထင်သနည်း။

**၄။** အစိုးရအဖွဲ့အားလုံးတွင် ယောက်ျားမိန်းမ ညီမျှမှု တစ်နေ့ ဖြစ်လာနိုင်သည်ဟု သင်ထင်ပါသလား။

## သင်ခန်းစာပြန်လည်လေ့လာခြင်း

## လေ့ကျင့်ခန်းများ

**အောက်ပါမေးခွန်းများကို ဖြေပါ။**

**၁။** လူများနိုင်ငံရေးတွင် မည်သို့ ပါဝင်နိုင်သနည်း။ ဥပမာသုံးခုပေးပါ။

**၂။** အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို သင်သိပါသလား။ အမျိုးသမီး ဦးဆောင်သော အဖွဲ့အစည်းကိုကော သိပါသလား။ ထိုအဖွဲ့များကို အသိုင်းအဝိုင်းက မည်သို့ သဘောထားသနည်း။

**၃။** နိုင်ငံရေးတွင် အမျိုးသားများ၏ စိတ်ဝင်စားမှုနှင့် ကွာခြားသော အမျိုးသမီးများ၏ အထူးစိတ်ဝင်စားမှုများမှာ မည်သည်များနည်း။

# ၇။ ယောက်ျားမိန်းမနှင့် ပညာရေး

**သော့ချက်စကားလုံး**

လုပ်နိုင်စွမ်း (potential)၊ အကျိုးအမြတ်ဖြစ်ထွန်းသည် (to benefit)၊ ဖြစ်သင့်သလောက် အောင်မြင်မှုမရ (underachievement)၊ ဂဏန်းသင်္ချာ (numeracy)၊ စာရေးစာဖတ်နိုင်စွမ်း (literacy)

**ကလေးများအား လူတောတိုးစေခြင်း**

အောက်ပါသည် ပဒေါင်လူမျိုး မိဘများက ကလေးများအား မျိုးဆက်ပေါင်းများစွာ ပြောလာခဲ့သော ဒဏ္ဍာရီတစ်ခု ဖြစ်သည်။

ဟိုးရှေးရှေးတုန်းက ခူးလာခရစ်ဆိုသော လူငယ်လယ်သမားတစ်ဦးသည် လယ်ကွင်းမှ အိမ်အပြန်လမ်းတွင် သစ်ငုတ်တိုတစ်ခုအတွင်း၌ ဥတစ်လုံးကို တွေ့သည်။ သူက ထိုဥကို လွယ်အိတ်အတွင်း ထည့်၍ လယ်ကွင်းမှ ထွက်ခွာသည်။ သူ အိမ်ပြန်ရောက်သောအခါ ညစာအတွက် ဥကိုပြုတ်မည့်အကြံဖြင့် အိုးအတွင်းသို့ ထည့်ရန် ကြိုးစားသည်။ သို့သော် ဥမှာ အိုးထက် ကြီးနေသည်။သူကသူပိုင်ဆိုင်သော အကြီးဆုံးအိုးကို ယူခဲ့သော်လည်း ဥမှာ ပိုကြီးနေသေးသည်။ ကြံရာမရသည့်အဆုံးတွင် အိမ်ရှိ အကြီးဆုံးခြင်းတောင်းကို ယူခဲ့ကာ ဥကိုထည့်ပြီး ဒီအတိုင်း ထားရစ်ခဲ့သည်။

နောက်တစ်နေ့တွင် သူသည် ခါတိုင်းလိုပင် လယ်ထဲသို့ သွားသည်။ အိမ်ပြန်ရောက်သည့်အခါ တစ်စုံတစ်ယောက်က သူ့အတွက် ညစာနှင့် ဆန်အရက် ပြင်ဆင်ထားပေးသည်ကို တွေ့ရသည်။ ဒုတိယနေ့တွင်လည်း ထိုကဲ့သို့ပင်။ သို့သော် တတိယနေ့တွင် မီးဖိုချောင်ထဲမှ ပြေးထွက်လာသော ချောမော–လှပသည့် မိန်းကလေးတစ်ဦးကို သူ ဖျတ်ကနဲ တွေ့လိုက်သည်။ မိန်းကလေးက ထွက်ပြေးရန် ပြင်သော်လည်း သူက မိန်းကလေး၏ လက်ကို ဖမ်းကိုင်ကာ မည်သူမည်ဝါဖြစ်ကြောင်း မေးသည်။ 'ကျွန်မ ဥထဲက ထွက်လာတာပါ'ဟု မိန်းကလေးက ဖြေသည်။ 'ကျွန်မကို လွှတ်ပေးဖို့ တောင်းပန်ပါတယ်။ ကျွန်မ ထွက်ပြေးဖို့ မကြိုးစားပါဘူး။ ရှင် ဥကို ကြက်ထဲ ပြန်ထည့်ပေးနိုင်တော့မှ ကျွန်မ ပျောက်သွားမှာပါ' ထို့ကြောင့် သူက သူမလက်ကို လွှတ်ပေးလိုက်သည်။ အတူတကွ ညစာစားကာ ချစ်ခင်ကြင်နာကြသည်။

နောက်တစ်နေ့မနက်တွင် ခူးလာခရစ်သည် ဦးလေးဆီသို့သွားကာ ဖြစ်ကြောင်းကုန်စင် ပြော–ပြသည်။ ဦးလေးထဲ ထို လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်ကို သိမြင်ကာ မိန်းကလေးအား

မူလာခရန်ဟု အမည်ပေးလိုက်သည်။ အဘယ့်ကြောင့်ဆိုသော မိန်းကလေးသည် လူတို့ဖန်တီးထားခြင်း မဟုတ်ဘဲ ကောင်းကင်ဘုံမှ သက်ဆင်းလာသောကြောင့် ဖြစ်သည်။ ၄င်းတို့ ပေါင်းစုံခြင်းအတွက် လက်ထပ်မင်္ဂလာကျင်းပကာ နောက်ထပ်နှစ်နှစ်တိုင်အောင် ပျော်စရာအတိဖြင့် အတူတကွ နေထိုင်ကြသည်။

တစ်နေ့ ခူးလာခရစ် အိမ်ပြန်လာသောအခါ ဇနီးဖြစ်သူ ပျောက်ဆုံးနေသည်ကို တွေ့သည်။ နောက်တစ်နေ့ မနက်တွင် သူသည် ရွာရှိ ဘာသာရေးခေါင်းဆောင် ဆီသို့သွားကာ အကြံဉာဏ်တောင်းသည်။ ဘာသာရေးခေါင်းဆောင်က အရှေ့ဘက်မှ သူစိမ်းတစ်ယောက်သည် သူ၏ ဇနီးကို ခိုးယူသွားခြင်းဖြစ်ပြီး ပြန်ရှာတွေ့နိုင်သည်ဟု ပြောသည်။ သို့သော် ဘာသာရေးခေါင်းဆောင်က ခရီးလမ်းသည် ခက်လည်း ခက်–ခဲမည်၊ အန္တရာယ်လည်း ကြီးမည်ဟု သတိပေးသည်။ ခူးလာခရစ် ကြောက်ရွံ့ခြင်းအလျဉ်းမရှိ။ သူသည် ဇနီးသည်နောက် လိုက်ရမည်ဆိုလျှင် ငရဲထိုပဲလိုက်ရလိုက်ရ လိုက်မည့်သူ ဖြစ်သည်။ သူ ကြက်တစ်ကောင်ကို သတ်ကာ ချက်စားသည်။ စားပြီးသော် ရွာမှ ထွက်ခွာသည်။

ပူပြင်းသောနေရောင်ခြည်အောက်ရက်ပေါင်းများစွာခရီးသွားပြီးသော်သူသွားရမည့်တိုင်းနယ်စပ်သို့ ရောက်သည်။ သူ့ဇနီးကို ပြန်ပေးဆွဲသွားသူများနှင့် သူ့ဇနီးကို တွေ့သည်။ ထိုသူတို့က ခူးလာခရစ်ကိုပါ အကျဉ်းချပြီး အိမ်တစ်ခုထဲ သော့ခတ်ကာ မီးရှို့သည်။ အိမ်မီးလောင်သည်နှင့်အတူ စုံတွဲနှစ်ယောက်သည် အဆောက်အအုံထဲမှ ပျံထွက်လာကာ ကောင်းကင်ဘုံသို့ ပျံတက်သွားသည်။ မူလာခရန်သည် အရှေ့ဘက်သို့ ပျံသန်းကာ မိုးသောက်ကြယ် ဖြစ်လာသည်။ ခူးလာခရစ်က အနောက်ဘက်သို့ ပျံသန်းကာ ညနေခင်းကြယ် ဖြစ်လာသည်။ ထိုအချိန်မှစ၍ ၄င်းတို့နှစ်ယောက်သည် ခုနစ်နှစ်မှ တစ်ခါ ဆုံတွေ့ကြရသည်။ သို့သော် ၄င်းတို့၏အချစ်မှာ ထာဝရ ရှင်သန်နေသည်။

## လေ့ကျင့်ခန်းများ

အောက်ပါမေးခွန်းများကို ဖြေပါ။

**၁။** ခူးလာခရစ်ကို မည်သို့ ပုံဖော်မည်နည်း။

**၂။** မူလာခရန်ကို မည်သို့ ပုံဖော်မည်နည်း။

**၃။** အဘွားသို့မဟုတ် မိခင်များထံမှ ဤပုံပြင်ကို ကြားသော မိန်းကလေးငယ်များအကြောင်း စဉ်းစားပါ။ (ပဒေါင်ယဉ်ကျေးမှုတွင် အမျိုးသမီးများသည် အစဉ်အဆက် ပုံပြောသူများ ဖြစ်ကြသည်)။ ၄င်းတို့ မူလာခရန်ကဲ့သို့ ဖြစ်ချင်မည်လား။ မူလာခရန်နှင့် တူချင်လျှင် မည်သည့်ဝိသေသလက္ခဏာများ လိုအပ်သနည်း။

**၄။** ဤပုံပြင်ကို ကြားသော ယောကျ်ားလေးငယ်များအကြောင်း စဉ်းစားပါ။ ၄င်းတို့ ခူးလာခရစ်ကဲသို့ ဖြစ်–ချင်ပါသလား။ ခူးလာခရစ်နှင့်တူရန် မည်သည့်လက္ခဏာရပ်များ လိုအပ်သနည်း။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

သင် ကလေးဘဝတွင် ပြောပြခံခဲ့ရသော ပုံပြင်များအကြောင်း စဉ်းစားကြည့်ပါ။ ပုံပြင်ထဲ တွင် အမျိုးသမီး ပါပါသလား။ သူတို့ ဘာလုပ်သနည်း။ သူတို့အား မည်သို့ ပုံဖော်ကြသနည်း။ ပုံပြင်ထဲတွင် ယောကျ်ားများ ဘာလုပ်သနည်း။ ၄င်းတို့အား မည်သို့ ပုံဖော်ထားသနည်း။ ငယ်ရွယ်သော ယောကျ်ားလေး၊ မိန်းကလေးများ ဤပုံပြင်ကြောင့် မည်သို့ သက်ရောက်မှုရှိသည်ဟု သင်ထင်သနည်း။ သင့် အတွေးအခေါ်များကို အတန်းထဲတွင် ထုတ်ဖော်ပါ။

**ဆွေးနွေးချက်**

ကလေးများ၏ ပညာရေးအတွက် ပုံပြင်များ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။
ပုံပြင်၊ လူမှုဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးများကြား ဆက်စပ်မှုမှာ အဘယ်နည်း။

## အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပညာရေး

ကမ္ဘာတစ်ဝှမ်းတွင် မိန်းကလေးများသည် ယောကျ်ားလေးများလောက် ကျောင်းတက်ခွင့် မရပေ။ အောက်ပါ ကိန်းဂဏန်းများကို ကြည့်ပါ။

– အသက် ၁၈ နှစ်အရွယ် ရောက်သည့်အချိန်တွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းနေသည့်နှစ် ပျမ်းမျှ ၄ ဒသမ ၄ နှစ်လောက် ပိုနည်းသည်။

– ကျောင်းလေးနှစ်မတိုင်မီ ကျောင်းထွက်လိုက်ရသော ကလေး၏ သုံးပုံတစ်ပုံမှာ မိန်းကလေးများ ဖြစ်ကြသည်။

– ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိန်းကလေးများသည် ယောကျ်ားလေးဦးရေ တစ်ဝက်ခန့်သာ အထက်တန်းပညာရေး သင်ကြားရသည်။ ကမ္ဘာတစ်ဝှမ်းတွင် သချ်ာနှင့်သိပ္ပံကျောင်းသားများအဖြစ် ကိုယ်စားပြုသူ အမျိုးသမီးအရေအတွက်မှာ ရာခိုင်နှုန်းအနည်းငယ်သာ ရှိသည်။

ကမ္ဘာ့အစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးပြီးကော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ အမျိုးသမီးများသည် ပညာရေးကို တူညီစွာ သင်ကြားခွင့်ရရန် ရုန်းကန်နေရဆဲ ဖြစ်သည်။



– အသက် ၁ နှစ်အောက်ကလေး သေဆုံးမှု နည်းသည်။

– ကလေးများ အစာ ပိုကောင်းကောင်း စားရသည်။

–မိသားစုထူထောင်ရာတွင်စနစ်ကျပြီး မိသားစုအရွယ်အစားလည်း သေးငယ်သည်။

– မိခင်ပညာတတ်သော ကလေးများသည် မိခင်ပံ့ပိုးမှုကြောင့် ကျောင်း၌ ပညာ ပိုထူးချွန်သည်။

– ပညာတတ်မိခင်များသည် ၄င်းတို့၏ ဆုံးဖြတ်ချက်များကို ခင်ပွန်းသည်များနှင့် ပိုမျှဝေသည်။

– ပညာတတ်မိခင်များသည် မိသားစုကို ထောက်ပံ့နိုင်သည့် ဝင်ငွေကောင်းသောအလုပ်ကို ရသည်။

– ပညာတတ်မိခင်မှ ပေါက်ဖွားလာသော သမီးများသည်လည်း ကိုယ်တိုင်ပညာတတ်ကာတိုးတက်မှုသံသရာ ဆက်လက်လည်ပတ်နေမည် ဖြစ်သည်။

ကမ္ဘာတစ်ဝှမ်း သုတေသနပြုချက်အရ မိသားစုထဲရှိ မိခင်ဖြစ်သူ ပညာတတ်ပါက ဘဝနေမှု ပိုမြင့်သည်။ ပညာတတ်သော်မိခင် အရေအတွက် များသည့် လူ့အဖွဲ့အစည်းတွင် အောက်ပါအကျိုးအမြတ်များ ရှိသည်။

ကမ္ဘာတစ်ဝှမ်းတွင် ဆင်းရဲမှုနှင့် မညီမျှမှုကို ရပ်တန့်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက **'သန်းပေါင်းများစွာသော ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ'**ဟု ခေါ်သော ရည်ရွယ်ချက် ၈ ခု–ကို သဘောတူခဲ့ကြသည်။ ထိုအထဲမှ တတိယရည်မှန်းချက်မှာ ၂၀၁၅ ခုနှစ် ရောက်သည့်အချိန်တွင် ယောကျ်ားလေး၊ မိန်းကလေး တူညီသောပညာရေး ရရှိနေရမည် ဖြစ်သည်။ အချို့နိုင်ငံများ ထိုစီမံကိန်းကို အခြေခံပညာရေးတွင် စတင်ကျင့်သုံးနေသည်ကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။

| **မူလတန်းပညာရေး တက်ရောက်သော မိန်းကလေး၊ ယောကျ်ားလေး အချိုး** | | |
|---|---|---|
| နိုင်ငံ | ၁၉၉၉ | ၂၀၀၅ |
| ဘင်္ဂလားဒေ့ရှ် | ၀.၉၈ | ၁.၀၂ |
| ကမ္ဘောဒီးယား | ၀.၉၅ | ၀.၉၄ |
| ချီလီ | ၀.၉၈ | ၀.၉၉ |
| ကျူးဘား | ၀.၉၅ | ၀.၉၉ |
| ချက်ဇ်ရီပက်ဘလစ် | ၀.၉၈ | ၁.၀၀ |
| အီဂျစ် | ၀.၉၆ | ၀.၉၆ |
| ဂျာမနီ | ၁.၀၀ | ၁.၀၀ |
| ဂူယားနား | ၁.၀၅ | ၀.၉၅ |
| အိန္ဒိယ | ၀.၈၃ | ၀.၉၄ |
| အီရန် | ၀.၉၉ | ၁.၂၉ |
| အီရတ် | ၀.၈၈ | ၀.၉၄ |
| လာအို | ၀.၈၉ | ၀.၉၂ |
| မော်လ်ဒိုက် | ၁.၀၁ | ၁.၀၇ |

| **မူလတန်းပညာရေး တက်ရောက်သော မိန်းကလေး၊ ယောကျ်ားလေး အချိုး** | | |
|---|---|---|
| မွန်ဂိုလီးယား | ၁.၀၀ | ၁.၀၀ |
| မော်ရကို | ၀.၉၄ | ၀.၉၆ |
| မြန်မာ | ၁.၀၂ | ၀.၉၉ |
| နီပေါ | ၀.၇၆ | ၁.၀၀ |
| နော်ဝေ | ၀.၉၈ | ၁.၀၁ |
| ဖိလစ်ပိုင် | ၀.၉၅ | ၀.၉၄ |
| ပိုလန် | ၀.၉၉ | ၁.၀၀ |
| ရဝန်ဒါ | ၀.၉၇ | ၁.၀၀ |
| တောင်အာဖရိက | ၀.၉၈ | ၀.၉၅ |
| တောင်ကိုရီးယား | ၁.၀၂ | ၁.၀၀ |
| ဆွီဒင် | ၀.၉၈ | ၀.၉၉ |
| အမေရိကန် | ၀.၉၅ | ၀.၉၈ |
| ဗန်နူယာတာ | ၁.၀၀ | ၀.၉၆ |
| | | |

**ရွေးချယ်ထားသော နိုင်ငံများ၌ မူလတန်းပညာရေး တက်ရောက်မှု**

## ဆွေးနွေးချက်

ဤမေးခွန်းများကို ဖြေပါ။

**၁။** ၂၀၀၅ ခုနှစ်တွင် မည်သည့်နိုင်ငံများသည် မူလတန်းပညာရေး၌ တူညီသော ပညာရေးပေးရန်ဆိုသည့် ပန်းတိုင်ကို ရောက်သနည်း။

**၂။** ၁၉၉၉ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ကြားတွင် မည်သည့်နိုင်ငံများက ရည်မှန်းချက်အထမြောက်အောင် စီမံကိန်းများ လုပ်ဆောင်သနည်း။

**၃။** ဇယားကို ကူးပြီး အချက်အလက်များကို အသုံးချကာ ဖြည့်စွက်ပါ။

| ၂၀၀၅ ခုနှစ်တွင် မူလတန်းပညာရေး၌ယောကျာ်းလေးဦးရေကမိန်းကလေးထက် ဦးရေများနေသော နိုင် ငံများ | ၂၀၀၅ခုနှစ်တွင်မူလတန်းပညာရေး၌ယောကျာ်းလေး၊ မိန်းကလေးဦးရေ ညီမျှနေသော နိုင်ငံများ | ၂၀၀၅ခုနှစ်တွင်မူလတန်းပညာရေး ၌မိန်းကလေး ဦးရေကမိန်းကလေးဦးရေထက် ပိုများသော နိုင်ငံများ |
|---|---|---|
| | | |
| | | |
| | | |

**၄။** သင့်ဇယားမှ အချက်အလက်များအကြောင်း စာကြောင်း သုံးကြောင်း ရေးပါ။

## ယောကျာ်းလေးများ ဖြစ်သင့်သလောက် မအောင်မြင်ခြင်း

အချို့နိုင်ငံများတွင် ယောကျာ်းလေးများ ဖြစ်သင့်သလောက် မတော်ခြင်း ပြဿနာ ရှိနေသည်။ ဥပမာ အင်္ဂလန်တွင် မိန်းကလေးများသည် အဆင့်တိုင်း၌ ယောကျာ်းလေးများထက် ပိုတော်နေသည်။ ဘာသာစကားနှင့် လူမှုသိပ္ပံဘာသာရပ်များတွင် ကွာခြားချက်မှာ များစွာကြီးသော်လည်း ရိုးရာ ယောကျာ်း ဘာသာရပ်များဟု သတ်မှတ်ထားသည့် သင်္ချာနှင့် သိပ္ပံဘာသာရပ်များတွင်လည်း မိန်းကလေးများက ပို တော်နေသည်။ ပျမ်းမျှ ယောကျာ်းလေးများ အထက်တန်းတက်သည့်အချိန်သည်

- **စကားပြောနှင့် နားထောင်စွမ်းရည်အတန်းများ၌ မိန်းကလေးများထက် ၁၁ လ နောက်ကျ၍လည်းကောင်း**
- **စာအရေးအသားတွင် ၁၂ လနောက်ကျ၍လည်းကောင်း**
- **အတွက်အချက်တွင် ၆ လ နောက်ကျ၍လည်းကောင်း ဖြစ်သည်။**

## ယောကျာ်းလေးများ ထိုသို့ ဖြစ်သင့်သလောက် မအောင်မြင်ခြင်းအတွက် သီအိုရီအမျိုးမျိုး ရှိသည်။ ထိုသီအိုရီများမှာ

ယောကျာ်းလေးများသည် စာမေးပွဲနီးမှ စာကြိုးစားသည့်အချိန် မိန်းကလေးများသည် တစ်နှစ်ပတ်လုံး ကြိုးစားသည့် သက်သေသာဓကများ ရှိသည်။

ယောကျာ်းလေးများသည် မိန်းကလေးများထက် အပြုအမူဆိုင်ရာ ပြဿနာရပ်များပိုရှိပြီး မကြာခဏ ဒုက္ခရောက်တတ်ကြသည်။

**တစ်ဖက်သတ်အမြင်။** ယောကျာ်းလေးအများအပြားအတွက် ကျောင်း၌ စာတော်ခြင်းက 'မမိုက်'။ အားကစားတွင် ထူးချွန်ခြင်းက ပို၍ အရေးပါသည်။

**စံပြပုဂ္ဂိုလ်များ။** မူလတန်းဆရာ အများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ ထို့ကြောင့် ယောကျာ်းလေးများအတွက် အမျိုးသားစံပြပုဂ္ဂိုလ် မရှိချေ။

မိန်းကလေးများသည် ၎င်းတို့၏ သင်ခန်းစာကို ပို၍အလေးစိုက်သောကြောင့် ယောကျာ်းလေးများထက် ငယ်ငယ်ရွယ်ရွယ်နှင့် ပိုရင့်ကျက်သည်ဟု လူအများအပြားက ယုံကြည်ကြသည်။

## ကျောင်းရှိ မိန်းကလေးများ

ယောကျ်ားလေးများ ထင်သလောက် မဖြစ်ထွန်းခြင်းသည် ပြဿနာ ဖြစ်နိုင်သော်လည်းနိုင်ငံအများအပြားတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် အထူးသဖြင့် သိပ္ပံနှင့်သင်္ချာတွင် အဆင့်ပိုနိမ့်တတ်သည်။ ယောကျ်ားလေးနှင့် မိန်းကလေး ကျောင်း၌ စာသင်ကြားတတ် မြောက်ပုံခြင်း ကွာခြားရသည့် အကြောင်းရင်းများစွာ ရှိသည်။ ကျွန်ုပ်တို့ ထိုအထဲမှာ အရေးကြီးသည့်အချက်များကို လေ့လာကြည့်ကြပါစို့။

မိန်းကလေးတစ်ဦး ကျောင်း၌ အောင်မြင်ရန် ပထမဆုံးကြုံတွေ့ရသည့် အတားအဆီးမှာ ကိုယ်တွင်းမှ ဖြစ်သည်။ သုတေသနပြုချက်များအရ များသောအားဖြင့် မိန်းကလေးများသည် ကိုယ့်ကိုယ်ကို ယုံကြည်မှု နည်းပါးသည်။ ၄င်းတို့သည် ယောကျ်ားလေးများနှင့်တန်းတူ ဉာဏ်ရည်ထက်မြက်သည်ဟု မယုံကြည်ကြသောကြောင့် တစ်လှန်းနောက်ဆုတ်နေလေ့ ရှိသည်။ ထိုယုံကြည်မှုသည် ဆိုရှယ်လိုင်ဖေးရှင်း၊ အင်တာနေရှင်နယ်လိုက်ဖေးရှင်း၊ မိသားစု၊ "လေ့ထုံးတမ်း၊ အသိုင်းအဝိုင်းနှင့် မိန်းကလေးတို့၏ ကိုယ်ပိုင်အတွင်းစိတ်မှ လာခြင်း ဖြစ်သည်။

ကံဆိုးစွာပင် ဆရာများကိုယ်တိုင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ဉာဏ်ရည်ပိုထက်မြက်သည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်ချက်ကြောင့် စာသင်ခန်းအတွင်းတွင် ယောကျ်ားလေးနှင့် မိန်းကလေးများကို ခွဲခြားဆက်ဆံသည်။ သတိမထားမိဘဲ အချို့ဆရာများသည် ယောကျ်ားလေးများကို ပိုအာရုံထားကာ ၄င်းတို့၏ လုပ်ဆောင်မှုများကို ပို အသိအမှတ်ပြုသည်။ အချို့ဆရာများက မိန်းကလေးများထက် ယောကျ်ားလေးများကို မေးခွန်း ပိုမေးသည်။ထို့ပြင် ယောကျ်ားလေးများသည် လူအများကြား၌ ကျယ်လောင်စွာပြောဆိုတတ်ပြီးမိန်းကလေးများမှာတိတ်ဆိတ်ယဉ်ကျေးတတ်ကြသည်။ ထို့ကြောင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် ဆရာများ၏ အာရုံစိုက်မှုကို ခံရနိုင်ခြေ ပိုများသွားသည်။

အိမ်တွင်းပတ်ဝန်းကျင်ကလည်း ကလေးများ၏ ပညာရေးအောင်မြင်မှုကို ကြီးစွာ သက်ရောက်မှု ရှိသည်။ ယောကျ်ားလေးနှင့် မိန်းကလေးများသည် မိသားစုထဲတွင် ကွဲပြားသော အခန်းကဏ္ဍမှ ပါဝင်သည်။ မိန်းကလေးများသည် အိမ်ထဲ လုညှပတ်ကူညီရပြီး ချက်ပြုတ်ခြင်း၊ လျှော်ဖွတ်ခြင်းများအတွက် အချိန်ပေးရသည်။ ၄င်းတို့၏ အစ်ကိုနှင့် ညီများမှာမူ လွတ်လပ်စွာ စာလုပ်ခွင့်၊ အိမ်စာပြီးမြောက်ခွင့် ရှိသည်။

ကလေးများသာမက ၄င်းတို့၏ မိဘ၊ ဆရာ၊ ကျောင်းများသည်လည်း ယောကျ်ားလေး၊ မိန်းကလေးတို့၏ ပညာရေးအပေါ် ကွဲပြားစွာ ပံ့ပိုးပေးကြသည်။ ကျောင်းများက မိန်းကလေးများကို ယောကျ်ားလေးများနှင့် ကွဲပြားသော ဘာသာရပ်များ သင်ယူရန် အားပေးသည်။ ယောကျ်ားလေးများက သင်္ချာနှင့် သိပ္ပံဘာသာရပ်များ သင်ယူနေချိန်တွင် မိန်းကလေးများသည် များသောအားဖြင့် အိမ်တွင်းစီးပွားရေး၊ အပ်ချုပ်ခြင်း၊ စာစီစာရိုက်ခြင်း စသည်တို့ကို သင်ယူကြသည်။

ဘာသာရပ်ရွေးချယ်မှုက မိန်းကလေးတို့၏ ဘဝကို နောက်ပိုင်း လေးဖင့်သွားစေသည်။ ကျောင်းများက မိန်းကလေးများ သူနာပြုခြင်း၊ စာသင်ခြင်း သို့မဟုတ် ဆိုင်၌အလုပ်လုပ်ခြင်း စ သည့် အလုပ်အကိုင်များအတွက် ပြင်ဆင်ပေးသည်။ ထိုအလုပ်များသည် ဝင်ငွေနည်းသောအလုပ်များ ဖြစ်သည်။ ယောကျ်ားလေးများက ဝင်ငွေများသည့် ဆေးပညာ၊ ဥပဒေ၊ အင်ဂျင်နီယာ စသည့် အလုပ်များအတွက်

ရည်မှန်းသင်ကြားပေးခြင်းခံရသည်။ ထို့ကြောင့် ညီမျှသောပညာရေးဆိုသည်မှာ ယောကျ်ားလေး၊မိန်းကလေး အရေအတွက် ညီမျှစွာ ကျောင်းသွားခြင်းထက် များစွာ အဓိပ္ပာယ်ပိုသည်။ ညီမျှသောပညာရေးတွင် ကျောင်းနေစဉ် တူညီသော ပညာရေးအဆင့်အတန်းရရှိရေး၊ ကျောင်းထွက်ချိန်တွင်လည်း တူညီသောအခွင့်အရေး ရရှိရေး စသည်တို့ပါ ပါဝင်သည်။

**ယောကျ်ားနှင့်မိန်းမများ အဘယ့်ကြောင့် တူညီစွာ ပညာတတ်ရမည်နည်း။ အောက်ပါများသည် တွေ့နေကြ အကြောင်းပြချက်များ ဖြစ်သည်။**

- **လူတိုင်း အခြေခံလူ့အခွင့်အရေး ရရမည်။ ပညာရေးသည် လူတို့၏ အခွင့်အရေးဖြစ်သည်။**
- **အမျိုးသမီးများသည် ယောကျ်ားများနှင့် တန်းတူ ဉာဏ်ထက်မြက်သည်။ မိန်းကလေးများ ပညာမတတ်ပါက အသိုင်းအဝန်း သို့မဟုတ် နိုင်ငံ၏ ဖြစ်နိုင်စွမ်းတစ်ဝက်သည် အလဟဿ ဖြစ်သွားမည်။**
- **နိုင်ငံတစ်နိုင်ငံတိုးတက်ရန် နိုင်ငံသားတို့၏ စွမ်းရည်နှင့် လုပ်နိုင်စွမ်း လိုအပ်သည်။**
- **အမျိုးသမီးများ တူညီသော အခွင့်အရေးများ ရလျှင် ယောကျ်ားများ ထမ်းဆောင်နေရသော တာဝန်များအား ခွဲဝေယူပေးနိုင်မည်။ ဤနည်းအားဖြင့် ယောကျ်ားရော မိန်းမပါ အကျိုးအမြတ် ရှိမည်။**

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

နောက်ဆုံးစာပိုဒ်ဖြစ်သည့် ယောကျ်ားလေးနှင့် မိန်းကလေး အဘယ့်ကြောင့် တူညီသောပညာရေး ရရှိသင့်သည် ဆိုသည့် အကြောင်းပြချက်များကို အလေးထားပါ။ ထိုအကြောင်းပြချက်များကို သင် သဘောတူပါသလား။ သင့်အမြင်တွင် ဘယ်အချက်က အရေးအပါဆုံး အကြောင်းပြချက်နည်း။ အမျိုးသမီးများအတွက် တူညီသောပညာရေးနှင့်ပတ်သက်၍ ငြင်းခုံချက် (ထောက်ခံသည်ဖြစ်စေ၊ ကန့်ကွက်သည်ဖြစ်စေ) ထပ် မံဖြည့်စွက်ပါ။

**ချာမူနှင့် ဘာရှီဘာ ဆိုသည့် မိန်းကလေးနှစ်ဦး ကျောင်းသို့ အတူသွားသည်။ ၎င်းတို့နှစ်ဦးလုံး အသက် ၉ နှစ်ရှိပြီ ဖြစ်ပြီး တစ်ရွာတည်းမှ လာသူများ ဖြစ်သည်။ သို့သော် ထိုမိန်းကလေးနှစ်ဦးကြား ကွာခြားချက် များစွာ ရှိသည်။**

**ချာမူ၏မိခင်မှာ အထက်တန်းကျောင်းအောင်ထားသူ ဖြစ်ပြီး ရွာရှိ ကျောင်းတွင် ကျောင်းဆရာမ လုပ်သည်။ နေ့စဉ်နေ့တိုင်း ချာမူ့အမေသည် ကျောင်းမှ အိမ်ပြန်ရောက်သောအခါ ချာမူ၏ အိမ်စာများကို စစ်ပေးသည်။ ညစာစားပြီးသော အခါတွင်လည်း ပန်းကန်များကို ဝိုင်းကူတွက်ပေးသည်။ ချာမူဖခင်က မိ–ခင် အတွက်ချက်ပြုတ်လျှော်ဖွတ်ခြင်းများ ကိုဝိုင်းကူသည်။ညစဉ်ညတိုင်းချာမူအိပ်ရာမဝင်အဖေကပုံပြင်ဖတ်ပြသည်။**

**ဘာရှီဘာ၏မိခင်သည် ဈေးတွင် မုန့်ပဲသရေစာရောင်းသည်။ နေ့တိုင်း အိမ်သို့ မောပန်းစွာ ပြန်လာသည်။ ဘာရှီဘာအား အိမ်အတွက် ထမင်းဟင်း ချက်ခိုင်းသည်။ မနက်ဆိုလျှင် ဘာရှီဘာသည် အစောကြီးထကာ မီးဖိုပြီး မနက်စာပြင်သည်။ သူမသည် အတန်းတွင်းတွင် မကြာခဏ အိပ်ပျော်ပျော်သွားတတ်သည်။ ကျောင်းမှ အိမ်သို့ ပြန်ရာလမ်းတွင် ဘာရှီဘာသည် ဈေးဝင်၍ ညစာအတွက် ဝယ်ခြမ်းရသည်။ နောက် မိခင်ကို ထမင်းဟင်းချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများတွင် ဝင်ကူသည်။ တစ်ခါတရံ ညစာစားပြီးချိန်၌ သူ့မိခင် နောက်တစ်နေ့ ဈေးတွင် မုန့်ရောင်းနိုင်ရန် ဝိုင်းပြင်ဆင်ပေးသည်။ သူမဖခင်သည် အိမ်သိပ်မကပ်ပါ။ တစ်ခါတရံ သူမ အိမ်စာပြီးအောင် လုပ်ချိန်မရသောအခါတွင် ဖခင်ဖြစ်သူ၏ အကူအညီလုံးဝ မရသလောက်ပင် ဖြစ်သည်။**

## လေ့ကျင့်ခန်းများ

အထက်ပါ အကြောင်းအရာလေ့လာခြင်းနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေပါ။

**၁။** ဤမိန်းကလေးနှစ်ယောက်မှ တစ်ယောက်သည် အခြားတစ်ယောက်လောက် ဉာဏ်ရည်မထက်မြက်ဟု သင်ထင်ပါသလား။ ၎င်းတို့နှစ်ယောက်သည် စာသင်ခန်းထဲမှ ယောကျ်ားလေးများလောက် ဉာဏ်ရည်မကောင်းဘူးလား

**၂။** တစ်နှစ်ကုန်ဆုံးချိန်တွင် မည်သည့်အယောက်က အမှတ်ကောင်းကောင်း ပိုရမည်ဟု သင်ထင်သနည်း။ အဘယ့်ကြောင့်နည်း။

**၃။** မိန်းကလေးနှစ်ဦးစလုံး မည်သည့်ပြဿနာများနှင့် ရင်ဆိုင်ရသနည်း။တစ်ယောက်ချင်းကမည်သည့် ပြဿနာများနှင့် ရင်ဆိုင်ရသနည်း။

**၄။** ကျောင်း၌ မိန်းကလေးများအတွက် အပြောင်းအလဲကို မည်သူလုပ်ဆောင်ပေးနိုင်သနည်း။ မိန်းကလေးများ အောင်မြင်ရန် မည်သည့်အရာက အကူအညီပေးမည်နည်း။

**၅။** မိန်းကလေးနှစ်ယောက်လုံး ကျောင်း၌ အောင်မြင်မှု ရနိုင်သည့် တူညီသောအခွင့်အရေး ရှိပါသလား။ အဘယ့်ကြောင့်နည်း။ ၎င်းတို့နှစ်ယောက်သည် ယောကျ်ားလေးအများစုနှင့် တူညီသောအခွင့်အရေး ရပါသလား။

## လေ့ကျင့်ခန်းများ

**၁။** ဖြစ်နိုင်လျှင် အနီးအနားရှိ ကျောင်းတစ်ကျောင်းသို့သွားကာ စာသင်ခန်းအချို့ကို စူးစမ်းကြည့်ပါ။ ပုံဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်းများကို အသုံးပြုကာ အောက်ပါအချက်အလက်များကို မှတ်တမ်းလုပ်ပါ။

ယောကျ်ားလေးများ မည်သည့်နေရာတွင် ထိုင်သနည်း။ မိန်းကလေးများ မည်သည့်နေရာတွင် ထိုင်သနည်း။

**ဆရာ စာသင်သည့်အချိန်တွင် မည်သည့်ဘက် မျက်နှာလှည့်ထားသနည်း။**
**ဆရာက ယောကျ်ားလေးကို မေးခွန်းမည်မျှ မေးသနည်း။ မိန်းကလေးကို မေးခွန်းမည်မျှ မေးသနည်း။**
**မိန်းကလေးမည်မျှက ဆရာမေးသည့်မေးခွန်းကို ဖြေရန် လက်ထောင်ပြသနည်း။**
**ယောကျ်ားလေးမည်မျှကကော ဆရာမေးသည့်မေးခွန်းကို လက်ထောင်ပြသနည်း။**

**၂။** ဖြစ်နိုင်လျှင် ကျောင်းတက်နေသည့် ကလေးရှိသော သင့်အသိမိသားစုများကို အလည်သွားကြည့်ပါ။ အထူးသဖြင့် ညနေခင်းတွင် သွားပါ။ အောက်ပါအချက်အလက်များကို မှတ်တမ်းလုပ်ပါ။

အိမ်အတွင်း ယောကျ်ားလေးနှင့် မိန်းကလေးများ မည်သည်များ လုပ်နေသနည်း။

**ကလေးများ ကျောင်းအိမ်စာများ လုပ်နေချိန် မိဘများ မည်သည်များလုပ်နေသနည်း။**
**အိမ်ရှိ ယောကျ်ားလေးနှင့် မိန်းကလေးတို့၏ အမှတ်ရလဒ်များ ကွာခြားမှု ရှိပါသလား။**

**၃။** ဖြစ်နိုင်လျှင် သင့်အသိုင်းအဝိုင်းရှိ ကျောင်းတစ်ကျောင်း၏ စီမံချက်ဖွဲ့စည်းပုံကို စူးစမ်းလေ့လာကြည့်ပါ။ ထို့နောက်အောက်ပါအချက်အလက်များကို စုဆောင်းပါ။

**ကျောင်းတွင် ဆရာဦးရေ မည်မျှ ရှိသနည်း။ အမျိုးသားမည်မျှနည်း၊ အမျိုးသမီးဦးရေ မည်မျှနည်း။**
**ကျောင်းအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှ ရှိသနည်း။**

ကျောင်းတွင် ဆုံးဖြတ်ချက်ပိုင်ခွင့်ကို မည်သူများ ရထားသနည်း။ အမျိုးသား၊ အမျိုးသမီးအရေအတွက် မည်မျှနည်း။

## သင်ခန်းစာပြန်လည်လေ့လာခြင်း

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

**၁။** ယောက်ျားနှင့်မိန်းမ တူညီသောပညာရေးရမည်ဆိုလျှင် လူ့အဖွဲ့အစည်း မည်သည့်အကျိုးကျေးဇူးများ ရမည်နည်း။

**၂။** မိန်းကလေးများ ကျောင်းတွင် အောင်မြင်ရန် ဟန့်တားနေသော အတားအဆီးအချို့ကို ဖော်ပြပါ။

**၃။** သင်ပညာသင်ကြားနေစဉ် ကြုံတွေ့ရသော ယောက်ျားမိန်းမ မညီမျှခြင်းနှင့်ပတ်သက်၍ ကိုယ်ပိုင်အတွေ့အကြုံများကို ဖော်ပြပါ။

# ၈။ နိဂုံး

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

"ယောက်ျားများသည် ဆင်၏ ရှေ့ခြေနှစ်ချောင်းဖြစ်ပြီး မိန်းမများသည် ဆင်၏ နောက်ခြေနှစ်ချောင်းဖြစ်သည်"

**ထိုင်းစကားပုံ**

ဤစကားပုံ၏အဓိပ္ပာယ်မှာ အဘယ်နည်း။ သင် သဘောတူပါသလား။ သင့်ဓလေ့တွင်လည်း ဤစကားပုံနှင့် တူညီသော အတွေးအခေါ် ရှိပါသလား။ ဤစကားပုံနှင့် အောက်ပါတို့ကို မည်သို့ ဆက်စပ်နိုင်သနည်း။

**၁။ အလုပ်**

**၂။ မိသားစု**

**၃။ အသိုင်းအဝိုင်း**

**၄။ နိုင်ငံရေး**

**၅။ ပညာရေး**

## လေ့ကျင့်ခန်းများ

"အင်အားရှိသော ယောက်ျားများသည် အပြောင်းအလဲမြန်သူများ ဖြစ်သည်။ ထိခိုက်လွယ်သူများလည်း ဖြစ်သည်။ အလွယ်တကူ နာကျင်တတ်သည်၊ ရှက်တတ်သည်။ ၎င်းတို့သည် ဘဝ၏ တရားမမျှတမှုကို ရင်–ဆိုင်နိုင်စွမ်း နည်းသည်။ ယုံကြည်လွယ်သူများဖြစ်သည်။ အခြားသူများ၏ လှည့်ဖျားခြင်းကို အလွယ်တကူ ခံရတတ်သည်။ အမျိုးသမီးများသည် ထိန်းသိမ်းသူ၊ လမ်းညွှန်သူ ဖြစ်သည်။ လှည့်ဖျားခြင်း အလွယ်တကူ မခံရ။ ငြိမ်နိုင်းသူ၊ ကုန်သွယ်သူ ဖြစ်သည်။ ခက်ခဲသော အခြေအနေများကို စောင့်ရှောက်သူ၊ ခင်ပွန်းဖြစ်သူကို အချိန်တိုင်း အကြံဉာဏ်ပေးသူ၊ ကုန်သွယ်ရေးအတွက် ဈေးတည့်အောင်လုပ်ပေးသူ ဖြစ်သည်။"

**မိမိခိုင်**

မီမီခိုင်သည် လူ့ယဉ်ကျေးမှုအကြောင်း လေ့လာသူ မြန်မာတစ်ဦး ဖြစ်ပြီး ၁၉၄၀ မှ ၁၉၅၀ ကြား ကြီးပြင်းလာသူ ဖြစ်သည်။ 'မြန်မာအမျိုးသမီးများ'ဆိုသည့် သုမစာအုပ်ထဲတွင် မြန်မာနိုင်ငံရှိ ရိုးရာ ယောက်ျားမိန်းမ ဆက်ဆံမှုကို ဖော်ပြထားသည်။

**၁။ ဤစာပိုဒ်ကို သင်၏ ကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြ။**
**၂။ ထို ယောက်ျားမိန်းမ ဆက်ဆံရေးသည် ၂၁ ရာစုတွင် အကြုံးဝင်သေးသည်ဟု သင်ထင်ပါသလား။ အမြင်နှင့် ယုံကြည်မှုများသည် မည်သို့မည်ပုံ ပြောင်းလဲနေသည်း။ မည်သည့်နည်းဖြင့် ၎င်းတို့ တူညီကြသနည်း။**

## အတန်းတွင်းလေ့ကျင့်ခန်း

အောက်စ်ဖို့ ဝက်ဗ်ပါဝါ အဘိဓာန်တွင် 'ညီမျှသော'ကို ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

'သင်ကဲ့သို့ တူညီသော လုပ်နိုင်မှု၊ အခွင့်အရေး ရသည့်သူ'

အောက်ပါ အကြောင်းအရာကို ငြင်းခုံမှုတစ်ခု လုပ်ပါ။
**'အမျိုးသမီးများနှင့် အမျိုးသားများသည် ညီမျှသည်'**

စာအုပ်တစ်ခုလုံးမှာ သင် သင်ကြားထားသော အချက်အလက်၊ အတွေးအခေါ်များနှင့် အခြား အချက်အလက်၊ အတွေးအခေါ်များကို အသုံးချ၍ အထက်ပါ အဆိုကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း ငြင်းခုံပါ။